# ၂၃ ကြိမ်မြောက်နှစ်ပတ်လည် အမျိုးသမီးနှီးနှောဖလှယ်ပွဲမှတ်တမ်း

မတ်လ ၅-၉ ရက်နေ့ ၊ ၂၀၂၄ခုနှစ်

“အမျိုးသမီးများအားလုံးပါဝင်ဖို့ လှုံ့ဆော်ခြင်း”



ရောင်းရန်မဟုတ်ပါ။

Burmese Version

# အမျိုးသမီးနိုးနှောဖလှယ်ပွဲမှတ်တမ်း

# အမျိုးသမီးများအားလုံးပါဝင်ဖို့ လှုံ့ဆော်ခြင်း

# (၂၃) ကြိမ်မြောက် အမျိုးသမီးနိုးနှောဖလှယ်ပွဲ

မတ်လ ၅–၉၊ ၂၀၂၄ခုနှစ်

# မာတိကာ


- ထုတ်ဝေသူ၏အမှာစာ ........ ၃
- (၂၃) ကြိမ်မြောက် အမျိုးသမီးနှီးနှောဖလှယ်ပွဲ အမျိုးသမီးများအားလုံးပါဝင်ဖို့လှုံ့ဆော်ခြင်း ........ ၃
- ဖွင့်ပွဲအခမ်းအနားနှင့် အဖွင့်အမှာစကား ........ ၄
- ဒေသအသီးသီးမှ အမျိုးသမီးများအစီရင်ခံစာ ........ ၅
- နံနက်ခင်းမျက်နှာစုံညီအစီအစဉ် ........ ၁၀
- သင်တို့အလုပ်၊ သူတို့အကျိုးအမြတ် ........ ၂၁
- အိမ်တွင်းအလုပ်သမား အသင်းအဖွဲ့ ဖွဲ့စည်းခြင်း အပိုင်း (၁) ........ ၂၇
- ပြောင်းလဲမှုအတွက် ခြေလှမ်းများ ........ ၃၁
- အပြုသဘောဆောင်သော စည်းကမ်းများဖြင့် သားသမီးများကို ပြုစုပျိုးထောင်ခြင်း အပိုင်း (၁) ........ ၃၃
- အပြုသဘောဆောင်သော စည်းကမ်းများဖြင့် သားသမီးများကို ပြုစုပျိုးထောင်ခြင်း အပိုင်း (၂) ........ ၄၀
- စည်းရုံးလှုံ့ဆော်ခြင်း ........ ၄၄
- အိမ်တွင်းအလုပ်သမား အသင်းအဖွဲ့ ဖွဲ့စည်းခြင်း အပိုင်း (၂) ........ ၄၉
- အသေးစားငွေစုငွေချေးလုပ်ငန်း ........ ၅၃
- ရိုးရာပါတီည ........ ၅၇
- လန်းဆန်းပျော်ရွှင်သုတစုံလင် ........ ၅၈
- အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားနှင့် ချီတက်လမ်းလျှောက်ခြင်းအစီအစဉ် ........ ၅၉
- ပြန်လည်သုံးသပ်ခြင်းနှင့်ရှေ့လုပ်ငန်းစဉ်များ ........ ၆၅




# ထုတ်ဝေသူ၏အမှာစာ

ဤစာအုပ်သည် ၂၀၂၄ ခုနှစ် မတ်လ ၅ ရက်နေ့မှ ၉ ရက်နေ့အတွင်း ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ၂၃ ကြိမ်မြောက် နှစ်ပတ်လည် အမျိုးသမီးနိုးနှောဖလှယ်ပွဲ၏ မှတ်တမ်းများကို စုစည်းပြီးထုတ်ဝေသော မဂ္ဂဇင်း စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်တွင် အမျိုးသမီးနိုးနှော ဖလှယ်ပွဲ၏ အခန်းကဏ္ဍ ပေါင်းစုံတို့မှ ဆွေးနွေး ခဲ့သောအကြောင်းအရာများကို စုစည်းထားပါသည်။ စာအုပ်ထဲတွင်ပါဝင်သောအကြောင်းအရာများကို ဖတ်ရှုလေ့လာပြီး၊ အမျိုးသမီးဆွေးနွေးပွဲများတွင်သော်လည်းကောင်း၊ အမျိုးသမီးများ စွမ်းရည် မြှင့်တင်ရေးသင်တန်းများတွင်သော်လည်းကောင်း ပြန်လည်အသုံးပြုနိုင်ရန်အတွက်လည်း ရည်ရွယ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးနှင့် အမျိုးသမီးနိုးနှောဖလှယ်ပွဲဖြစ်မြောက်အောင် ကူညီပံ့ပိုး ပေးသောအလှူရှင်၊ဦးဆောင်ဆွေးနွေးသူများ၊ အချက်အလက်များကို မှတ်တမ်းတင်ပေးသောညီမများ၊ အမျိုးသမီးပွဲသို့လာရောက်ပါဝင်ပေးကြသောညီမများနှင့် မက်ပ်ဖောင်ဒေးရှင်းမှ ညီမများအားလုံးကို အထူးပဲ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ဖော်ပြလိုပါသည်။

# (၂၃) ကြိမ်မြောက် အမျိုးသမီးနိုးနှောဖလှယ်ပွဲ အမျိုးသမီးများအားလုံးပါဝင်ဖို့လှုံ့ဆော်ခြင်း

နှစ်စဉ် မတ်လ ၈ ရက်နေ့မှာကျရောက်တဲ့ နိုင်ငံတကာ အမျိုးသမီးများနေ့နှင့် အမျိုးသမီးနိုးနှောပွဲကို မက်ပ်ဖောင်ဒေးရှင်းက ထိုင်းနိုင်ငံထဲတွင် အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအတွက်ပြုလုပ်လာတာယခု ၂၀၂၄ ခုနှစ်မှာ ၂၃ ကြိမ်မြောက်ရှိခဲ့ပါပြီ။ ထိုင်းနိုင်ငံတွင်းနယ်စပ်ဒေသ ၁၇ ဒေသ အပါအဝင်နှင့် မြန်မာပြည်တွင်းမှ Three Good Spoons အဖွဲ့နှင့် မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ညီမများ၊ ကမ္ဘောဒီးယားမှ ကွန်စရီအဖွဲ့နှင့် Gender and Development for Cambodia အဖွဲ့မှ ညီမများလည်း လာရောက်ပါဝင်ကြပြီး၊ အမျိုးသမီးစုစုပေါင်း ၁၃၀ ပါဝင်တက်ရောက်ကြပါတယ်။ တက်ရောက်လာသူ အမျိုးသမီးများက မိမိတို့ဒေသတွင်း ကြုံတွေ့ရသော အခက်အခဲ၊ လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံခံရမှုများ၊ အလုပ်သမားနှင့်စပ်ဆိုင်သည့် နိုင်ငံကူးလက်မှတ်နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များအကြောင်း နှင့်၊ ဒေသတွင်းကြုံတွေ့ရတဲ့ အိမ်တွင်းအကြမ်းဖက်မှုများကို ကူညီဖြေရှင်းပြီး၊ အောင်မြင်ကျော်လွှားခဲ့ရကြောင်း စတဲ့သတင်းအချက်အလက် တွေကို အချင်းချင်းဖလှယ်ကြပါတယ်။

အမျိုးသမီးနိုးနှောဖလှယ်ပွဲမှာပါဝင်ပြီးနောက်အမျိုးသမီးများက ပြောရဲဆိုရဲရှိလာခြင်း၊ ကျန်းမာရေးဆိုင်ရာဗဟုသုတများရရှိလာပြီး ကိုယ့်ဒေသတွင်းရှိအမျိုးသမီးများကို ပြန်လည်ဝေမျှခြင်း၊ အလုပ်သမားရေးရာနှင့်ပတ်သက်တဲ့ ဥပဒေအကြောင်းအရာတို့ကိုပိုမိုသိရှိလာပြီး အမျိုးသမီးစွမ်းရည်များ မြှင့်တက်လာခြင်း၊ စတဲ့အကျိုးကျေးဇူးများလာရှိလာတယ်လို့ တက်ရောက်သူ အမျိုးသမီးများက ဝေမျှခဲ့ကြပါတယ်။

ဒီနှစ် အမျိုးသမီးနိုးနှောဖလှယ်ပွဲကြီးရဲ့ ခေါင်းစဉ်က **"အမျိုးသမီးများအားလုံးပါဝင်ဖို့ လှုံ့ဆော်ခြင်း"**ပဲ ဖြစ်ပါတယ်။

# ဖွင့်ပွဲအခမ်းအနားနှင့် အဖွင့်အမှာစကား

ဒေသအသီးသီးက ရောက်ရှိလာကြတဲ့ ညီမများကို လှိုက်လှဲစွာကြိုဆိုပါတယ်။ မက်ပ်ဖောင်ဒေးရှင်းက အမျိုးသမီးနှီးနှောဖလှယ်ပွဲကိုကျင်းပလာတာ ၂၀၂၄ ခုနှစ်မှာ ၂၃ ကြိမ်မြောက်ရှိပါပြီ။ အမျိုးသမီးနှီးနှောဖလှယ်ပွဲကို မက်ပ်ဖောင်ဒေးရှင်း တည်ထောင်သူဂျက်ကီပိုလောဒ့်က၊ထိုင်းနိုင်ငံတွင်းရှိရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများကိုတစ်နေရာထဲမှာတွေ့ဆုံပြီး၊ အတွေ့အကြုံ အသိပညာများဖလှယ်နိုင်ဖို့ ရည်ရွယ်ပြီး ၂၀၀၁ ခုနှစ်မှ စတင်ပြီး၊ အမျိုးသမီးနှီးနှောဖလှယ်ပွဲကို ပြုလုပ်ခဲ့ပါတယ်။ ဒီနှစ်အမျိုးသမီးနှီးနှောဖလှယ်ပွဲရဲ့ခေါင်းစဉ်ကို “Inspire Inclusion” “အမျိုးသမီးများအားလုံးပါဝင်ဖို့ လှုံ့ဆော်ပေးခြင်း” လို့ ရွေးချယ်ထားပါတယ်။

အမျိုးသမီးတွေရဲ့ ပါဝင်မှုကို နားလည်ပြီး တန်ဖိုးထားဖို့ တခြားသူတွေကို လှုံ့ဆော်ပေးတဲ့အခါ ပိုမို ကောင်းမွန်တဲ့ ကမ္ဘာကြီးကို ဖန်တီးပေးပါတယ်။ အမျိုးသမီးများကိုယ်တိုင် ပါဝင်ရန် လှုံ့ဆော်တဲ့အခါ ကျမတို့ရဲ့ ပိုင်ဆိုင်မှု၊ ဆက်စပ်မှုနဲ့ စွမ်းဆောင်နိုင်မှုလည်း ပါဝင်ပါတယ်။ အမျိုးသမီးအားလုံး စုပေါင်းအားဖြင့် အမျိုးသမီးများအတွက် ပိုမို ပါဝင်နိုင်တဲ့ ကမ္ဘာကြီးတစ်ခုကို ဖန်တီးကြဖို့ဖြစ်ပါတယ်။ အမျိုးသမီးစွမ်းရည်မြှင့်တင်ဖို့အတွက် သူများတွေကိုလည်း လှုံ့ဆော်ပေးဖို့ လိုသလို၊ ကိုယ်တိုင်ပါဝင်ဖို့လည်း လိုတယ်။ အမျိုးသမီးတွေရဲ့ ပါဝင်မှုကို တန်ဖိုးထားပြီး၊ နားလည်ပေးဖို့ လည်းလိုအပ်ပါတယ်။ ဒီခေါင်းစဉ်က ရွှေ့ပြောင်းအမျိုးသမီးတွေ အတွက် တကယ်ပဲ အဓိပ္ပါယ်ရှိတဲ့ ခေါင်းစဉ်တစ်ခု ဖြစ်ပါတယ်။

ဒီနှစ်အမျိုးသမီးနှီးနှောဖလှယ်ပွဲမှာ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်၊ မယ်ဆိုင်၊ မယ်ဟုန်ဆောင်နဲ့ မဲဆောက်ဒေသက အမျိုးသမီးများ၊ ထိုင်းနိုင်ငံ အလယ်ပိုင်း ဘန်ကောက်၊ ချွန်ဘူရီနဲ့ ဆမွတ်ပရာကန်ဒေသက အမျိုးသမီးများ၊ ထိုင်းနိုင်ငံ တောင်ပိုင်း ဖူးခက်၊ ကော့ကလှိုင်၊ ထိုင်းမိန်၊ တကွပ်ပါ၊ ခူရာဘူရီ၊ လုံမနီ၊ ရနောင်း၊ ဆူရတ်ဌာနီ၊ ဒွန်းဆပ်၊ ဟတ်ယိုင် စသည့်ပြင် မြန်မာနိုင်ငံတွင်းမှ Three Good Spoons ၊ မောက်ကွန် နှင့် ကမ္ဘောဒီးယားမှ ညီမများပါဝင်တက်ရောက်ကြပါတယ်။ အမျိုးသမီးနှီးနှောဖလှယ်ပွဲ ၅ ရက်တာ သင်တန်းမှာ ပျော်ရွှင်စွာနဲ့ ပါဝင်တက်ရောက်ပြီး သင်ယူလေ့လာရင်း၊ ကိုယ့်ဒေသ၊ ကိုယ့်အတွေ့အကြုံများကိုလည်း ဝေမျှရင်းအပန်းဖြေရင်း ပါဝင်ကြဖို့ ပြောကြားရင်း ၂၀၂၄ ခုနှစ် ၂၃ ကြိမ်မြောက် အမျိုးသမီးနှီးနှောဖလှယ်ပွဲကို ဖွင့်လှစ်ကြောင်းကြေညာလိုက်ပါတယ်။



# ဒေသအသီးသီးမှ အမျိုးသမီးများအစီရင်ခံစာ

## Gender and Development for Cambodia အဖွဲ့

Gender and Development for Cambodia အဖွဲ့မှ Program Manager စီနာကသူတို့အဖွဲ့အစည်းရဲ့ဆောင်ရွက်ချက်တွေကို တင်ပြပါတယ်။

GADC အဖွဲ့အစည်းကို ၁၉၉၇ မှာဖွဲ့စည်းခဲ့တယ်။ ၂၀၀၀ ခုနှစ်မှာတော့ အဖွဲ့အစည်းကို မှတ်ပုံတင်စာရင်းသွင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ စတင်တည်ထောင်တဲ့အချိန်ကစပြီး ကျား၊ မ တန်းတူရေးအတွက် အလုပ်လုပ်တယ်ဆိုပြီး နာမည်ကြီးလာပါတယ်။ GADC အဖွဲ့က အမျိုးသမီး၊ အမျိုးသား၊ လူငယ်တွေ နဲ့ အတူတူ လက်တွဲလုပ်ဆောင်ပြီး အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို မြှင့်တင်ဖို့ အလုပ်လုပ်လာတာ အနှစ် ၂၀ ကျော်ကြာပါပြီ။ လူမှုရေး နိုင်ငံရေးတွေမှာ အမျိုးသမီးတွေ ထဲထဲဝင်ဝင်ပါဝင်လာအောင်၊ အမျိုးသမီးတွေ ပိုမို တိုးတက်လာအောင် လုပ်ဆောင်ခဲ့ပါတယ်။ အစိုးရအနေနဲ့ ကျားမ တန်းတူရေးမှာ ပိုပြီး တာဝန်ယူ တာဝန်ခံမှုရှိအောင်၊ ကျားမ အခြေပြု အကြမ်းဖက်တာတွေ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတာတွေ ပပျောက်ရေးအတွက်လည်း သေချာရအောင် ဒေသတွင်းအစိုးရနှင့် အာဏာပိုင်တွေ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့လည်း လုပ်ဆောင်နေပါတယ်။

GADC ရဲ့ Vision က၊ ကမ္ဘောဒီးယားကို ပိုပြီး မျှတတဲ့ နေရာဖြစ်ဖို့ ဖြစ်တယ်။ Mission က ပိုပြီး ကောင်းမွန်တဲ့ ကျားမ တန်းတူညီမျှမှုနဲ့ လူ့အခွင့်အရေး ရှိဖို့ ဖြစ်တယ်။ အလုပ်လုပ်လာတဲ့ ၂၇ နှစ်တွင်းမှာ အဖွဲ့ နဲ့ တိုက်ရိုက် အကျိုးသက်ရောက်သူတွေ ၁၃၀၀၀၀ ရှိပြီး၊ ၅၈ရာခိုင်နှုန်းက အမျိုးသမီးတွေဖြစ်ပါတယ်။ သွယ်ဝိုက် အကျိုးကျေးဇူး ရရှိသူ ၃၉၀,၀၀၀ ရှိပြီး၊ ၅၈ရာခိုင်နှုန်းက အမျိုးသမီးဖြစ်တယ်။ အကျိုးကျေးဇူးရရှိသူတွေက အမျိုးသား၊ အမျိုးသမီး၊ ပတ်ဝန်းကျင်က သူတွေ၊ LGBTအုပ်စု၊ စက်ရုံအလုပ်သမားများ၊ ကျောင်းသူကျောင်းသားတွေလည်း ပါဝင်ပါတယ်။

### GADC ရဲ့လုပ်ဆောင်မှုများ

- စည်းရုံးလှုံ့ဆော်ခြင်း၊ ကွန်ယက်ချဲ့ထွင်ခြင်း၊ ကျားမ တန်းတူမှု အမျိုးသမီး ဝါဒီ၊ ခေါင်းဆောင်မှုစသဖြင့် ပညာပေးတာမျိုးတွေ အဓိကလုပ်ပါတယ်။
- ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေ အတွက် လုပ်ဆောင်မှုများ
- ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအတွက် လုပ်ဆောင်မှုများက၊ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေ ကိုယ်တိုင် သူတို့ရဲ့ အခွင့်အရေးအတွက် အလုပ်လုပ်တာ ဖြစ်တယ်။ သူတို့ရဲ့ အခွင့်အရေးတွေကို ကာကွယ်မြှင့်တင်ဖို့အတွက် ဦးတည်လုပ်တာဖြစ်ပါတယ်။

### ရည်ရွယ်ချက်များက

- ရှိနေပြီးသား အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ရေး တိုင်းပြည်ပြန်လာကြတဲ့ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေကို ဝန်ဆောင်မှုပေးအပ်ဖို့ အတွက် Migrant Resource Centers များ ရှိလာအောင် အတွေ့အကြုံဝေမျှပြီး စည်းရုံးလှုံ့ဆော်ခြင်းတို့ကို လုပ်ဆောင်ပါတယ်။

- ကျားမ ကိစ္စ၊ မွေးဖွားမှုဆိုင်ရာ ကျန်းမာရေး ပညာပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ SOGIESC၊ ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးတိုင်ကြားခြင်း ကိစ္စရပ်များ၊ လွှဲပြောင်းစနစ်နဲ့ စည်းရုံးလှုံ့ဆော်မှုအပိုင်း၊ အတွေ့အကြုံဝေမျှတာတွေ လုပ်ဆောင်ပါတယ်။
- ဒေသတွင်းသာမက နိုင်ငံလုံးဆိုင်ရာ အဆင့်၊ နိုင်ငံတကာ အဆင့် တွေမှာလည်း စည်းရုံးတာတွေ လုပ်ပါတယ်။
- ခရိုင်အတွင်း အလုပ်ရုံဆွေးနွေးပွဲတွေမှာ ကွန်ယက်တွေ ဖွဲ့စည်းပြီးချိတ်ဆက်လုပ်ဆောင်တာ။
- လူထုအတွင်း ကမ်ပိန်းတွေလုပ်ဆောင်တာတွေလည်းရှိပါတယ်။

## ဝန်ဆောင်မှုများ ပေးအပ်ခြင်း

- သတင်းအချက်အလက်တွေကို ပိုမို လက်လှမ်းမီရန် မျှဝေပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း။
- အမျိုးသမီး အလုပ်သမားတွေ အနေနဲ့ တစ်ခုခု ဖြစ်လာခဲ့မယ်ဆိုရင် မည်သည့် အဖွဲ့အစည်းကို ချိတ်ဆက်ရမယ်၊ ဘာတွေလုပ်ဆောင်ရမလဲဆိုတာ အဆင့်ဆင့် သိလာပါမယ်။




*ပုံ – Gender and Development for Cambodia မှ အဖွဲ့အစည်းအကြောင်း တင်ပြဆွေးနွေးခြင်း*

## Home Net (Foundation for Labor and Employment Promotion) အဖွဲ့

Home net foundation ကို ၁၉၉၂ က စတင်တည်ထောင်ပြီး အိမ်မှာနေပြီး၊ အလုပ်လုပ်တဲ့ သူတွေနဲ့ အလုပ်လုပ်ပါတယ်။ ပိတ်စတွေကို အိမ်ယူချုပ်တဲ့သူ၊ လက်မှုပညာ လုပ်ငန်း၊ ယက်ကန်းလုပ်ငန်းစတဲ့အလုပ်တွေကို လုပ်ကြပါတယ်။ အိမ်တွင်းအလုပ်လုပ်သူတွေက လူမှုဖူလုံရေးအကျိုးကျေးဇူး၊ ကာကွယ်မှုများ၊ ဘာမှ မရှိပဲ ကျန်းမာရေး မကောင်းတဲ့အချိန် ထိုထောက်ပံ့မှုများမရှိတဲ့အတွက်ကြောင့် အခက်တွေ့ရတယ်။

- အိမ်တွင်းအလုပ်လုပ်သူတွေ ကြားထဲ သုတေသနပြုလုပ်ပြီး၊ တွေ့ရှိချက်တွေကို လူထု အစိုးရတွေဆီကို တင်ပြပြီး စည်းရုံးလှုံ့ဆော်ပါတယ်။
- အိမ်တွင်းအလုပ်လုပ်သူတွေ အားလုံးစုစည်းပြီး အချင်းချင်း ချိတ်ဆက်တာ၊ စည်းရုံးရေးဆင်းတာတွေ လုပ်ပါတယ်။
- သူတို့တွေ ရေရှည် ရပ်တည်ရေး လုပ်ကိုင်ရေးအတွက် ပံ့ပိုးကူညီပေးတယ်။
- ထိုသူတွေအတွက် လုပ်ငန်းခွင်လုံခြုံရေး၊ လူမှုကာကွယ်ရေး အပိုင်း အကျိုးကျေးဇူးတွေ၊ မျိုးပွားမှုဆိုင်ရာ အသိပညာတွေ ကိုလည်း ပေးအပ်ဝေမျှပါတယ်။

ထိုင်းနိုင်ငံအတွင်း လမ်းဘေးဈေးရောင်းသူတွေ၊ ဆိုင်ကယ် တက်စီမောင်းသူတွေ၊ လယ်ယာစိုက်ပျိုးရေးမှာ အလုပ်လုပ်သူတွေ၊ ဝန်ဆောင်မှုပေးအပ်သူတွေ၊ အိမ်တွင်းစီးပွားရေးလုပ်သူတွေ၊ အိမ်ထဲမှာ နေထိုင်ပြီး အလုပ်လုပ်သူတွေ ထိုင်းနိုင်ငံသား၊ ရွှေ့ပြောင်း အလုပ်သမား (ထိုင်းနိုင်ငံ အလုပ်သမားအခွင့်အရေး အောက်မှာ အကျုံးမဝင်တဲ့အုပ်စုတွေ) နဲ့ Home Net က အလုပ်လုပ်ပါတယ်။

၂၀၁၂ ခုနှစ်မှာ ထိုင်းနိုင်ငံ အိမ်တွင်းအလုပ်လုပ်သူတွေကို အကာအကွယ်ပေးရေး ပြဋ္ဌာန်းချက် ထုတ်ပြန်ပါတယ်။ ၂၀၀၂ မှာ ထိုင်းနိုင်ငံသားတွေအတွက် ဘတ် ၃၀ ကျန်းမာရေး အစီစဉ် ထုတ်ပြန်ပါတယ်။ လူမှုဖူလုံရေး ဘတ် ၃၀ အစီအစဉ်ကို ထိုင်းနိုင်ငံသားတွေအတွက် စီစဉ်နေပေမယ့် ရွှေ့ပြောင်းအလုပ်သမားတွေ အတွက်ပါ ရရှိရန် လုပ်ဆောင်နေပါတယ်။




*ပုံ – Home Net Foundation မှ အဖွဲ့အစည်းအကြောင်းဆွေးနွေးတင်ပြခြင်း*

Homenet နဲ့ တွဲလုပ်တဲ့ အဖွဲ့တွေ တစ်နိုင်ငံလုံးမှာ ရှိပါတယ်။ ထိုင်းမှာ Domestic workers လို့ ပြောရင် ထိုင်းနဲ့ ရွှေ့ပြောင်းအလုပ်သမား ကွန်ယက်တွေ ရှိပါတယ်။ ထိုင်းအလုပ်သမား ကွန်ယက်ကို Homenet က အချင်းချင်း ချိတ်ဆက်ပေးတာ ဖြစ်ပြီး၊ သမဂ္ဂအဖြစ် ထူထောင်နိုင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။ လက်ရှိ အိမ်တွင်းအလုပ်သမား ကွန်ယက်မှာ ဥပဒေပိုင်းဆိုင်ရာ အသိပညာပေးတာတွေရှိတယ်၊ ဘန်ကောက်သာမက မဲဆောက် ချင်းရိုင်မှာတွေလည်း သတင်းအချက်အလက်တွေကို၊ သွားရောက် ဝေမျှခဲ့ပါတယ်။ အများစုက မြန်မာလူမျိုးတွေဖြစ်တယ်။ သမဂ္ဂအဖွဲ့မှာ ပါဝင်နိုင်ဖို့၊ ဝင်ရောက်နိုင်ဖို့လည်း စည်းရုံးခဲ့ပါတယ်။ ထိုင်းမှာ အိမ်တွင်းအလုပ်သမားအများစုက အမျိုးသမီးဖြစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်းတွေကိုလည်း လုပ်ပေးခဲ့ပါတယ်။

Home Care Thailand App ကို Home net ကပဲ ထူထောင်ခဲ့ပြီး နာရီပိုင်း အချိန်ပိုင်းအလုပ်တွေအတွက် ဖွင့်လှစ်ပေးခဲ့ပါတယ်။ အခု Home net က အိမ်တွင်းအလုပ်သမား တွေ လူမှုဖူလုံရေးကဒ်ရဖို့ လုပ်ဆောင်နေပါတယ်။ သက်ဆိုင်ရာ အစိုးရဌာနတွေကို အမှတ်စဉ် ၁၄ ဥပဒေအရ အိမ်တွင်းအလုပ်သမား မီးဖွားခွင့်ကိုလည်း တောင်းဆိုထားပါတယ်။ Smart Domestic Worker Application မှာ စာပို့ပြီး အကူအညီတောင်းလို့ရတယ်။ အိမ်တွင်းအလုပ်သမားတွေ ကြုံတွေ့ရတဲ့ အိမ်တွင်း အကြမ်းဖက်ခြင်း story ကို အပြန်အလှန် မျှဝေတာတွေလည်း ပြုလုပ်ခဲ့ပါတယ်။ ဘန်ဘော်မှာ ရွှေ့ပြောင်းအရင်းအမြစ် စင်တာကို ဖွင့်လှစ်ပြီး ဥပဒေပိုင်း အကြံပေးတာတွေ စတာတွေဟာ Home net foundation ရဲ့ လုပ်ဆောင်ချက်ပဲဖြစ်ပါတယ်။

.............................................

## ကွန်စရီ Cambodia အဖွဲ့

ကွန်စရီက ၂၀၀၀ခုနှစ်ကတည်းက မှတ်ပုံတင်ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ အဖွဲ့ရဲ့ ရည်မှန်းချက်က ကမ္ဘောဒီးယားကို ငြိမ်းချမ်းပြီး ဒီမိုကရေအနှစ်သာရနဲ့ ပြည့်ဝသော၊ တန်းတူညီမျှသော၊ ပွင့်လင်းမြင်သာသော ကလေးသူငယ်အခွင့်အရေး မြှင့်တင်သော၊ ဖွံ့ဖြိုးတိုးတက် တဲ့ အဖွဲ့အစည်းဖြစ်အောင် ရည်မှန်းထားပါတယ်။ ILOရဲ့ အကူအညီကို ၂၀၁၂ ကတည်းက ရခဲ့ပါတယ်၊ အမျိုးသမီးနဲ့ ကလေးသူငယ်တွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးဖို့ ရည်ရွယ်ချက်ပန်းတိုင်ဖြစ်တယ်၊ မြို့နယ် ၄ ခု ခရိုင်အဆင့် ၁ ခု အပြင်၊ ထိတွေ့ ဆက်ဆံနေတဲ့ အသိုင်းအဝိုင်းက ၁၄ ခု ရှိပါတယ်။

မိမိဘာသာ ရွှေ့ပြောင်းမည့်သူများ၊ နေရပ်ပြန် ရွှေ့ပြောင်းသူများအတွက် သတင်းအချက်အလက် ဝေမျှတာတွေ လုပ်ဆောင်ပါတယ်။ ရွှေ့ပြောင်းနိုင်ချေရှိတဲ့ သူနဲ့ မိသားစုဝင်များ၊ နေရပ်ပြန်သူများအတွက် ကွင်းဆင်းခြင်းတွေလည်း လုပ်ပေးပါတယ်။ ကိုဗစ်ကာလတုန်းက၊ ကိုဗစ်နဲ့ပတ်သက်တဲ့ ကျန်မာရေးအသိပေး ကွင်းဆင်းခြင်းတွေ လုပ်ပါတယ်၊ မြေပြင်မှာကွင်းဆင်းတဲ့အခါဘယ်လိုလုပ်ဆောင်ရမလဲ၊ရှိသင့်တဲ့အရည်အသွေးတွေကိုသင်တန်းပေးတာတွေလုပ်ပါတယ်။ ရွှေ့ပြောင်းအမျိုးသမီးတွေအတွက် စွမ်းရည်မြှင့်တင်ခြင်းတွေ ကိုလည်း လုပ်ဆောင်ပေးပါတယ်။ တိုင်ကြားခြင်းကိစ္စရပ်တွေကိုလည်း ကူညီလုပ်ဆောင်ပေးတယ်။ တိုင်ကြားခြင်း ကိစ္စရပ်အတွက် ရုံးခန်းလာတဲ့ သူတွေကိုလည်း ခရီးစရိတ် ထုတ်ပေးပါတယ်။ ရွှေ့ပြောင်းအလုပ်သမားနဲ့ မိသားစုဝင်တွေအတွက် ငွေကြေးစီမံ သင်တန်းတွေ ပေးတယ်။ လက်ရှိချိန်မှာ အမျိုးသမီးအဖွဲ့ ၅ဖွဲ့ ဖွဲ့စည်းပေးထားတယ်။ ၅ဖွဲ့ထဲမှာမှ ၂ဖွဲ့က ကျွန်မတို့အကူအညီ မပါဘဲ ကိုယ်တိုင် ကွင်းဆင်းတာတွေ လုပ်ကြတာလည်းရှိပါတယ်။ ကွန်စရီရဲ့ facebook pageမှာ ရွှေ့ပြောင်းအလုပ်သမား နဲ့ ပတ်သက်တဲ့သတင်းအချက်အလက်တွေကို ဖလှယ်ပေးထားတာရှိပါတယ်။

ကွန်စရီအဖွဲ့မှာ လုပ်ဆောင်နေတဲ့အချက်တွေက၊ ရွှေ့ပြောင်းခြင်း ကိစ္စရပ်တွေကို ခရိုင်အဆင့် လူကုန်ကူး တားဆီးရေး ကော်မတီ၊ ခရိုင် ရဲတပ်ဖွဲ့ တို့တွေနဲ့ ပူပေါင်းဆောင်ရွက်တာတွေရှိပါတယ်။ ကလေးသူငယ်အတွက် အမျိုးသမီးကော်မတီလည်း ထားရှိပါတယ်။  ခရိုင်အလိုက် အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းနဲ့ ဆိုင်တဲ့ ဌာနတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊စတာတွေကိုလုပ်ဆောင်ပါတယ်။

••••••••••••••••••••••••••••••••••••••••••••••

## Three Good Spoons အဖွဲ့

Three Good Spoons အဖွဲ့က အိမ်အကူအလုပ်သမားတွေကို သတင်းအချက်အလက်နဲ့အသိပညာတွေပေးတဲ့ သင်တန်းကျောင်းဖြစ်ပါတယ်၊ အကျိုးအမြတ်မယူတဲ့ လူမှုအကျိုးစီးပွားအဖွဲ့ဖြစ်ပြီး Australia မှ အမျိုးသမီးက ၂၀၁၅ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၇ခုနှစ်မှာ အစိုးရမှာ မှတ်ပုံတင်ခဲ့တယ်။ ၂၀၁၉ခုနှစ်မှာ ILOရဲ့ ထောက်ပံ့မှုနဲ့ အိမ်တွင်းအလုပ်သမား ကျွမ်းကျင်မှု သင်တန်းတွေ ပို့ချပေးနိုင်ခဲ့ပါတယ်။ တစ်လကို အမျိုးသမီး ၈ယောက်နဲ့ အမျိုးသမီး အယောက် ၄၀ သင်တန်းပို့ချနိုင်ခဲ့တယ်။

၂၀၁၉ ခုနှစ် ကိုဗစ်ကာလမှာ အိမ်တွင်းအလုပ်သမားတွေက အလုပ်ချိန်တွေ၊ လုပ်ခလစာတွေ လျှော့နည်းတာတွေ ဆုံးရှုံးတာတွေ စတဲ့အခက်အခဲဖြစ်နေကြတော့ ၂၀၂၁ခုနှစ်မှာ ILO ရဲ့ အကူအညီနဲ့ အိမ်အကူအလုပ်သမားတွေကိုထောက်ပံ့မှုတွေ ပြုလုပ်ပေးနိုင်ခဲ့တယ်။ ဒ့ါပြင် ရွှေ့ပြောင်းအမျိုးသမီး တွေရဲ့ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းခြင်းအတွက်နဲ့ဆိုင်တဲ့ အသိပညာပေးသင်တန်းတွေ ပြုလုပ်ပေးပါတယ်။

TGS ရဲ့ Mission က မြန်မာနိုင်ငံအတွင်းမှာ အိမ်တွင်းအလုပ်သမားတွေအတွက် ကာကွယ်ပေးမယ့် ဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးနဲ့ အိမ်တွင်းအလုပ်ကို သင့်တော်ကောင်းမွန်တဲ့ အလုပ် ဖြစ်စေရေးတို့ဖြစ်ပါတယ်။

ရည်ရွယ်ချက်က အိမ်တွင်းအလုပ်သမား စွမ်းရည်မြှင့်တင်ရေး သင်တန်းပေးခြင်းနဲ့ အလုပ်ရှင် အလုပ်သမားကြား ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ခု ရရှိရေးတို့ပဲဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှာ ရွှေ့ပြောင်းလုပ်သား အရင်းမြစ်စင်တာ (MRC) သင်တန်းကျောင်းမှာ ဖွင့်လှစ်ခဲ့ပါတယ်။ MRC စင်တာရဲ့ဝန်ဆောင်မှုများ က  သွားရောက်မယ့် နိုင်ငံအလိုက် သတင်းအချက်အလက် ပေးတာတွေရှိတယ်။ ဟိုဘက်နိုင်ငံ ရောက်သွားသည့်တိုင်အောင် လုပ်ခလစာ ရမရ စောင့်ကြည့် စစ်ဆေးပေးတာတွေရှိတယ်။ သက်ဆိုင်တဲ့ နိုင်ငံအလိုက် သတင်းအချက်အလက်ပေးတာတွေ၊ နှစ်သိမ့်ဆွေးနွေးအကြံပေးတာတွေ၊ နောက်ဆက်တွဲ ဝန်ဆောင်မှုလိုအပ်တာတွေရှိရင်လုပ်ဆောင်ပေးပါတယ်။

ဒ့ါအပြင် ဒေသအလိုက် နယ်အလိုက် လိုက်လံပြီး၊ သတင်းတွေ သင်တန်းပေးတာတွေ ရှိတယ်။ တိုင်ကြားလာတဲ့အမှု တစ်ခုခု ဖြစ်ရင်လည်း၊ ကိုယ်တိုင်မဟုတ်ရင်တောင်မှ ဥပဒေပိုင်း ကျွမ်းကျင်သူများနဲ့ ချိတ်ဆက်ပြီး တိုင်ကြားရေး ကိစ္စရပ်တွေ ကူညီပေးလျက်ရှိတယ်။ စွမ်းရည်မြှင့်တင်ရေးသင်တန်း၊ ငွေကြေးစီမံ၊ အလုပ်သမား အခွင့်အရေး၊ အိမ်တွင်းအလုပ်သမား သိထားသင့်တဲ့ အချက်တွေ စတဲ့ သင်တန်းတွေကိုလည်းပြုလုပ်ပေးပါတယ်။ အမျိုးသမီး တွေ့ဆုံဆွေးနွေးပွဲ၊ အမှုအတွက် ငွေကြေး ထောက်ပံ့မှုတွေ၊ ဥပဒေပိုင်း အတွက် ရှေ့နေခငှားရမ်းပေးတာတွေလည်း ထောက်ပံ့ပေးပါတယ်။ နိဂုံးချုပ်အနေနဲ့ Three Good Spoons ရဲ့ လုပ်ဆောင်ချက်များက ရွှေ့ပြောင်းခြင်း ဆိုင်ရာ သတင်းအချက်အလက်နဲ့ အိမ်အကူတွေကို အကူအညီပေးတဲ့ စင်တာဖွင့်လှစ်ထားတာပဲဖြစ်ပါတယ်။

••••••••••••••••••••••••••••••••••••••••••••••

## တောင်ကြီးကြက်ခြေနီအဖွဲ့

တောင်ကြီးကြက်ခြေနီအဖွဲ့ရဲ့လုပ်ဆောင်ချက်က တောင်ကြီး MRC မှာ ရွှေ့ပြောင်းအလုပ်သမား ဌာန ဖွင့်လှစ်ပြီး အစိုးရနဲ့ ပူးပေါင်းလုပ်ဆောင်တယ်။ ILOရဲ့ Triangle Asean ကို ၂၀၁၉ကတည်းက စီမံချက်အောက်မှာ လုပ်ဆောင်ပါတယ်။

- ပြည်ပမထွက်ခွာခင် သူတို့ ပတ်စပို့တွေ လျှောက်တဲ့အချိန် လိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ အကူအညီတွေပေးပါတယ်။
- ပြည်ပရောက်တဲ့အချိန် လုပ်အားခ ငွေပြန်လွှဲတာ၊ မိသားစုနဲ့ ပြန် ဆက်သွယ်တာတွေကို မိသားစုနဲ့ ချိတ်ဆက်ပေးတာတွေလုပ်ပါတယ်။
- နေရပ်ပြန် အလုပ်သမားတွေကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးတယ်၊ အစားအသောက် နဲ့ရေဘူးတွေ ပံ့ပိုးပေးပါတယ်။
- ကယားပြည်နယ် စစ်ဘေးရှောင် စခန်းမှာ ရှိတဲ့ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တွေ ပံ့ပိုးပေးပြီး မီးဖွားမယ့် မိခင်တွေကို လိုအပ်ရင် ဆေးရုံလွှဲပြောင်းပေးတာတွေလည်း လုပ်ဆောင်ပေးပါတယ်။
- စစ်ဘေးရှောင် ပြည်သူတွေကို မိုင်းအသိပညာပေးတာတွေလုပ်ဆောင်တယ်။ သူတို့နေရပ်ပြန်တဲ့အခါကျရင် မြေမြှုပ်မိုင်းဘေးကို သိရှိရအောင်၊ ကာကွယ်ရအောင်ပဲ ဖြစ်ပါတယ်။ လက်လုပ်ဗုံးတွေရဲ့ အသွင်ကို သိရှိရအောင်လည်း ပုံနှင့်တကွ အသိပညာပေးတာတွေ လုပ်ဆောင်ပေးပါတယ်။

........................................

# နံနက်ခင်းမျက်နှာစုံညီအစီအစဉ်

**အမျိုးသမီးကမ်ပိန်း**

**အမ်ပါဝါ ဖောင်ဒေးရှင်း… ဖိပင်းပေါင်**

အမ်ပါဝါဖောင်ဒေးရှင်း က လိင်အလုပ်သမများအတွက်၊ ပညာပေး စွမ်းရည်မြှင့်တင်ရေး နဲ့ လိင်အလုပ်သမားများအတွက် ကာကွယ်ပေးတဲ့ ဥပဒေပေါ်ပေါက်လာအောင်၊ လုပ်ဆောင်ပေးနေတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ အမျိုးသမီး ငါးယောက်လောက်နဲ့စတင်ခဲ့တဲ့ စကားဝိုင်းလေးကနေ တဆင့် အဖွဲ့အစည်းဖြစ်လာတဲ့အထိလုပ်ဆောင်ခဲ့ပါတယ်။ ဖောင်ဒေးရှင်း တည်ထောင်သူ က အစမှာ လိင်အလုပ်သမတွေကို သင်္ဘောသီးထောင်းဆိုင်လေးမှာ၊ အင်္ဂလိပ်စာ သင်ပေးရင်းနဲ့ စတင်ခဲ့ပါတယ်။ အရင်က လိင်အလုပ်သမ တွေကို အသိပညာပေး အစီအစဉ်တွေပေးဖို့မရှိခဲ့ပါဘူး။ အဖွဲ့အစည်းတစ်ခုက အကူအညီပေးပြီးနောက် empower ဆိုတာ ဖြစ်လာခဲ့တယ်။

အသင်းအဖွဲ့နဲ့ ပူးပေါင်းလုပ်ဆောင်မယ်ဆိုရင် ဘယ်အရာမဆိုအောင်မြင်မှုရနိုင်ပါတယ်။ ၁၉၈၅ ခုနှစ်မှာ အမ်ပါဝါ ဟာ အသင်းအဖွဲ့ သေးသေးလေးက စပေခဲ့မယ်၊ အခုမှာ အမ်ပါဝါအနေနဲ့ အဖွဲ့ကြီး ဖြစ်လာပါပြီ။ ဒါ့ပြင် လှုပ်ရှားမှုက သေးငယ်တယ်ဆိုပေမယ့်၊ အလုပ်တွေ အများကြီး လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

လိင်အလုပ်သမတွေရဲ့ အခက်အခဲတွေကို တဖြည်းဖြည်းသိလာတဲ့အခါမှာ အခက်အခဲတွေကို အတူတကွဖြေရှင်းဖို့ အမ်ပါဝါဖောင်ဒေးရှင်းဆိုတာ ဖြစ်လာပါတယ်။ အဖွဲ့ရဲ့ ရည်ရွယ်ချက်က လိင်အလုပ်သမတွေလဲ အခြားသူတွေလိုလှုပ်ရှားမှုတွေကို လုပ်ဆောင်နိုင်တယ်ဆိုတာ သက်သေပြချင်လို့ပဲဖြစ်ပါတယ်။ ဘယ်အသိုင်းအဝိုင်းကပဲကြည့်ကြည့်၊ လိင်အလုပ်သမဆိုရင် မကောင်းဘူးလို့ပဲ မြင်ကြပါတယ်။

လိင်အလုပ်နဲ့ ပတ်သတ်ပြီး လက်ရှိ ထိုင်းဥပဒေက အနှစ် သုံးလေးဆယ်အတွင်းပြောင်းလဲမှု မရှိခဲ့တာကြောင့် လက်ရှိအခြေအနေတွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် ပြောင်းလဲဖို့လိုအပ်နေပါတယ်။ ဒါကြောင့် ထိုင်းအစိုးရကို လွှတ်တော်မှာ စည်းရုံးလှုံ့ဆော်ဖို့အတွက် လုပ်ဆောင်နေပါတယ်။ ဒ့ါကြောင့်လူမှုအသိုင်းအဝိုင်းတွေကလည်း လိင်အလုပ်သမ ဆိုတာ ကိုလက်ခံလာကြပါပြီ။ ဒါကြောင့် အမျိုးသမီးတွေက မိမိတို့ လုပ်ဆောင်နေတဲ့ အလုပ်တွေအပေါ် ယုံကြည်ချက်ရှိရမယ်။ ငါလုပ်ဆောင်နိုင်တယ်ဆိုတာကို ယုံကြည်ရပါမယ်။ အဲဒါမှ အောင်မြင်မှုရှိမှာဖြစ်ပါတယ်။

လက်ရှိမှာ ဥပဒေပြု လွှတ်တော်အမတ်တွေနဲ့လည်း ဆွေးနွေးတိုင်ပင်နေပါတယ်။ အဲဒီအတွက်ရလာဒ်က၊ အစိုးရရော ပတ်ဝန်းကျင် အသိုင်းအဝိုင်းကပါ လက်ခံလာပြီ ဖြစ်ပါတယ်။ တက်ရောက်လာတဲ့ အမျိုးသမီးများကိုလည်း၊ ကိုယ့်ကိုယ်ကိုယ် မြှင့်တင်ဖို့၊ ကိုယ်လုပ်ဆောင်နေတဲ့ အလုပ်တွေ အောင်မြင်ဖို့ ယုံကြည်မှုရှိရမယ့်အပြင်၊ ကိုယ့်ကိုယ်ကိုယ် အားပေးရပါမယ်။ မျှော်လင့်ချက် ရည်မှန်းချက်ရှိရင် ဘာအလုပ်ပဲလုပ်လုပ် အောင်မြင်နိုင်တယ်။ အမ်ပါဝါဖောင်ဒေးရှင်မှာ နှစ် ၄၀ အတွင်း၊ အသင်းဝင် ၅ သောင်းနီးပါးထိရှိလာခဲ့ပြီး ၈၀ ရာခိုင်နှုန်းလောက်က အမျိုးသမီး မိခင်တွေ ဖြစ်ပါတယ်။ အဓိက လုပ်တဲ့ အလုပ်က လိင်လုပ်သားအလုပ်ကို လုပ်ကိုင်ကြတာဖြစ်တယ်။ လွယ်ကူတဲ့ အလုပ်တော့ မဟုတ်ပါဘူး။ အခွင့်အရေးရဖို့ တောင်းဆိုတိုက်ယူခဲ့ရသလို၊ မျှတမှု ရရှိအောင် လှုံ့ဆော်စည်းရုံးမှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။

အဖွဲ့ဝင်တွေ အားလုံးက၊ ငွေများကိုစုပေါင်းထည့်ဝင်ပြီး၊ ချင်းမိုင်မှာရှိတဲ့ Can Do Bar ကို ဖွင့်လှစ်ခဲ့ပါတယ်။ Can Do Bar ဟာ သီးသန့်ရပ်တည်တဲ့ ဘား ဖြစ်တယ်။ ဘားမှာအလုပ်လုပ်နေတဲ့သူတွေအားလုံးကို၊ လစာကောင်းကောင်း ရကြတဲ့အပြင်၊ လူမှုဖူလုံရေး ခံစားခွင့်လည်းရှိကြပါတယ်။ အလုပ်လုပ်ကိုင်တဲ့နေရာမှာ မိမိတို့ရဲ့ လိုအပ်ချက်တွေတင်သာမကပဲ၊ မိမိတို့ ပတ်ဝန်းကျင်ကသူတွေ ဘာတွေ လိုအပ်နေလဲဆိုတာ ရှာဖွေပြီး တုံ့ပြန်ချက်တွေ ပြုလုပ်ပါတယ်။

လိင်လုပ်သားတွေမှာလည်း ခက်ခဲမှုနဲ့ စိန်ခေါ်မှုတွေရှိကြပါတယ်။ အဖွဲ့ဝင်တွေထဲမှာ ပညာဆက်လက်သင်ချင်တဲ့သူတွေရှိတော့၊ ထိုင်းပညာရေးအောက်က ကောစောနောလို့ခေါ်တဲ့ ထိုင်း အသုံးလုံး ပညာရေးကို တက်ရောက်တာတွေလည်း ရှိကြပါတယ်။ ပညာသင်ကြားတဲ့နေရာမှာလည်း ခွဲခြားဆက်ဆံမှုတွေ ခံရပါတယ်။ အထူးသဖြင့် အိမ်သာကို ပေါင်းပြီးမသုံးခိုင်းတာတို့ရှိပါတယ်။

လိင်အလုပ်သမ တစ်ယောက်အနေနဲ့ တစ်ညလုံး အလုပ်ဆင်းထားတော့ ကျောင်းမှာ ပင်ပန်းပါတယ်။ စာသင်တဲ့အချိန် ကျောင်းစာ စိတ်မဝင်စားဖူးလို့လည်း အပြစ်တင်ကြတယ်။ ဒါကြောင့် လိင်အလုပ်သမတွေအတွက် သီးသန့်ပညာသင်ကြားနိုင်ဖို့ ကောစောနော ကိုယ်ပိုင်ကျောင်းကို ဖွင့်လှစ်ခဲ့ပါတယ်။ ကောစောနောကျောင်းပြီးရင် အစိုးရအသိအမှတ်ပြု စာမေးပွဲအောင်လက်မှတ် ပေးအပ်ပါတယ်။ ဘယ်သူမှ မလုပ်နိုင်တဲ့အလုပ်ကို အမ်ပါဝါက လုပ်နိုင်ခဲ့ပါတယ်။

ဆေးရုံ ဆေးခန်းမှာလည်း ခွဲခြားဆက်ဆံမှု ခံရပါတယ်။ တော်လှန်ရေးတိုက်ပွဲတွေ ဝင်နေတာ ကိုယ့်အခွင့်အရေး၊ စားဝတ်နေရေး အဆင်ပြေဖို့အတွက် လုပ်နေကြပါတယ်။ ခုလို စည်းရုံးလှုံ့ဆော်မှုကို လုပ်နေတာက လူတိုင်းရဲ့ တန်းတူညီမျှမှုကို တောင်းဆိုနေကြတာပဲဖြစ်ပါတယ်။ လူသားဖြစ်တဲ့အတွက် တန်းတူမှုကို တောင်းဆို တိုက်ပွဲ ဝင်နေတယ်ဆိုတာ၊ လူတိုင်းက အခွင့်အရေး တန်းတူညီမျှမှု ရှိရမယ်၊ကိုယ့် ယုံကြည်ချက် ရှိရမှာပဲဖြစ်ပါတယ်။

Can Do Bar မှာ ပြခန်း ဖွင့်လှစ်ထားပါတယ်။ လာရောက်လေ့လာသူတွေ အများကြီးရှိတယ်။ Empower သို့မဟုတ်၊ Can Do ဘားအကြောင်းသိချင်ရင် လာလည်ပြီးလေ့လာလို့ ရပါတယ်။ ထိုင်းအစိုးရကိုလည်း၊ လုပ်အားခ ၂ ဆ တိုးပေးဖို့ တောင်းဆိုထားပါတယ်။ မိတ်ဆွေ အဖွဲ့အစည်းတွေလည်း လုပ်အားခ တိုးဖို့မှာ ပါဝင်လာကြတယ်။ အရေးကြီးဆုံးက အစိုးရတွေက ဘယ်က လစာရလဲဆိုတာ နားလည်ထားရမှာဖြစ်တယ်။

Empower Foundation က လိင်လုပ်သားတွေ တရားဝင်အလုပ်သမားဖြစ်ဖို့ စည်းရုံးလှုံ့ဆော်တဲ့ အဖွဲ့အစည်း ဖြစ်တယ်။ အိမ်တွင်းအလုပ်သမားတွေ တရားဝင် အလုပ်သမားဖြစ်ဖို့ စည်းရုံး လှုံ့ဆော်တဲ့အခါ နည်းလမ်းတွေ ကွန်ယက်တွေ သုံးဖို့လိုတယ်။ လိင်လုပ်သားတွေလည်း လူမှုဖူလုံရေး ခံစားခွင့်လည်း ရသင့်ပါတယ်။

စည်းရုံးလှုံ့ဆော်တယ်ဆိုတာ နည်းအမျိုးမျိုး ပုံစံအမျိုးမျိုးရှိပါတယ်။ နေရာစုံမှာ သွားပြီး လှုံ့ဆော်တာရှိတယ်။ အနုပညာ၊ ချီတက်တာ၊ ပညာရေး ၊ ပူးပေါင်းဆောင်ရွက်ပြီး လှုံ့ဆော်ကြပါတယ်။ ရည်ရွယ်ချက်ချင်းတူတဲ့ အဖွဲ့တွေ အကုန်စုပေါင်းပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ ကွန်ယက်တွေ ဖွဲ့စည်းကြပါတယ်။ ဒီလိုမျိုး စည်းရုံးလှုံ့ဆော်မှုတွေ လုပ်နေတယ်ဆိုတာ တစ်ယောက်တည်းအတွက် မဟုတ်ပဲ အဖွဲ့အတွက် အသိုင်းအဝိုင်းအတွက် တိုက်ပွဲဝင်နေတာဖြစ်ပါတယ်။ မိမိတို့က လူ့အဖွဲ့အစည်းရဲ့ အောက်အဆင့်မှာ ရှိနေရင်တောင် ဒီလိုမျိုး မိမိရဲ့ ယုံကြည်ချက်ရှိပြီး လူသားတိုင်းက အခွင့်အရေးအတူတူပဲ ရရပါမယ်။ ဒီအတွက် တိုက်ပွဲဝင်နေတာလည်းဖြစ်ပါတယ်။



*ပုံ – အမျိုးသမီးကမ်ပိန်း – အမ်ပါဝါဖောင်ဒေးရှင်းအကြောင်း*



*ပုံ – အမျိုးသမီးကမ်ပိန်း – အမ်ပါဝါဖောင်ဒေးရှင်းအကြောင်း*

........................................

**ဆန်နဲ့စံပယ်ပန်း**

**ဦးဆောင်သူ…ဂျက်ကီ**

I am woman သီချင်း ဟာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့အတွက်၊ ကမ္ဘာ့ ကုလသမဂ္ဂက နှစ် ၇၀ ပြည့်နှစ်ကတည်းက အသုံးပြုခဲ့တဲ့ theme song လေး ဖြစ်ပါတယ်။ မနက်ဖြန် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဖြစ်လို့ အထူးညှေ့သည်ကို ဖိတ်ခေါ်ထားတယ်။ ဒီနေ့မှာတော့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို လေ့လာကြည့်မှာ ဖြစ်တယ်။ တကယ်တမ်း၊ နေ့တိုင်းက အမျိုးသမီးများနေ့ဖြစ်ပါတယ်။ ဒီနေ့ ခေါင်းစဉ်က ထမင်းပန်းကန်ထဲမှာ ထမင်းထည့်ပြီး ခေါင်းမှာ စံပယ်ပန်း ပန်ကြစို့ ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာဖြစ်တယ်။

**အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့** International Women day ဖြစ်ပေါ်လာဖို့ သန်းချီသော အမျိုးသမီးတွေရဲ့ လှုပ်ရှားမှု၊ ကြိုးပမ်းဆောင်ရွက်မှုကနေ ဖြစ်ပေါ်လာတယ်။ အလုပ်သမား၊ ငြိမ်းချမ်းရေး၊ တန်းတူရေး၊ မဲပေးခွင့် စတဲ့ လှုပ်ရှားမှုတွေကနေ စတင်လာခဲ့ပါတယ်။ အထည်ချုပ် အလုပ်သမားအမျိုးသမီး လှုပ်ရှားမှုကနေ စတင်ခဲ့တယ်လို့လဲ ပြောလို့ရပါတယ်၊ အထည်ချုပ် အလုပ်သမားလို့ ပြောရင် အဲ့ဒီအချိန်တုန်းက ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးတွေ ဖြစ်တာ တွေ့ရတယ်။

**မဲပေးပိုင်ခွင့်** သမိုင်းကြောင်းကို လေ့လာရင် ၁၈၆၆ ခုနှစ် ယူကေနိုင်ငံမှာ အမျိုးသမီးတွေက ပထမဦးဆုံး လက်မှတ်ရေးထိုးပြီး လွှတ်တော်မှာ မဲပေးခွင့် တောင်းဆိုခဲ့တယ်။ အဲ့ဒီအချိန်တုန်းက ငွေကြေးရှိတဲ့ အမျိုးသားတွေသာ မဲပေးခွင့်ရခဲ့တယ်။ အမျိုးသမီးတွေက တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးအဖွဲ့ အသိုင်းအဝိုင်းဖြစ်အောင် စုပြီး တစ်နိုင်ငံလုံးအဆင့်

သမဂ္ဂကို ဖွဲ့စည်းခဲ့တယ်။ အဲ့လို လှုပ်ရှားမှုကနေ နှစ်ပေါင်း ၄၀ လောက်ကြာတဲ့အခါ အထူးသဖြင့် အထည်ချုပ် အမျိုးသမီး အလုပ်သမား ၃၇,၀၀၀ မှ လက်မှတ်ရေးထိုးပြီး လွှတ်တော်မှာ ထပ်မံ တောင်းဆိုခဲ့တယ်။ ၁၉၀၅ ခုနှစ်မှာ အမျိုးသမီးတွေက စစ်သားလို ချီတက်၊ လွှတ်တော် ပြတင်းပေါက်ကို ရိုက်ခွဲပြီး တိုက်ပွဲဝင်ကြတယ်။ အမျိုးသမီးတွေ အဖမ်းခံ ထောင်ချခံရတယ်၊ ထောင်ထဲမှာလည်း အစာအငတ်ခံ ဆန္ဒပြကြတယ်။ ထောင်အာဏာပိုင်တွေက အမျိုးသမီးတွေကို အတင်း အစာကျွေးကြ တယ်၊ အဲ့ချိန်မှာ လွှတ်တော် ဥပဒေတစ်ရပ် အတည်ပြုလိုက်ပြီး ကြောင်နဲ့ကြွက် ဥပဒေလို့ ခေါ်တွင်တယ်။ ဆိုလိုချင်တာက ထောင်ထဲက အမျိုးသမီးတွေ ထောင်ထဲမှာသာ သေသွားရင် အစိုးရမျက်နှာပျက်မှာစိုးတော့ မကျန်းမာတဲ့ အမျိုးသမီးကို လွှတ်ပြီး ကျန်းမာလာတဲ့အခါ ပြန်ဖမ်းဖို့ ကြံစည်ကြပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေက အရှုံးမပေးဘဲ ဆက်လက် တိုက်ပွဲဝင်ခဲ့တယ်။ ၁၉၀၇ ခုနှစ်မှာ လွှတ်တော်မှာ ပထမဦးဆုံးအကြိမ် အမျိုးသမီး မဲပေးခွင့် ဥပဒေကြမ်းတစ်ရပ် ရေးဆွဲ ခဲ့ပေမယ့် အရာမတွင်ခဲ့ဘူး။ နောက်ဆုံး ၁၉၂၈ ခုနှစ် ရောက်မှပဲ မဲပေးခွင့် ရခဲ့တယ်။ ဒီလိုဖြစ်လာဖို့ နှစ်ပေါင်း ၆၀ ကျော် ကမ်ပိန်းတွေ လုပ်ခဲ့ပြီး အားကြိုးမာန်တက် ကြိုးစားခဲ့ရတယ်။ ထိုင်းမှာ အမျိုးသမီး မဲပေးခွင့်က ၁၉၃၉ မှာ ရရှိခဲ့တယ်။ ဥပဒေအရ ပြဋ္ဌာန်းခဲ့ပေမယ့် ၁၉၅၂ ခုနှစ် ရောက်မှပဲ အမျိုးသမီးတွေ ကိုယ်တိုင်ကိုယ်ကျ မဲပေးခွင့်ရခဲ့တယ်။ မြန်မာနိုင်ငံမှာ အမျိုးသမီးတွေ ဘယ်ချိန်မှာ မဲပေးခွင့်ရခဲ့သလဲ? ၁၉၂၃ ခုနှစ် တစ်ချို့ပြည်နယ်ဒေသတွေသာ ရခဲ့ပြီး ၁၉၃၅ ခုနှစ်ရောက်မှသာ တစ်နိုင်ငံလုံးအဆင့် မဲပေးခွင့်ရခဲ့တယ်။ ကမ္ဘောဒီးယားမှာ အမျိုးသမီးတွေရော အမျိုးသားတွေ တပြိုင်နက်တည်း မဲပေးခွင့် ရခဲ့ပြီး အရမ်းနောက်ကျခဲ့တယ်။ ၁၉၉၃ ခုနှစ်မှာသာ ဖြစ်တယ်။

**၁၉၀၈ ခုနှစ်၊ အမေရိကန် နိုင်ငံက နောက်ထပ်အမျိုးသမီးလှုပ်ရှားမှုတစ်ခုက**၊ ၁၉၀၈ခုနှစ် အမေရိကန်က အမျိုးသမီး တွေ ရုန်းကန်ရတဲ့အချိန်ဖြစ်ပြီး အမျိုးသမီး အလုပ်သမား ၁၅,၀၀၀ က နယူးယောက်မှာ လုပ်ခလစာ ကောင်းမွန်စွာ ရရှိ ရေး၊ အလုပ်ချိန် လျှော့ချရေး၊ မဲပေးခွင့် ရရှိရေးအတွက် ချီတက် ဆန္ဒပြ တောင်းဆိုခဲ့တယ်။ အမေရိကန် ဆိုရှယ်လစ်ပါတီကနေ အမျိုးသမီးနေ့ကို သတ်မှတ်ပြီး ဦးဆောင် ချီတက် ဆန္ဒပြကြတယ်။

၁၉၁၀ခုနှစ် အမျိုးသမီးတွေအတွက် နိုင်ငံတကာ ဆိုရှယ်လစ် ညီလာခံကို နိုင်ငံပေါင်းစုံက၊ အမျိုးသမီး ၁၀၀ တက် ရောက်ခဲ့တယ်။ အဲ့ဒီခေတ်က အယောက် ၁၀၀ တက်နိုင်ဖို့ ခက်ခဲလို့၊ ၁၇ နိုင်ငံကပဲ၊ တက်ရောက်လာခဲ့ပါတယ်။ အပြည်ပြည် ဆိုင်ရာ အမျိုးသမီးနေ့ကို သတ်မှတ်ဖို့ ဆွေးနွေးတောင်းဆိုခဲ့ကြတယ်။ နောက်တစ်နှစ် ဥရောပမှာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကျင်းပခဲ့တယ်။ အမျိုးသား အမျိုးသမီး ၁သန်းကျော် စုပေါင်း ချီတက်ပြီး အမျိုးသမီးတွေ မဲပေးခွင့် ရရှိရေး၊ အလုပ်လုပ်ခွင့် ရရှိရေး၊ ပညာသင်ခွင့်ရရှိရေး၊ အစိုးရရုံးတွင် လုပ်ကိုင်ခွင့် ရရှိရေးနဲ့ ခွဲခြားဆက်ဆံခံရမှု ပပျောက် ရေးအတွက် တောင်းဆိုခဲ့ကြတယ်။

ချီတက်ပွဲပြီးနောက် ရက်ပေါင်း အနည်းငယ်မှာ နယူးယောက်အထည်ချုပ်စက်ရုံ **Triangle Shirtwaist Factory, New York** မီးလောင်တဲ့ထဲ ၁၄၆ ယောက် သေဆုံးခဲ့ပြီး၊ ၁၂၃ ယောက်က အသက် ၁၄-၂၃ ကြား အမျိုးသမီး အလုပ်သမားတွေ ဖြစ်တယ်။ အဲလိုအများကြီးသေဆုံးရခြင်းအကြောင်းရင်းက ထွက်ပေါက်ကို အလုပ်ရှင်က ပိတ်ထားခဲ့လို့ ဖြစ်ပြီး အမြောက်အများ သေဆုံးခဲ့ရတယ်။ အများစုက ရွှေ့ပြောင်းအလုပ်သမားတွေ ဖြစ်တယ်။ အဲ့ဒီအဖြစ်အပျက်ပြီး နောက်ပိုင်း မှာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး စက်ရုံအလုပ်သမား သမဂ္ဂကို ဖွဲ့စည်းခဲ့ပါတယ်။

**Rose Schneiderman** က၊ အမျိုးသမီးတွေဟာ စားစရာအတွက် ပေါင်မုန့်ကိုလိုအပ်သလို၊ ပန်းစရာ နှင်းဆီလည်း လိုအပ်တယ်လို့ သူ့ရဲ့မိန့်ခွန်းမှာပြောခဲ့ပါတယ်။ သူမက ပိုလန်မှာ မွေးဖွားခဲ့ပြီး အမေရိကန်ကို ရွှေ့ပြောင်းလာသူ တစ်ဦး ဖြစ်တယ်။ သူမ ပြောတာက အလုပ်လုပ်တဲ့ အမျိုးသမီးတစ်ယောက်က လူတစ်ယောက်အနေနဲ့ ဖြစ်တည်နေရုံသာ မကဘဲ ချမ်းသာတဲ့အမျိုးသမီး တစ်ယောက်လိုပဲ နေရောင်ခြည်ခံစားခွင့်၊ သီချင်း၊ အနုပညာ ခံစားခွင့် ရှိရမယ်လို့ ပြောခဲ့တယ်။ အလုပ်လုပ်ကိုင်ခွင့်ရမှုသာ ပိုက်ဆံရပြီး စားစရာတွေဝယ်စားလို့ရမှာ ဖြစ်ပြီး အသက်ရှင်ရပ်တည်ခွင့်ရရှိမယ်လို့ ဆိုလိုတာ ဖြစ်တယ်။ အမျိုးသမီးတွေ နေရောင်ခြည်၊ သီချင်း အနုပညာ ခံစားခွင့်ရမယ်ဆိုတာ ဘဝမှာ နှင်းဆီပန်းကို လိုအပ်ပြီး စိတ်

ပျော်ရွှင်မှုအတွက် ရယူပိုင်ဆိုင်ခွင့်ရှိရမယ်လို့ ပြောတာဖြစ်တယ်။ အာရှသဘောအရ ပြောရမယ်ဆိုရင် ပေါင်မုန့်အစား ထမင်း၊ နှင်းဆီပန်းအစား စံပယ်ပန်းလို့ ဆိုလို့ရတယ်။ အမျိုးသမီးတွေ စားစရာ ဆန်ရှိရမှာ ဖြစ်သလို ပန်စရာ စံပယ်ပန်း လည်း ရှိရပါမယ်။ အစားသောက် တစ်ခုတည်းနဲ့သာ ရှင်သန် နေရတာထက် ပျော်ရွှင်ကျေနပ်မှု ရှိဖို့လည်း လိုတယ်။ Rose က Bread and Roses ဆိုတဲ့စကားကို၊ ချမ်းသာတဲ့အမျိုးသမီးတွေနဲ့ တွေ့တဲ့အခါတိုင်း ပြောခဲ့တာဖြစ်တယ်။

၁၉၁၂ ခုနှစ်မှာပဲ Lawrence အထည်ချုပ် စက်ရုံမှာ ဆန္ဒပြမှု ဖြစ်ခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမား ၂၀,၀၀၀ကျော်က လုပ်ခလစာ ဖြတ်တောက်ခံရလို့ ၂ လကျော်ကြာ ဆန္ဒပြခဲ့တယ်။ လုပ်ငန်းခွင် အခြေအနေ ပိုကောင်းလာရေး၊ လုပ်ခလစာ တိုးမြှင့်ရရှိရေး၊ အိမ်သာတက်ခွင့်ရရှိရေး၊ ဆင်းရဲချမ်းသာ ကွာဟမှု ပပျောက်ရေးတွေကို တောင်းဆိုခဲ့တယ်။ ၂လကျော် ဆန္ဒပြပွဲမှာ လစာမရတော့ စားစရာ မရှိဘဲ ကလေးတွေ အစာငတ်ခဲ့ရတယ်။ အလုပ်ရှင်တွေဘက်ကလည်း ကလေးတွေကို မိခင်တွေနဲ့ ခွဲထားပြီး အခြားမြို့က သူတွေကို ကျွေးမွေးစေတယ်။ အမေရိကန် လူထုကလည်း ဒီဖြစ်ရပ်ကို လက်မခံနိုင် တော့မှ အစိုးရဘက်ကလည်း စတင် စုံစမ်းမှုတွေ လုပ်ခဲ့တယ်။ မီဒီယာဘက်ကလည်း ရေးသားလာပြီး လူထုကလည်း ကိုယ်ချင်းစာ စိတ်ဝင်စားလာတော့ အစိုးရက စုံစမ်းမှုတွေ လုပ်ခဲ့တယ်။ ဆိုးဝါးတဲ့ လုပ်ငန်းခွင် အနေအထား ဖြစ်နေလို့ အစိုးရ လာစစ်မှာ ကြောက်တော့လည်း အလုပ်သမားတွေ လစာကို ၂၀% တိုးပေးခဲ့တယ်။

၁၉၁၇ခုနှစ် ပထမကမ္ဘာစစ် ကာလဖြစ်တော့ ရုရှားမှာ အထည်ချုပ် အလုပ်သမား အမျိုးသမီးတွေက စတင် ဆန္ဒပြခဲ့တယ်။ မြို့တော်ကနေ နိုင်ငံတစ်ဝှမ်း ပြန့်နှံ့သွားပြီး ကမ္ဘာစစ် ရပ်တန့်ပေးရေး၊ အစားသောက် လုံလောက်စွာ ရရှိရေး၊ အင်ပါယာစနစ် ပြောင်းလဲပေးရေးတို့ကို တောင်းဆိုခဲ့တယ်။ ဒါကတော့ ရုရှားနိုင်ငံရဲ့ တော်လှန်ရေး စတင်ခဲ့တဲ့ အကြောင်းအရာ ဖြစ်ခဲ့တယ်။ ၇ ရက် ကြာပြီးနောက် နီကိုလစ် ၂က ထွက်ခွာသွားပြီး အစိုးရမှ အမျိုးသမီး မဲပေးခွင့်ကို ခွင့်ပြုပေးခဲ့တယ်။

**ကျမတို့ ထမင်းရော ၊ စံပယ်ပန်းရော နှစ်မျိုးလုံးကို ဘယ်လိုမျိုးရနိုင်မလဲ**

ကမ္ဘာ့သမိုင်းကို လေ့လာကြည့်ပြီးနောက် ကျွန်မတို့အနေနဲ့ရော how do we get both rice and jasmine? အလုပ်သမား လှုပ်ရှားမှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး လှုပ်ရှားမှု၊ ဒီမိုကရေစီ လှုပ်ရှားမှုတွေ ရှိတယ်။ ဒီမိုကရေစီ လှုပ်ရှားမှုမှာ အမျိုးသမီး မပါရင် မမျှတပါဘူး။ အခြားလှုပ်ရှားမှုတွေလည်း လုပ်လို့ရပါတယ်။ အောင်မြင်ဖို့ လှုံ့ဆော် စည်းရုံးတာ၊ လက်မှတ်ရေးထိုးတောင်းဆိုတာ၊ ပညာပေးတာ၊ ညှိနှိုင်းဆွေးနွေးတာ၊ မီဒီယာ အသုံးပြုတာ၊ ဆန္ဒပြတာ၊ သုတေသန လုပ်တာတွေ လုပ်လို့ရတယ်။ အမျိုးသမီး ခွဲခြားဆက်ဆံမှု ပပျောက်ဖို့ စည်းရုံးလှုံ့ဆော်မှုတွေ လုပ်နိုင်ပါတယ်။ အလုပ်သမား ဥပဒေ ပြောင်းလဲဖို့၊ လက်ထပ်ခွင့်တွေ၊ အမွေဆက်ခံခွင့်တွေ အတွက် စည်းရုံးလှုံ့ဆော်တာတွေ ရှိတယ်။ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ဥပဒေတွေ ပြုပြင်ပြောင်းလဲဖို့နဲ့ အသုံးပြုနိုင်ဖို့ ကမ်ပိန်းတွေ လုပ်ဖို့ လိုတယ်။ နိုင်ငံတကာ ဥပဒေတစ်ခုကို နိုင်ငံတစ်နိုင်ငံက လက်မှတ်ရေးထိုးလိုက်ပြီးရင် ဥပဒေကို အသုံးချရပြီး ပြန်လည်အစီရင်ခံ ရတယ်။ စောင့်ကြည့်လေ့လာတဲ့ စနစ်တွေပါတယ်။

ILO ရဲ့ အမျိုးသမီး မီးဖွားခံစားခွင့် (C 183) ပြဋ္ဌာန်းချက်ကို၊ မကြာခင်ကမှ ပြင်ဆင်ထားပါတယ်။ ဒီ ပြဋ္ဌာန်းချက်မှာ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် အပိုဒ် ၉ မှာ အဖွဲ့ဝင်နိုင်ငံတွေက အမျိုးသမီးတွေကို ကာကွယ်တဲ့ အချက်၊ အလုပ် အကိုင်ရရှိရေး အချက်ကို ဖော်ပြထားတယ်။ အမျိုးသမီး အလုပ်သမားတွေ အလုပ်လျှောက်တဲ့အခါ ကိုယ်ဝန်ရှိမရှိ မစစ်ဆေးရဘူး။ အမျိုးသမီးတွေ လုပ်ငန်းခွင် အကြမ်းဖက်မှုနဲ့ ခွဲခြားဆက်ဆံခံရမှု အဆုံးသတ်ရေး ဆိုတဲ့ အချက်လည်း ပါတယ်။ ဒီ ပြဋ္ဌာန်းချက်ကို အာရှမှာ၊ ဘယ်နိုင်ငံမှ လက်မှတ် မရေးထိုးထားပါဘူး။

လုပ်ငန်းခွင် နှင့် ဆက်စပ်တဲ့ အဝန်းအဝိုင်းတစ်ခုလုံးမှာ လူတိုင်းက အကြမ်းဖက်မှုနှင့် စော်ကားမှု ပပျောက်စေရေး (C190) ပြဋ္ဌာန်းချက်ကိုလည်း အာရှက ဘယ်နိုင်ငံကမှ လက်မှတ် ရေးထိုးခြင်းမရှိကြပါဘူး။

C189 အိမ်အကူအလုပ်သမားများ အတွက်ပြဋ္ဌာန်းချက်က အိမ်အကူအလုပ်က အလုပ်ဖြစ်ကြောင်းနဲ့ အိမ်တွင်း အလုပ်သမားတွေအတွက် အလုပ်သမားအခွင့်အရေး၊ နေထိုင်မှုအခြေအနေတွေကို ပံ့ပိုးပေးရမယ် ဆိုတာလည်း ပြဋ္ဌာန်း ထားပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ထိုင်းရော မြန်မာရော လက်မှတ်မရေးထိုးထားပေမယ့် အာရှ နိုင်ငံတချို့က လက်မှတ် ရေးထိုးထားတယ်။

တန်းတူညီမျှမှုရှိဖို့ အလုပ်သမားတိုင်း၊ ကျား-မ မခွဲခြားဘဲ အားလုံး တန်ဖိုးထားခံရမှုနဲ့ လေးစားခံရမှု ရှိဖို့ လိုအပ်တယ်၊ အဆင့်တိုင်းရှိ အလုပ်အကိုင် လက်လှမ်းမှီ ရရှိဖို့လိုတယ်၊ လူတိုင်းက ပညာသင်ယူနိုင်ခွင့်၊ အဆင့်မြင့်ပညာ၊ သိပ္ပံပညာရပ်၊ အားကစား၊ အနုပညာ၊ လွှတ်တော်မှာ ပါဝင်ခွင့်၊ စီးပွားရေး လုပ်ကိုင်ခွင့်တွေ ရှိရမယ်။ အမျိုးသမီးပြောတာကို နားထောင်ပေးရမယ်၊ အမျိုးသမီး အသံကို ကြားဖို့နဲ့ လူရှေ့မှာ မြင်သာရမယ်။ ကျွန်မတို့ သမိုင်းကို သတိရပြီး လေစားခံရဖို့ ထိုက်တန်ပါတယ်။ အတိတ်နဲ့ လက်ရှိ အမျိုးသမီး ဆောင်ရွက်ချက် အောင်မြင်မှုတွေကို မှတ်တမ်းတင်ဖို့နဲ့ အများသူငှာ လေးစားအားကျဖို့ လုပ်ဖို့လိုတယ်။ စံပယ်ပန်းနှင့် ဆန်က အားလုံးအတွက်ပါပဲ။



*ပုံ – ဆန်နှင့်စံပယ်ပန်း – ဦးဆောင်သူ – ဂျက်ကီ*

## ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် ဆောင်ရွက်ချက်များ

**Chorthicha Jangrew (Move Forward Party)**

တတိယနေ့အမျိုးသမီးနိုးနှောဖလှယ်ပွဲ မနက်ခင်းမျက်နှာစုံညီ အစီအစဉ်မှာ move forward ပါတီမှ ခွန်ချွန်တိချာ က ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် move forward ပါတီက ဆောင်ရွက်ချက်များနဲ့ရွှေ့ပြောင်း အလုပ်သမားများရဲ့အခက်အခဲများကိုတင်ပြသွားပါတယ်။

ချွန်တိချာဟာ ပထုံဌာနီ move forward ပါတီမှ ပါတီကိုယ်စားလှယ်ဖြစ်ပါတယ်။ သူမဟာ ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးအတွက် ကိုယ်စားပြုလုပ်နေတဲ့သူဖြစ်သလို၊ ရွှေ့ပြောင်း အလုပ်သမားများ နှင့်ပတ်သတ်ပြီး ဥပဒေနှင့် မူဝါဒများ ကို လုပ်ဆောင်နေသူလည်း ဖြစ်ပါတယ်။

ထိုင်းနိုင်ငံဟာ နိုင်ငံခြားရေး နှင့် လူ့အခွင့်အရေး ကော်မတီဝင်နိုင်ငံ ဖြစ်ပါတယ်။ စစ်အာဏာသိမ်း နောက်ပိုင်း မြန်မာနိုင်ငံကရွှေ့ပြောင်းသူများနဲ့ စစ်ဘေးရှောင်သူများပိုမိုများပြားလာပါတယ်။

ထိုင်းနိုင်ငံထဲမှာ ရွှေ့ပြောင်းအလုပ်သမား ၈ သန်းကျော်ရှိပါတယ်။ လာအို၊ ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံတို့မှ ဖြစ်ကြပါတယ်။ ထိုင်းနိုင်ငံထဲမှာ ရွှေ့ပြောင်းအလုပ်သမားတွေဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ထိုင်းလူမျိုးတွေမလုပ်ချင်ကြတဲ့ 3Ds လို့ခေါ်တဲ့ (Dirty, Difficult, Dangerous) ညစ်ပတ်တဲ့အလုပ်၊ အန္တရာယ်ရှိတဲ့အလုပ်နဲ့ ခက်ခဲတဲ့အလုပ်တွေကို ရွှေ့ပြောင်းအလုပ်သမားတွေက လုပ်ဆောင်နေကြတာဖြစ်တယ်။

ရွှေ့ပြောင်းအလုပ်သမား သုံးအုပ်စုရှိတယ်။ ပထမ အုပ်စုက MOUနဲ့ လာတဲ့အုပ်စုဖြစ်တယ်။ MOUနဲ့လာရင် ပထမ ၂ နှစ် ပြီးရင် ၂ နှစ်စီ တိုး၊ ၄ နှစ်ပြီးရင် မြန်မာပြည် ပြန်ရတယ်၊ သူတို့တွေ မပြန်နိုင်တဲ့အခါကျရင် ဘယ်လို ဖြေရှင်းပေးရမလဲ ဆိုတာ သေချာမသိသေးပါဘူး။

ပန်းရောင်ကဒ် ကိုင်ဆောင်သူများ အုပ်စု၊ ပန်းရောင်ကဒ် ကိုင်ဆောင်သူကတော့ မြန်မာနိုင်ငံသား အများစုလို့ ပြောလို့ရပါတယ်။ လူဦးရေ ၂.၄ သိန်း ရှိပါတယ်။

နယ်စပ် ဒေသတွင် နေထိုင်သူများလည်းရှိပါတယ်။ သူတို့က နယ်စပ် ဖြတ်ကျော် လက်မှတ် ကိုင်ဆောင်ထားပြီး နေ့စဉ် ထိုင်း နှင့် မြန်မာ နယ်စပ် ကို ဖြတ်ကျော် မနက်သွား ညပြန် လုပ်ဆောင် နေသူများရှိပါတယ်။ များသောအားဖြင့် စိုက်ပျိုးရေးမှာ ဝင်ရောက်လုပ်ကိုင်ကြတယ်။

အလုပ်လုပ်ကိုင်ခွင့် လက်မှတ် ရရှိသူများက ၂ သန်း ဦးရေရှိပြီး လက်မှတ်မရှိသူများကတော့ ၁၀ သန်းကျော် လောက်ရှိပါတယ်။

အဲ့ဒီအထဲမှာမှ နိုင်ငံရေးအခြေအနေကြောင့် လာတဲ့သူ ရှိသလို ဒီမှာ ရောက်နေသူလည်း ရှိတယ် ထိုင်းအစိုးရက အထောက်အထား မရှိတဲ့ လူ ၁၀ သန်း ကို မဖမ်းဖို့နဲ့ ရှေ့ဆက် ဘယ်လိုလုပ်ပေးရမလဲဆိုတာ ဆွေးနွေးနေပါတယ်။

နောက်ပိုင်း နိုင်ငံရေးအခြေအနေကြောင့် ရောက်လာတဲ့သူတွေက အရည်အချင်းရှိသူတွေ ဖြစ်ပြီး၊ ဆရာဝန် သူနာပြု အင်ဂျင်နီယာတွေ ဖြစ်တယ်။ ထိုင်းမှာလည်း လိုအပ်နေတဲ့ လူတွေဖြစ်ပြီး ထိုင်းမှာ နေထိုင်ခွင့် အလုပ်လုပ်ခွင့်ရအောင် လွှတ်တော် ကိုယ်စားလှယ်တွေလည်း ဆွေးနွေးနေကြပါတယ်။ ပြည်သူ့ကိုယ်စားလှယ်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာ လုပ်နေပေမယ့် အလုပ်သမား ကိုယ်တိုင်ကတော့ အခက်အခဲတွေကို ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ အလုပ်သမား ကာကွယ်တဲ့ ဥပဒေရှိပြီးသား ဖြစ်ပေမယ့် ရှိနေတဲ့ ဥပဒေကို အလုပ်ရှင်တွေက မကျင့်သုံးကြပါဘူး။

ရွှေ့ပြောင်းအလုပ်သမားများကထိုင်းလူမျိုးနဲ့ တန်းတူ အလုပ်လုပ်ရပေမယ့် လုပ်အားခ မညီမျှတာတွေ လည်းရှိကြပါတယ်။ အလုပ်သမားတွေအနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲ၊ နိုင်ထက်စီးနင်းခံရမှုတွေကို တိုင်ကြားဖို့ နေရာအခက်အခဲနဲ့ဘာသာစကားအခက်အခဲတွေရှိနေပါတယ်။

ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ဆေးကုသခွင့် သားသမီးတွေ ကျောင်းနေပိုင်ခွင့်၊ စတဲ့ အလုပ်သမားအခွင့်အရေးတွေ ရှိတယ်။ ဒါ့ပြင် နေထိုင်ခွင့်ဗီဇာတိုးတဲ့ ကိစ္စတွေကို အဆင့်ဆင့် လုပ်နေရတာတွေက ပွဲစားတွေကို ပေါ်ပေါက်လာစေသလို၊ အစိုးရဌာနတာဝန်ရှိသူတွေကိုလည်း လာဘ်ပေးလာဘ်ယူပေါ်ပေါက်စေပါတယ်။

ဒါ့ပြင် မြန်မာသံရုံးက ရွှေ့ပြောင်းအလုပ်သမားတွေအပေါ်အခွန်ကောက်ခံတဲ့ကိစ္စ၊ စစ်ဘေးရှောင်တွေရဲ့ ပြဿနာ၊ စစ်မှုထမ်းရမယ့်ဥပဒေ စတာတွေကို မြန်မာနိုင်ငံသားများက ရင်ဆိုင်နေကြရပါတယ်။

ဒီအခက်အခဲကို ဖြေရှင်းဖို့က အလုပ်သမားတွေရဲ့အသံတွေ၊ ကိုယ်တိုင်ကြုံတွေ့တဲ့အခက်အခဲတွေကို ကိုယ်တိုင်ဖွင့်ပြောဖို့ လိုအပ်ပါတယ်။

အခွန်ကိစ္စနဲ့ ပတ်သက်ပြီး ထိုင်းအစိုးရအနေနဲ့လုပ်ဆောင်ပေးလို့မရပေမယ့်လည်း အလုပ်သမားတွေနဲ့ တွေ့ဆုံပြီး သူတို့အခက်အခဲတွေကို ထိုင်းအစိုးရအနေနဲ့ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားပေးရမှာဖြစ်ပါတယ်။ လာမယ့် ၂၀၂၅ ဖေဖော်ဝါရီလ ၁၃ရက်မှာ အလုပ်သမား ၂သန်းကျော် work permit နဲ့ ဗီဇာသက်တမ်းကုန်မှာ ဖြစ်တယ်။ သံရုံးမှာ အခွန်မဆောင်ရင် သက်တမ်းတိုးလို့မရမှာဖြစ်တဲ့အပြင်၊ နောက်ပိုင်းဝင်လာမယ့်လူတွေအတွက် ဘယ်လိုလုပ်ပေးရမလဲ ဆိုတာ ထိုင်းအစိုးရကထည့်သွင်း စဉ်းစားပေးရမှာဖြစ်ပါတယ်။

Move forward ပါတီအနေနဲ့ အလုပ်သမားတွေအတွက် အကာအကွယ်ပေးထားတဲ့ ရှိပြီးသား ဥပဒေကို အစိုးရက ဘယ်လိုကျင့်သုံးသလဲဆိုတာကို စောင့်ကြည့်နေပါတယ်။ နေ့စားသမားတွေ ကို ပိုပြီးအကျိုးခံစားခွင့်ရှိမယ့် လခစား အလုပ်သမားဖြစ်အောင် ပြောင်းလဲဖို့၊ အလုပ်သမားတွေကို ခွဲခြားဆက်ဆံမှုမရှိဖို့၊ နေမကောင်းရင် ခွင့်ယူရန်၊ မီးဖွားခွင့် စသည်တို့ လက်ခံရယူဖို့ စတဲ့အချက်တွေကို လွှတ်တော်မှာတင်ပြဆွေးနွေးပေမယ့် ဥပဒေအရ ထုတ်ပြန်ဖို့တော့ ဆုံဖြတ်ချက်မကျသေးပါဘူး။

ILO ကြေညာချက် ၈၇ နဲ့ ၉၈ အရ အလုပ်သမားသမဂ္ဂဖွဲ့ဖို့ ထိုင်းအစိုးရက လက်မှတ်ရေးထိုးဖို့ လှုပ်ရှားမှုတွေလုပ်ရမှာဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမား သမဂ္ဂ ဖွဲ့နိုင်ဖို့ ပြဋ္ဌာန်းချက်ကို move forward ပါတီက အစိုးရလက်မှတ်ရေးထိုးဖို့ တောင်းဆိုပေမယ့်အလုပ်ရှင်ကတွေ မဖြစ်အောင် တားဆီးကြပါတယ်။

ဒီပြဋ္ဌာန်းချက်ကို ၂၅၅၃ ခုနှစ်မှာ လွှတ်တော်မှာ ဆွေးနွေးတင်ပြပေမယ့် ၂၅၅၄မှာ ပယ်ချခံလိုက်ရတယ်။ ၂၅၅၈ ခုနှစ်မှာ လူ့အခွင့်အရေး အဖွဲ့က ဒီ ပြဋ္ဌာန်းချက်ကို ထပ်တင်တယ်။ Move forward ပါတီကလည်း ဒီပြဋ္ဌာန်းချက်ကို အမြဲတောင်းဆိုသွားဖို့ရှိတယ်။

Move forward ပါတီကလည်း အလုပ်သမားတွေအတွက် တောင်းဆိုချက်များကို လုပ်ဆောင်နေပြီးသားဖြစ်တာကြောင့် ယခုအမျိုးသမီးနိုးနှောဖလှယ်ပွဲမှာ ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများရဲ့တောင်းဆိုချက်များကို အလေးထားပြီး လုပ်ဆောင်ပေးမှာဖြစ်သလို၊ တောင်းဆိုချက်များရရှိဖို့လည်း မျှော်လင့်ပါတယ်။

ထိုင်းနိုင်ငံတွင်းလာရောက်အလုပ်လုပ်ကိုင်ကြသော ရွှေ့ပြောင်းအလုပ်သမားများအားလုံးကို ကျေးဇူးတင်ကြောင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများရဲ့အခွင့်အရေးများကို အတတ်နိုင်ဆုံး လုပ်ဆောင်ကူညီသွားမယ်လို့လဲ ချွန်တိချာက နိဂုံးချုပ်မှာပြောကြားတင်ပြသွားပါတယ်။

၂၀၂၄ ခုနှစ် အမျိုးသမီးသမီးနိုးနှောဖလှယ်ပွဲတွင် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများရဲ့ တောင်းဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

### ၂၃ ကြိမ်မြောက် နှစ်ပတ်လည် အမျိုးသမီးနှီးနှောဖလှယ်ပွဲ

### ချင်းမိုင်မြို့၊ ၂၀၂၄ ခုနှစ်

ထိုင်းနိုင်ငံ တစ်ဝှမ်းရှိ ဒေသ ၃၀ ကျော်မှ စက်ရုံများ၊ စိုက်ခင်းများ၊ ဆောက်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းကဏ္ဍနှင့် ပုဂ္ဂလိကအိမ်ထောင်စုများတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီး ၁၀၀ သည် အလုပ်သမား၊ အမျိုးသမီးများ၊ မိခင်များနှင့် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ကျွန်ုပ်တို့၏ အခက်အခဲများနှင့် စိတ်ကူးအိပ်မက်များကို ဆွေးနွေးခဲ့ကြသည်။ ကျွန်ုပ်တို့သည် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအမျိုးသမီးများအားလုံး အခြေအနေ တိုးတက်ကောင်းမွန်လာစေရေးအတွက် အကြံပြုချက်အချို့ကို တိုက်တွန်းအကြံပြုအပ်ပါသည်။

၁။ မိခင်များအနေနဲ့ ကျွန်ုပ်တို့၏ သားသမီးများကို ပညာတတ်စေချင်တယ်။ ကျွန်ုပ်တို့သည် ထိုင်းအစိုးရ၏ ကတိကဝတ်ဖြစ်သည့် လူတိုင်းအတွက်ပညာရေးကို မြှင့်တင်ပေးရန်နှင့် ရွှေ့ပြောင်းကလေးသူငယ်များအားလုံး ၎င်းတို့၏ လူဝင်မှုကြီးကြပ်ရေးအခြေအနေနှင့် သက်ဆိုင်မှုမရှိစေဘဲ အစိုးရကျောင်းများ၊ အလွတ်သဘောပညာရေးအစီအစဉ်များ သို့မဟုတ် ရွှေ့ပြောင်းပညာသင်ကြားရေးစင်တာများတွင် ပညာသင်ကြားနိုင်စေရေး သေချာစွာ ဆောင်ရွက်ပေးရန် ထိုင်းအစိုးရအား တောင်းဆိုပါသည်။

၂။ အလုပ်သမားများအနေဖြင့် အနည်းဆုံးအခကြေးငွေနှင့် အချိန်ပိုအတွက် တရားဝင်နှုန်းထားများ၊ တရားမျှတမှုမရှိသော အလုပ်ထုတ်ပယ်ခြင်းနှင့် အန္တရာယ်မကင်းသော လုပ်ငန်းခွင်အခြေအနေများ အပါအဝင် ကျွန်ုပ်တို့၏ အလုပ်သမားအခွင့်အရေးများကို မကြာခဏ ချိုးဖောက်ခံနေရသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းခွင်များတွင် အလုပ်သမားဥပဒေများကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ကျင့်သုံးခြင်းများရှိစေရန်နှင့် အလုပ်ရှင်က အလုပ်ထုတ်ပယ်မှာကို စိုးရိမ်ကြောက်စရာမလိုဘဲ ရွှေ့ပြောင်းအလုပ်သမားများ အသုံးပြုနိုင်သည့် တိုင်ကြားရေးယန္တရားများကို ဖော်ဆောင်ပေးရန် ထိုင်းအစိုးရအား တောင်းဆိုပါသည်။

၃။ အမျိုးသမီးအလုပ်သမားများအနေဖြင့် မီးဖွားခွင့်အခွင့်အရေးနှင့် အလုပ်ထုတ်ပယ်ခြင်းမှ အကာအကွယ်ပေးခြင်း အခွင့်အရေးများကို ကျင့်သုံးဆောင်ရွက်ပေးရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။

၄။ အိမ်အကူအလုပ်သမားများအနေဖြင့် ကျွန်ုပ်တို့အား အလုပ်သမားများအဖြစ် အသိအမှတ်ပြုပေးရန်နှင့် အလုပ်သမားဥပဒေအောက်တွင် အပြည့်အဝအကာအကွယ်ပေးရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။

၅။ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မှတ်ပုံတင်ခြင်းနှင့် တရားဝင်ဖြစ်မှု အခြေအနေကို ထိန်းသိမ်းသည့် စနစ်များကို ရိုးရှင်းလွယ်ကူအောင်ပြုလုပ်ပေးရန် တောင်းဆိုပါသည်။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ထိုလုပ်ငန်းစဉ်တွင် အမြတ်ထုတ်သည့် ပွဲစားများကို အသုံးပြုစရာမလိုဘဲ ကျွန်ုပ်တို့ကိုယ်တိုင် လုပ်ငန်းစဉ်များကို ပြီးမြောက်စေရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၆။ နောက်ဆုံးအနေနှင့် ထိုင်းနှင့် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများ၏ လုပ်ငန်းခွင်အတွင်း ဘေးကင်းရေးနှင့် လုံခြုံရေးကို များစွာတိုးတက်ကောင်းမွန်စေမည့် ILO ၏ ပြဋ္ဌာန်းချက်ဖြစ်သည့် အလုပ်အကိုင်ဝန်းကျင်၌ အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုများ အဆုံးသတ်ရေး ပြဋ္ဌာန်းချက် (အမှတ်-၁၉၀) ကို အတည်ပြု လက်မှတ်ရေးထိုးရန် ထိုင်းနိုင်ငံအား လေးလေးနက်နက် တိုက်တွန်း အကြံပြုအပ်ပါသည်။

သင်၏ အချိန်နှင့် ကျွန်ုပ်တို့၏ တောင်းဆိုမှုများကို စဉ်းစားပေးမှုများအတွက် ကျေးဇူးတင်ပါသည်။ ထပ်မံ၍ ဆွေးနွေးမှုများ ပြုလုပ်လိုလျှင်ဖြစ်စေ လိုအပ်သော အသေးစိတ်အချက်အလက်များ လိုအပ်လျှင်ဖြစ်စေ ကျွန်ုပ်တို့သည် ဝမ်းမြောက်ဝမ်းသာစွာ ပြုလုပ်ပေးမည် ဖြစ်သည်။

*ဤတောင်းဆိုချက်များကို ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီး ၁၀၀ က ထောက်ခံ အတည်ပြုထားခြင်းဖြစ်သည်။*








*ပုံ – Move Forward ပါတီမှ ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းအလုပ်သမားများအတွက် ဆောင်ရွက်ချက်များ အကြောင်းဆွေးနွေးခြင်း*

# သင်တို့လုပ်အား၊ သူတို့အကျိုးအမြတ်

**ဦးဆောင်ဆွေးနွေးသူ – ဂျက်ကီ**

သင်တို့လုပ်အား၊ သူတို့အကျိုးအမြတ်ခေါင်းစဉ်ကို ဂျက်ကီကဦးဆောင်ခဲ့ပါတယ်။ သင်တန်းအစမှာ ဦးဆောင်သူနဲ့ တက်ရောက်လာတဲ့သင်တန်းသူများက ရွှေ့ပြောင်းအလုပ်သမား အမျိုးအစားများအကြောင်းကို ဗဟုသုတများအနေဖြင့်၊ အမေးအဖြေပြုလုပ်ပြီး အစပြုခဲ့ပါတယ်။

**ဦးဆောင်သူ...** ယခုသင်တန်းတက်ရောက်လာသူတွေထဲမှာဘယ်စက်ရုံမျိုးမှာအလုပ်လုပ်ကြပါသလဲ။

**တက်ရောက်သူ...** ရာဘာစက်ရုံ၊ အစားအသောက် စက်ရုံ၊ ဖက်ထုပ်စက်ရုံ၊ ပုစွန် စက်ရုံ၊ ကြက်သားစက်ရုံ၊ ငါးလုပ်ငန်းစက်ရုံ၊ ရေပိုက်ခေါင်းလုပ်တဲ့စက်ရုံ၊ အထည်ချုပ်စက်ရုံ

**ဦးဆောင်သူ...** စက်ရုံမှာ ရှိတဲ့ ကုန်ကြမ်းတွေက ဘယ်က လာတာလဲ။

**တက်ရောက်သူ...** ကြက်သားစက်ရုံဆိုရင် ကြက်ခြံက လာပါတယ်။

**ဦးဆောင်သူ...** စီပီ ကြက်ခြံဆို ထိုင်းနိုင်ငံတွင်မကပဲ မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေ မှာလည်း ရှိကြတယ်။

**တက်ရောက်သူ...** ထိုင်းမှာရှိတဲ့ ပုစွန်တော်တော်များများက အင်ဒိုနီးရှားရေပိုင်နက်ထဲက လာပါတယ်။ ထိုင်းနိုင်ငံက ငါးဖမ်းလှေတွေက အင်ဒိုနီးရှားရေပိုင်နက်ကို သွားဖမ်းလေ့ရှိပါတယ်။ သန့်စင်ပြီးသား ပုစွန်တွေကို ကိုးရီးယား နဲ့ ဂျပန်နိုင်ငံ ဆီကို ပို့ပါတယ်။

**ဦးဆောင်သူ...** ယူကေနိုင်ငံမှာဆိုလည်း ထိုင်းက တင်ပို့တဲ့ ပုစွန်တွေ အများကြီးရှိပါတယ်။ ရာဘာတွေကို ရာဘာစေးတွေက ခြံတွေကနေရတယ်။ စင်ကာပူတို့ မလေးရှားတို့ကို ပြန်ပို့ပါတယ်။ ရာဘာပြားတွေ၊ ရာဘာချေးတွေ စသဖြင့် ကုန်ချောတွေပြန်ထုတ်ပါတယ်။

ဆောက်လုပ်ရေး လုပ်ငန်းသုံးကျောက်ပြားတွေကို ထုတ်လုပ်ပါတယ်။ ဘိလပ်မြေမှုန့်တွေ ယူပြီး ကျောက်ပြား ထုတ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတွေကို ပြန်ရောင်းပါတယ်။ ကြက်သားကတော့ တရုတ်၊ ဂျပန်၊ ကိုးရီးယား သုံးနိုင်ငံကို ပို့ပါတယ်။ ဝယ်သူတွေအနေနဲ့လည်း စက်ရုံမှာ လာပြီးစစ်ဆေးတာတွေရှိပါတယ်။

မုန့်တွေထုတ်ပြီး လက်ကားရောင်းတဲ့ ဈေးရုံအကြီးကြီးတွေဆီပို့ပါတယ်။ သူတို့ ဘယ်ကို ပြန်ရောင်းသလဲဆိုတာ တော့ မသိရပါ။

**ဦးဆောင်သူ...** ကုန်ကြမ်းကနေစပြီးတော့ စက်ရုံကို ပို့ပြီး ကုန်ချောထုတ်လုပ်ကာ လက်လီပြန်ရောင်းတဲ့အထိ ကုန်စည်ဈေးကွက်ကို လေ့လာသွားမှာဖြစ်တယ်။ အရင် ဘိုးဘွားခေတ်က ကုန်စည်ဈေးကွက်နဲ့ ဒီနေ့ ဈေးကွက်ကတော့ ကွာခြားပါတယ်။ ဘိုးဘွားခေတ်ကတော့ ကိုယ်တိုင်ပဲ ကြက်မွေး၊ အသီးခူးပြီး ဒေသဈေးမှာ သွားရောင်းတာပဲရှိမယ်။ ဒီနေ့က တော့ ကုန်ကြမ်းတွေက စက်ရုံကနေလာတယ် ကုန်တွေကို စက်ရုံမှာပဲ ထုတ်လုပ်တယ်။ ကုန်ချောကိုလည်း နိုင်ငံတကာ တင်ပို့ရောင်းချတာရှိတယ်။

အမေးအဖြေပြီးတဲ့နောက် ဦးဆောင်သူက ဇတ်လမ်းတစ်ပိုဒ်ကိုဖတ်ပြပါတယ်။ အဲဒီဇတ်လမ်းထဲ ပါဝင်တဲ့ အကြောင်းအရာများက…

ဦးပိုတိုက သူ့ကိုယ်ပိုင် company ကို အမေရိကန်နိုင်ငံမှာ အထည်အလိပ်စက်ရုံ Poto Wear ဆိုပြီး ဆောက်လုပ်ထားပါတယ်။ နှစ်စဉ်ဝင်ငွေ ဒေါ်လာ ၁၂ သန်းကျော်ရှိပြီး၊ အိမ်ကြီးအိမ်ကောင်းနဲ့ ရေကူးကန် ပါတဲ့အိမ်ကြီးမှာ နေပါတယ်။ Poto Wear မှာ ဝန်ထမ်းပေါင်း ၁၀၀ ကျော်ရှိတယ်။ လစာကောင်းကောင်းရပြီး တော့ သူတို့အဓိကအလုပ်က အဝတ်အစားဖက်ရှင်တွေ အရောင်တွေကို ပြောင်းလဲတာတွေလုပ်ပါတယ်။ ဖက်ရှင်တွေ မြန်မြန် ပြောင်းလဲနိုင်မှပဲ လူတွေက ပိုပို ဝယ်ဝတ်တာ ဖြစ်ပါတယ်။ ဦးပိုတိုနဲ့ သူ့ဝန်ထမ်းတွေက ကိုယ်ပိုင်ဂျက်လေယာဥ်နဲ့ ဈေးသက်သာစွာ ထုတ်နိုင်တဲ့ အခွန်အခ နည်းတဲ့ အစိုးရနဲ့ တည်ငြိမ်တဲ့ နေရာ တွေကို လိုက်ရှာတယ်။ ဈေးသက်သာတဲ့၊ အခွန်ခအနည်းငယ်ပဲပေးရတဲ့၊ အစိုးရက တည်ငြိမ်တဲ့ နိုင်ငံတွေမှာ စက်ရုံ တည်ပါတယ်။

အမေရိကန်မှာက တစ်နာရီကို လုပ်အားခ ၅၀၀ဘတ် ရတယ်။ ဦးပိုတိုက သူ့နိုင်ငံ အမေရိကန်ရဲ့ နှုန်းထားအတိုင်း မပေးချင်တော့ သက်သာတဲ့ နေရာကို လိုက်ရှာတာဖြစ်တယ်။ ဘန်ကောက် အုန်းနွဲ့က မစ်စထရက်စ် ပိစ် (Mistress Piece) စက်ရုံကို ရွေးလိုက်တယ်၊ စက်ရုံက ပန်းရောင်တီရှပ် အထည် တစ်သောင်းကို နှစ်ပတ်အတွင်း ဘတ် ၁သိန်းခွဲနဲ့ ချုပ်ပေးဖို့ သဘောတူလိုက်တယ်။ စက်ရုံပိုင်ရှင် ဦးဆုံမ်ချိုင်းက တစ်ရက် လုပ်ခ ၃၆၅ဘတ် ပေးရတယ်၊ အလုပ်သမားတွေကတော့ တစ်ရက်ကို တစ်ယောက် အထည် ၄၀ ချုပ်ပေးရတယ်။ စက်ရုံပိုင်ရှင်က ဘန်ကောက်နဲ့ ချင်းမိုင်မှာ အိမ်ကောင်းတွေ ပိုင်တယ်။ ထိုင်း မှာဆို အတော်လေး ချမ်းသာတယ်။ အကျိုးအမြတ် ပြန်တွက်ရင် အလုပ်သမား တစ်ယောက်စီ ၃၆၃၀ဘတ် လုပ်အားခရပြီး ဦးဆုံမ်ချိုင်းက ၅၀,၂၅၀ ဘတ် ရရှိသွားတယ်။

ဦးဆုံမ်ချိုင်းက သူ့စက်ရုံမှာ အထည် ၅၀၀၀ ပဲ ချုပ်ပြီး မဲဆောက် စက်ရုံ ဘားမားရှပ် (Burma shirt) ကို အထည် ၆၀၀၀ ကို ဘတ် ၃၀၀၀၀ နဲ့ ပေးလိုက်တယ်။ Burma shirt ပိုင်ရှင် ဦးပရာဝတ်က အရမ်း မချမ်းသာပေမဲ့ မဲဆောက်မှာ အဆင်ပြေပြေ နေထိုင်တာ ဖြစ်တယ်။ မဲဆောက်က ရွှေ့ပြောင်းလုပ်သား တွေက တစ်ရက် ၁၅၀ ဘတ်နဲ့ အထည် ၆၀ ချုပ်ပေးရမှာ ဖြစ်တယ်၊ တစ်ရက် လုပ်ခက ၁၅၀ ဘတ်ပဲ ဖြစ်တယ်၊ မဲဆောက်မှာ အစိုးရသတ်မှတ်ထားတဲ့ အနည်းဆုံးလုပ်ခလစာက ၃၄၅ဘတ်ဖြစ်တယ်၊ တစ်နေ့ အထည် ၆၀ ချုပ်ရတော့ အရမ်းပင်ပန်းရတယ်။ အလုပ်သမားတွေ ၁၀ ရက် ဆက်တိုက်လုပ်တာ ၁၅၀၀ ဘတ်ပဲ ရတယ် ဦးပရာဝတ်က ဘတ် ၁၅,၀၀၀ ရတယ်။ အကယ်လို့ အနိမ့်ဆုံးလုပ်ခလစာ ၃၄၅ ဘတ်ပေးခဲ့ရင် အလုပ်သမား တစ်ဦးစီအတွက် ၃,၄၅၀ ဘတ် ရရှိမှာ ဖြစ်ပြီး သူကတော့ ၁၅,၀၀၀ ရမယ့်အစား ၅,၅၀၀ ဘတ်ပဲ ရတော့မှာ ဖြစ်တယ်။

ချုပ်ထားတဲ့ တီရှပ်တွေကို ကုန်တင်ကားပေါ် တင်ပြီး ဘန်ကောက်ရောက်ပြီးမှ သင်္ဘောကနေ ဘင်္ဂလားဒေ့ရှ်ကို ရောက်တယ်။ မောရက်လို့ ခေါ်တဲ့ ပွဲစားက အထည် ၁ သောင်းကို ထုတ်ယူပြီး အမျိုးသမီး တစ်ယောက် အထည် တစ်ထောင်စီ ခွဲပေးပြီး တံဆိပ်ကပ်ပေးဖို့ ပေးလိုက်တယ် တစ်ယောက် ၃၀၀ ဘတ် ရတယ်။ ဘာလို့ ဘင်္ဂလားဒေ့ရှ်ဆီ ပို့ပြီး တံဆိပ်ကပ်ခိုင်းလဲဆိုတော့ ဈေး ပိုသက်သာလို့ပါ။ နောက်တစ်ခုက ကုမ္ပဏီတွေက ထုတ်ကုန်တွေ ဘယ်က ထုတ်လဲဆိုတာ လက်စဖျောက်ချင်လို့ အဲ့လို လုပ်တာလည်း ပါတယ်။

နောက်တစ်နေ့ အမျိုးသမီးတွေက တီရှပ်တွေကို ပြန်ယူလာတယ်။ ဆိုက်ကားခ ၃၀ ဘတ်လည်း အကုန်ခံရတယ်။ မောရက်က တီရှပ်တွေ ပြန်ယူသွားပြီး အဖိုးအခအတွက် ဘတ် ၆၀၀၀ ရတော့ အလုပ်သမား အမျိုးသမီးတွေကို ၃၀၀၀ဘတ် ခွဲပေးလိုက်တော့ သူ့အတွက် ဘတ် ၃၀၀၀ ကျန်တယ်။

ချုပ်လိုက်တဲ့ တီရှပ်ကို သဘော်ာနဲ့ ဖြတ်သယ်ရတာက ပတ်ဝန်းကျင်အတွက် အကျိုးမဖြစ်စေဘူး တီရှပ်က လန်ဒန်က ကုန်တိုက်မှာ တစ်ထည် ဘတ် ၂၀၀၀ နဲ့ ရောင်းတယ်။ တီရှပ် ၁၀၀၀၀ x ၂၀၀၀ ဘတ် = ဘတ် သန်း ၂၀ ရတယ်။ ဦးပိုတိုက ဘတ် တစ်သိန်းခွဲ ရင်းထားပြီး ကုန်ကြမ်းနဲ့ ပို့ဆောင်ခ ဘတ် ၆၀၀၀ နှုတ်ရင် သူ့အတွက် အကျိုးအမြတ် ဘတ် ၁၅ သန်းကျော် ရရှိတယ်။ ဦးဆုံမ်ချိုင်းက အထည် ၁၀၀၀၀ အပ်ထည်ရပေမယ့် ၁၁၀၀၀ ကျော် ချုပ်တယ် ပိုနေတဲ့ အထည်တွေကို လန်ဒန်မှာ ၂၀၀၀ ရောင်းနေပြီး သူ့ဆီမှာ ၁၀၀၀နဲ့ ရနိုင်တယ်ဆိုပြီး ရောင်းလေ့ရှိတယ်။ တဆင့်စာချုပ်နဲ့ လုပ်တဲ့ စက်ရုံတွေက ဒါမျိုး လုပ်လေ့ရှိတယ်။ ဒါကလှုပ်ရှားမှုပြုလုပ်ရမယ့်ဇာတ်လမ်းဖြစ်ပါတယ်။

ဇာတ်လမ်းဖတ်ပြပြီးနောက် အဖွဲ့ ၅ ဖွဲ့ခွဲပြီး၊ လှုပ်ရှားမှုပြုလုပ်ပါတယ်။ အဖွဲ့ ၁ ဦးပိုတို၊ အဖွဲ့ ၂ ဦးဆုမ်ချိုင်း၊ အဖွဲ့ ၃ ဦးပရာဝတ်၊ အဖွဲ့ ၄ အလုပ်သမားအဖွဲ့ (ဘန်ကောက်၊ မဲဆောက်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံက အိမ်တွင်းအလုပ်သမများ)၊ အဖွဲ့ ၅ နောက်ဆုံးဝယ်ယူသူများတို့ဖြစ်ပြီး၊ အဖွဲ့လိုက် တစ်နေရာစီမှာစုထိုင်ပြီး၊ မေးခွန်းများကိုဆွေးနွေးရမှာပဲဖြစ်ပါတယ်။ မေးခွန်းတွေဖြေတဲ့အချိန်မှာ၊ မိမိရောက်ရှိနေတဲ့အုပ်စုကိုယ်စား စဉ်းစားပြီးဖြေပေးရမှာဖြစ်ပါတယ်။

မေးခွန်းများ…ကုန်စည်စီးဆင်းမှုဈေးကွက်မှာသင်တို့အုပ်စုရဲ့ တာဝန်ရှိတဲ့နေရာတွေက ဘာတွေလဲ။ သင်လုပ်နေတဲ့ အလုပ်တွေကရော မျှတမှုရှိရဲ့လား။ သင်တို့အနေနဲ့ တရားမဝင်လုပ်ဆောင်နေတဲ့အရာတွေရှိလား၊ ကျင့်ဝတ်နဲ့မညီတာ မျိုးတွေရောရှိပါသလား။

## အဖွဲ့လိုက်ရဲ့တင်ပြချက်များ…

## အဖွဲ့ ၁ – ဦးပိုတို

ထိုင်းနိုင်ငံမှာ အချက်အလက်သေချာကောက်ယူပြီးဈေးကွက်သေချာလေ့လာပြီးမှ ကျင့်ဝတ်နဲ့အညီ ထိုင်းနိုင်ငံ အလုပ်သမားဥပဒေနဲ့အညီ စာချုပ်ချုပ်ဆိုပြီး၊ စက်ရုံတည်ထောင်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ကျင့်ဝတ်နဲ့ ညီတယ်လို့ ထင်ပါတယ်။ အလုပ်သမားတွေကိုလည်း ဥပဒေနဲ့အညီ လုပ်အားခပေးထားတဲ့အတွက် တရားမျှတတယ်လို့ ထင်ပါတယ်။

### အကြံပြုချက်များ…

- ဦးပိုတိုအနေနဲ့ ထိုင်းမှာ ချုပ်နေတဲ့ အလုပ်သမားတွေ ဘယ်လောက်ရလဲဆိုတာ သိသင့်တယ်။ စက်ရုံက အလုပ်သမားဥပဒေနဲ့ညီမညီ စဉ်းစားသင့်တယ်။
- ဦးပိုတိုက လူကောင်းကြီးတစ်ယောက်တော့ ဖြစ်မနေခဲ့ဘူး။ သူ အမြတ်အများကြီး ရပေမယ့် အလုပ်သမား တွေကိုတော့ ဘယ်လောက်ရရ စိတ်မဝင်စားခဲ့ဘူး။ ဦးပိုတိုက အများဆုံး ရပြီး ကျန်တဲ့ သူဌေးတွေလည်း ရကြတယ်။ ဝယ်ယူသူတွေတော့ ဝယ်နိုင်ရင် ဝယ်လိုက်တယ်။ အလုပ်သမားတွေကတော့ မရကြဘူး။ တရား မျှတမှု မရှိရုံတင်မဟုတ်ဘူး ပိုပိုဆိုးလာဖို့ လုပ်နေသလို ဖြစ်တယ်။ အင်္ဂလန်မှာ တစ်နာရီ ၅၀၀ ဖြစ်လို့ ၄နာရီ လုပ်လိုက်ရင် တီရှပ်ဝယ်လို့ရသွားပြီ။ ထိုင်းမှာဆို ၄-၅ ရက်လောက် လုပ်ရမယ်။ လူတွေက များသောအားဖြင့် ဒီလိုမျိုးအလုပ်အကိုင် ဖန်တီးပေးတယ်လို့ ငြင်းခုန်လေ့ရှိတယ်။ ဖြစ်တော့လည်း ဖြစ်နိုင်ပါတယ်။ အကယ်လို့ ဦးပိုတိုက အမေရိကန်မှာပဲ စက်ရုံဖွင့်လိုက်ရင် ဒီထိုင်းကိုတော့ အလုပ်အကိုင် မရောက်လာတော့ဘူးပေါ့။ ဒီစနစ်က ကမ္ဘာလုံးဆိုင်ရာ စနစ်ကို ဆိုးဝါးစေတယ်။ သဘော်ာနဲ့ ကုန်တင်ကုန်ပို့တာကလည်း ပတ်ဝန်းကျင်ကို ဆိုးဝါးစေတယ်။

## အဖွဲ့ ၂ – ဦးဆုမ်ချိုင်း (ဘန်ကောက်စက်ရုံ)

ဦးပိုတိုက လာအပ်တဲ့ အထည် ၁၀၀၀၀ ကို အချိန် ၂ ပတ်အတွင်း ချုပ်ပေးရမှာဖြစ်ပြီး အလုပ်သမားတွေကိုလည်း သတ်မှတ်ထားတဲ့ အနည်းဆုံးလစာ နှင့်အညီ ပေးအပ်ရပါမယ်။ လုပ်တာတွေက မျှတလားဆိုရင် မျှတပါတယ်။ ကျင့်ဝတ် နဲ့အညီလားဆိုရင် မညီဖူး ဘာလို့လည်းဆိုတော့ အထည် ၁၀၀၀၀ ပိုချုပ်ထားတာပေါ့။ အထည် ၁၀၀၀၀ က အပိုချုပ်ထားတာ အမှားအယွင်းတစ်ခုခုဖြစ်ရင် ထပ်ဖြည့်လို့ရအောင်ဆိုတော့ ကျင့်ဝတ်နဲ့ မညီပေမယ့် ကောင်းပါတယ်။

**ဦးဆောင်ဆွေးနွေးသူ –** ဦးဆုမ်ချိုင်းအတိတ်မေ့သွားတာလားတော့မသိဘူး။ မဲဆောက်မှာ အလုပ်သမားတွေကို အနည်းဆုံးလုပ်ခလစာ တဝက်ပဲပေးပြီး ငှားထားတာကျတော့ ကျင့်ဝတ်နဲ့ညီရဲ့လား မေးစရာရှိပါတယ်။

## အဖွဲ့ ၃ – ဦးပရာဝတ် (မဲဆောက်စက်ရုံ)

ဦးဆုမ်ချိုင်း ပေးအပ်တဲ့ အော်ဒါကို အမှီချုပ်ပေးရမှာဖြစ်တယ်။ တရားဝင်မှုရှိလားဆိုတော့ ရှိပါတယ်။ အထည် ၆၀၀၀ ချုပ်ပေးဖို့ကို စည်းနဲ့ကမ်းနဲ့ အလုပ်သမားတွေကို နေ့စားအဖြစ်ငှားပြီး ချုပ်တာဖြစ်တယ်။ လိုအပ်တဲ့သူတွေ လုပ်ချင်တဲ့သူတွေကတော့ အလုပ်လုပ်မှာပါပဲ။ အလုပ်စခေါ်တည်းက ဒီလစာပေးမယ်ဆိုတာကို အသိပေးပြီးသား ဒေသက လုပ်အားခ နဲ့အညီ ပေးပြီးဖြစ်တာကြောင့် တရားမျှတမှုရှိတယ်လို ထင်ပါတယ်။ ဦးဆုန်ချိုင်းက ပေးလိုက်တဲ့ အခကြေးငွေက နည်းပါးတဲ့အတွက် ကိုယ့်အတွက်ကျန်အောင်လို့ ခေါင်းပုံဖြတ်တာဖြစ်တယ်။ အလုပ်သမားတွေကို အနည်းဆုံးလုပ်အားခ တဝက်ပဲပေးတာကြောင့် ဥပဒေအရ မညီပါ။

## အုပ်စု ၄ – အလုပ်သမား (ဘန်ကောက်၊ မဲဆောက်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံက အိမ်တွင်းအလုပ်သမများ)

ကုန်စည်စီးဆင်းမှုမှာ အလုပ်သမားတွေက အရေးကြီးဆုံးနဲ့ အနစ်နာဆုံးလို့မြင်ပါတယ်။ ကျမတို့ကို လာအပ်တဲ့ အလုပ်တွေကို အလေအလွင့် အပျက်အစီးမရှိအောင်ဂရုစိုက်ရပါတယ်။ တစ်ခုခု မှားယွင်းသွားခဲ့ရင် ကျမတို့ လုပ်အားခကနေ ပြန်လျော်ရတာတွေ၊ အလုပ်ထုတ်ခံရတာတွေရှိတယ်။ အကျိုးအမြတ်ကလည်း အများကြီးမရပါ။ ကျမတို့လုပ်နေတာက တရားမျှတပါတယ်။ ကျမတို့က အလုပ်ရှင်ကို မေးခွန်းမေးပိုင်ခွင့်မရှိပါ။ ကျမတို့ကို အပ်တဲ့ဒီဇိုင်း၊ အထည်ကို သေချာ ချုပ်ပေးရတာပဲရှိတာပါ။ ကျင့်ဝတ်လည်းညီပါတယ်။ ကျမတို့ကို အပ်တဲ့အလုပ်ကို အချိန်မီသေချာ လုပ်ပေးတယ်ဆိုတာ အလုပ်သမား ကျင့်ဝတ် နဲ့အညီဖြစ်နေပါပြီ။ အလုပ်ရှင်တွေက အလုပ်သမားတွေ အပေါ် ညှာညှာတာတာတွေးပေးသင့်ပါတယ်။ တစ်ခုခု မှားယွင်းခဲ့သော် အလုပ်သမားတွေကို သတိပေးတဲ့အဆင့် လုပ်ပြီး ၃ကြိမ်မြောက်မှသာလျှင် အပြစ်ပေးတာမျိုး လုပ်သင့်ပါတယ်။ လုပ်အားခ မညီမျှတာ၊ ဥပဒေနဲ့မညီတာ ဆိုရင် အလုပ်သမားတွေနစ်နာပါတယ်။

အလုပ်ရှင်တွေက အစိုးရသတ်မှတ်တဲ့ အတိုင်းပေးရင်တော့ မျှမျှတတ ရတဲ့အတွက် ကျေနပ်မှာ ဖြစ်တယ်။ မဲဆောက်မှာဆို အနည်းဆုံးလခ ၃၄၅ သတ်မှတ်ပြီး ၁၅၀ ဘတ် ပေးရင်တော့ မမျှတဘူးလို့ ထင်ပါတယ်။ သူတို့ရနေတဲ့အပေါ်မှာတော့ ကိုယ်တွေက ပြောပိုင်ခွင့်လည်း မရှိဘူးလေ။ သူ ပေးတဲ့ လုပ်အားခနဲ့ ကျေနပ်ပြီး လုပ်တာဆိုတော့ ထပ်ပြီး အထွန့်တက်လို့ မရဘူးလေ။

**Combodian အဖွဲ့ရဲ့ဆွေးနွေးတင်ပြချက်...**

အနိမ့်ဆုံးလစာရသော်လည်း အချိန်ပိုအများကြီး လုပ်ရတဲ့အတွက် မမျှတဘူးလို့ ထင်တယ်။ အလုပ်သမား အနိမ့်ဆုံး လစာကို သဘောတူထားတဲ့အတွက် အင်္ဂလန်မှာ ပိုရလို့ ပိုပေးပါလို့ ထပ်တောင်းခွင့်တော့ မရှိဘူး ပေါ့။ နီးစပ်တဲ့ ထိုင်းမှာ ရွှေ့ပြောင်းလုပ်သားအဖြစ်လုပ်တဲ့အခါ ထိုင်းက ပေးတဲ့အတိုင်း ကျေနပ်ရတယ်။

## အဖွဲ့ ၅ – နောက်ဆုံးဝယ်ယူသူများ

ကျမတို့ဝယ်ယူတဲ့ အင်္ကျီက ဘယ်ကလာလဲဆိုတာကို သိရမှာဖြစ်တယ်။ ကိုယ်သုံးလိုက်တဲ့ငွေက ဘယ်သူတွေကို အကျိုးကျေးဇူးပြုနေတာလဲ။ ခေါင်းပုံဖြတ်မှုတွေကို ပိုမိုဆက်လက်ဖြစ်ပွားအောင် တွန်းအားပေးသလိုဖြစ်နေမလား။ အဲ့တာတွေကို သေချာစဉ်းစားပေးရမှာပါ။

**ဦးဆောင်ဆွေးနွေးသူ –** ကျွန်မက ကျောက်စိမ်းလက်စွပ်ဝယ်ဖို့ပြောတော့ စစ်တပ်က လုပ်အားအတင်း အကြပ် ခိုင်းထားတဲ့ နေရာကလာတဲ့ ပစ္စည်းမို့ ကျင့်ဝတ်နဲ့မညီတော့ မဝယ်တော့ဘူး။ ကိုယ်ဝယ်တဲ့ပစ္စည်း ဘယ်ကနေ လာတာလဲဆိုတာ ဂရုတစိုက် ဝယ်တဲ့သူ အများကြီးရှိတယ်။

လက်ရှိချိန်မှာ မြန်မာ ထုတ်ကုန် ပစ္စည်းတွေ မဝယ်ကြဘူး အလုပ်သမားတွေ မတရား ခံရတာတွေကို အားမပေးတဲ့ သဘောဖြစ်တယ်။ သတ်သတ်လွတ် စားတဲ့သူတွေကလည်း များလာတယ်။ သူတို့က အသားထုတ်လုပ်ဖို့အတွက် နေရာတွေ အများကြီးလိုပြီး နွားတွေမှ တဆင့် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်တာ တွေ ရှိတယ်။ တော်တော်များများကတော့ သူတို့ကြိုက်မကြိုက် ဝယ်နိုင်မဝယ် နိုင်ပဲ တွေးပြီး ဝယ်ဖြစ်ကြတယ်။

အဖွဲ့များအားလုံးဆွေးနွေးတင်ပြချက်ပြီးတဲ့နောက် ဦးဆောင်သူက ကိုယ့်အဖွဲ့နဲ့ကိုယ်ပြန်ထိုင်ပြီး နောက်ထပ် မေးခွန်းနဲ့ဆွေးနွေးပြီး၊ ပြန်လည်တင်ပြခိုင်းပါတယ်။

**မေးခွန်း...** ကုန်စည်စီးဆင်းမှုဈေးကွက်မှာ ပိုပြီးမျှတမှုဖြစ်လာအောင် ဘာတွေ လုပ်ဆောင်ရင် ကောင်းမလဲ။ ဘာတွေလုပ်ကြမလဲ။ သင့် အရင် အုပ်စုမှာ ရှိခဲ့တဲ့အတိုင်း ဦးပိုင်တို ဆို ဦးပိုင်တိုအရ၊ အလုပ်သမားဆို အလုပ်သမားအရ၊ စဉ်းစားပြီး ဆွေးနွေးကြပြီး၊ မိမိတို့ အားလုံး သဘောတူညီတဲ့ဖြေရှင်းချက် ကို ညှိနှိုင်းဆွေးနွေးပြီး တင်ပြရမှာဖြစ်ပါတယ်။

## တက်ရောက်သူများရဲ့တင်ပြချက်များ...

- ပါဝင်ပတ်သက်သူတွေအားလုံး ပါဝင်တဲ့ ဆုံးဖြတ်ချက် ချမှတ်မယ့် တွေ့ဆုံမှုတွေပြုလုပ်ရပါမယ်။
- အလုပ်သမားတွေအတွက် စံချိန်စံနှုန်းတွေသတ်မှတ်ထားရှိပေးရပါမယ်။
- နိုင်ငံတကာ စံချိန်နဲ့အညီ၊ နိုင်ငံအဆင့် အလုပ်သမားဥပဒေတွေ ကိုထည့်သွင်းစဉ်းစားရမှာဖြစ်တယ်။
- အလုပ်သမားတွေဆိုရင် ကုန်စည်စီးဆင်းမှု တလျှောက်လုံးက အလုပ်သမားတွေဟာ အနည်းဆုံးတော့ အနည်းဆုံးလုပ်ခ လစာငွေနဲ့ အချိန်ပိုတွေအတွက် အချိန်ပိုလုပ်အားခတွေ ရရှိရမှာဖြစ်ပါတယ်။
- ထည့်သွင်းစဉ်းစားရမယ့်အချက်က၊ကုန်စည်ဈေးကွက်ကြီးလာတာနဲ့အညီ သဘာဝပတ်ဝန်းကျင် အပေါ် ဘယ်လိုသက်ရောက်မှုရှိမလဲဆိုတာလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**အကြံပြုချက်...** global supply chain က မျှတမှု မရှိဘူးဆိုတာ သိပြီးဖြစ်တယ်။ ဒီစနစ်က ပါဝင်သူအားလုံး သိပြီးတော့ ပါဝင်လာမှ ပြောင်းလို့ရပါတယ်။ အလုပ်သမား၊ ဒေသခံနှင့်အစိုးရ၊ စားသုံးသူတို့ အားလုံး ပါဝင်ဖြေရှင်းကြဖို့လိုတယ်။ လက်ရှိ သဘောတူညီချက်တွေ လိုက်နာချက်တွေ ကျင့်ဝတ်တွေ အများကြီးထားရှိထားပါတယ်။ ဒါပေမယ့် ဦးပိုတိုလိုပဲ လိုက်နာချင်မှ လိုက်နာတဲ့ သူတွေ အများကြီးရှိတယ်။ အလုပ်ထဲ ကုန်စည် ကွင်းဆက်ကို စဉ်းစားဖို့ဖြစ်တယ် ကုန်ကြမ်းတွေ ဘယ်ကလာပြီး ကုန်ချောတွေက ဘယ်ကိုရောက်လဲဆိုတာရယ်၊ စားသုံးတဲ့အခါမှာလည်း ဘယ်ကလာတာလဲ၊ ကျင့်ဝတ်အညီ ထုတ်ပိုးထားတာလား၊ မွေးမြူထားတာလား စဉ်းစားဖို့ဖြစ်တယ်။ ဦးပိုတိုလို လုပ်ငန်းရှင်နဲ့ တွေ့တဲ့အခါ သူ့ကို ဘယ်လိုတောင်းဆိုကြမလဲဆိုတော့ စဉ်းစားတွေးကြည့်ဖို့ဖြစ်တယ်။









*ပုံ – သင်တို့လုပ်အား၊ သူတို့အကျိုးအမြတ်*

.........................................

# အိမ်တွင်းအလုပ်သမား အသင်းအဖွဲ့ ဖွဲ့စည်းခြင်း အပိုင်း (၁)

**Three Good Spoons**

အိမ်တွင်းအလုပ်သမား အသင်းအဖွဲ့ ဖွဲ့စည်းခြင်း ခေါင်းစဉ်ဖြင့် ဆရာမသုံးဦးကဦးဆောင်ကြပါတယ်။

**ဆရာမ ဝေနှင်းပို –** ယခင်က ထိုင်းနိုင်ငံ တောင်ပိုင်းမှာ အလုပ်သမားအရေး လုပ်ပြီး မြန်မာပြည် ပြန်သွားခဲ့တယ်။ လက်ရှိရန်ကုန် ILO ရုံးမှာ အလုပ်သမားရေးကဏ္ဍမှာအလုပ်လုပ်နေပါတယ်။

**ဆရာမ သွယ်မိုးသူ –** Three Good Spoons သင်တန်းကျောင်းရဲ့ စီမံကိန်း ညှိနှိုင်းရေးမှူး တစ်ယောက်ဖြစ်ပါတယ်။ သင်တန်းပို့ချတဲ့ သင်တန်းဆရာမ တစ်ဦးလည်း ဖြစ်ပါတယ်။

**ဆရာမ ငြိမ်းချမ်းမင်းလွင် –** သင်တန်းကျောင်း လက်ထောက် စီမံကိန်း ညွှန်ကြားရေးမှူး တစ်ယောက်ဖြစ်ပြီး၊ သင်တန်းဆရာမလည်းဖြစ်ပါတယ်။

သင်တန်းအစမှာ Three Good Spoons အဖွဲ့အစည်းအကြောင်းမိတ်ဆက်ပေးခဲ့ပါတယ်။

Three Good Spoons ဟာ လူမှုအကျိုးစီးပွား မှတ်ပုံတင်ထားတဲ့ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်မှာ ဩစတေးလျလူမျိုး အမျိုးသမီး ကအဖွဲ့အစည်းကို ထူထောင်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်မှာ မှတ်ပုံတင်နိုင်ခဲ့တယ်။

ရည်ရွယ်ချက်က အိမ်တွင်းအလုပ်သမားအတွက် ကောင်းမွန်သင့်တော်တဲ့ အလုပ်တစ်ခု ပေါ်ပေါက်လာဖို့ ဖြစ်တယ်။ ILO နဲ့ ပူးပေါင်းပြီး ၂၀၂၀ မှာ License to stir ကိုဖွင့်လှစ်နိုင်ခဲ့တယ်။ တစ်လတာ သင်တန်းနဲ့ အမျိုးသမီး ၄၀ ဦး သင်တန်းပို့ချနိုင်ခဲ့တယ်။ သင်တန်းပြီးနောက် အရည်ချင်းရှိ အလုပ်သမားတွေကို အလုပ်ရှင်တွေနဲ့ အလုပ်ပြန်ချိတ်ပေးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ကိုဗစ်ကြောင့် အိမ်တွင်းအလုပ်သမား အလုပ်တွေ ဆုံးရှုံးရတယ်၊ အလုပ်ချိန် လျော့နည်းတာတွေ ရှိလာတော့ အခက်အခဲဖြစ်နေတဲ့ အမျိုးသမီးတွေကို ပံ့ပိုးမှု လုပ်ခဲ့တယ်။ ၂၀၂၂ ခုနှစ် ရွှေ့ပြောင်းအမျိုးသမီးတွေအတွက် ILO ထောက်ပံ့မှုနဲ့ပဲ ပရောဂျက်တစ်ခု ပြုလုပ်ခဲ့ပါတယ်။ အချက်အပြုတ်သင်တန်း၊ ရှေးဦးသူနာပြုသင်တန်း၊ ဘာသာစကားသင်တန်းတွေကိုလည်း ပို့ချပေးအပ်ပါတယ်။

## ဦးတည်ချက်

- မြန်မာနိုင်ငံမှာ အိမ်တွင်းအလုပ်သမားတွေကို ကာကွယ်ပေးတဲ့ဥပဒေ တစ်ရပ်ပေါ်ထွက်လာရန်။
- အိမ်တွင်းအလုပ်ကို သင့်တော်လျောက်ပတ်တဲ့ အလုပ်အကိုင်ဖြစ်ရန်။
- အိမ်တွင်းအလုပ်သမားများကို စွမ်းရည်မြှင့်တင်ပေးရန်။
- အလုပ်ရှင်၊ အလုပ်သမား ကောင်းမွန်တဲ့ ဆက်ဆံရေး ရရှိစေရန်။

## ၂၀၂၃ ခုနှစ်အတွင်းမှာ

- စွမ်းရည်မြှင့်တင်သင်တန်းများ (ILO convention 189, ငွေကြေးစီမံခန့်ခွဲမှု၊ အလုပ်သမားအခွင့်အရေး)
- အမျိုးသမီးဆွေးနွေးပွဲများ (တစ်လတစ်ကြိမ်)
- အမှုအတွက် ထောက်ပံ့မှုများ (နိုင်ငံရပ်ခြားမှ ပြန်လာပြီး အလုပ်ရှင်နဲ့ အမှုဖြစ်သောအခါ သူတို့အား နေရပ်အထိပြန်ရောက်ရန် ထောက်ပံ့၊ အမှုစရိတ်ထောက်ပံ့)
- ရွှေ့ပြောင်းခြင်းနှင့် ဆိုင်သော သတင်းအချက်အလက် အကူအညီပံ့ပိုးပေးခြင်း
- အကူအညီများရရှိနိုင်သော စင်တာ ဖြစ်ပါတယ်

Myanmar Domestic Workers Association (မြန်မာ အိမ်တွင်းအလုပ်သမားများ အသင်း) ကို Three Good Spoons မှ မတည်ပြီး ဖွဲ့စည်းပေးတဲ့ အဖွဲ့အစည်းဖြစ်တယ်။ မြန်မာအမျိုးသမီးများက သိတတ်စအရွယ်ကတည်းက အိမ်အလုပ်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့တယ်။ သတိမထားမိကြပေမယ့် အိမ်တွင်းအလုပ်သမားတွေက အလုပ်ရှင်တွေရဲ့ စီးပွားရေး ကမ္ဘာ့စီးပွားရေးကို ထောက်ပံ့နေကြောင်း သိထားရမှာ ဖြစ်ပါတယ်။ အိမ်တွင်းအလုပ်သမားတွေက၊ ခွဲခြားဆက်ဆံခံနေရတယ်။ အိမ်တွင်း အလုပ်သမား အမျိုးသမီး အခွင့်အရေးအတွက် ကိုယ်စားပြု အသံတွေ နည်းပါးနေတယ်။ ဒါကြောင့် Three Good Spoons အဖွဲ့က၊ အိမ်တွင်းအလုပ်သမား အမျိုးသမီး အသင်းအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ၂၀၂၃ ခုနှစ် ၁၀ လပိုင်းမှာ ၃ ရက်တာ workshop ကို ပြုလုပ်ပြီး အမျိုးသမီး အဖွဲ့ဝင် ၂၁ ယောက်နဲ့ စတင် ဖွဲ့စည်းခဲ့တယ်။ အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်း ရေးဆွဲခြင်းနဲ့ ကော်မတီအဖွဲ့တွေကို တင်မြှောက်နိုင်ခဲ့တယ်၊ ခုချိန်မှာ အဖွဲ့ဝင် ၁၃၀ ကျော် ၁၄၀ နီးပါးလောက်ရှိပြီ ဖြစ်တယ်။ အဖွဲ့မှာ ပါဝင်ဖို့ တက်ရောက်လာသူများကို ဖိတ်ခေါ်ချင်ပါတယ်။

အိမ်တွင်းအလုပ်ကို သင့်လျော်ကောင်းမွန်တဲ့ အလုပ်တစ်ခုဖြစ်ဖို့နဲ့ ဥပဒေနဲ့အညီ ကာကွယ်ပေးတဲ့ သင့်တင့်လျောက်ပတ်တဲ့ အလုပ်တစ်ခု ဖြစ်ဖို့၊ ဥပဒေအရ ကာကွယ် စောင့်ရှောက်မှု တစ်ရပ် ပေါ်ပေါက်လာဖို့၊ လူမှုဖူလုံရေး အဖွဲ့ဝင်ဖြစ်ဖို့၊ ရွှေ့ပြောင်းသွားလာခြင်းကို တရားဝင် အသိအမှတ်ပြုဖို့၊ အိမ်တွင်း အကြမ်းဖက်မှု ပပျောက်ဖို့၊ ခွဲခြားဆက်ဆံခံရတာတွေ ပပျောက်ဖို့က TGS ရဲ့ပန်းတိုင်ဖြစ်တယ်။

TGS အဖွဲ့ရဲ့လုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များက အဖွဲ့ဝင်တွေ ပိုမိုခေါ်ယူသွားရန်၊ ကွန်ယက်ထဲတွင် စည်းရုံးလှုံ့ဆော်သွားရန်၊ ရံပုံငွေရှာရန်နဲ့ စွမ်းရည်မြှင့်တင်ပေးရန်တို့ပဲဖြစ်ပါတယ်။

အသင်းဖွဲ့စည်းရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများက အစိုးရမှာ လက်တလော မှတ်ပုံတင်နိုင်ခြင်းမရှိသေး (တရားဝင်ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးရေးဆင်းခြင်းမပြုနိုင်)ခြင်း၊ အိမ်တွင်းအလုပ်သည် အလုပ်ဖြစ်သည်။ အိမ်တွင်းအလုပ်သမားများသည် အလုပ်သမားဖြစ်သည်ကို လူမှုပတ်ဝန်းကျင်က လက်ခံနိုင်ခြင်းမရှိသေးခြင်း၊ စီးပွားရေးကျဆင်းနေသောကြောင့် အလုပ်တွေဆုံးရှုံး၊ ဝင်ငွေလျော့ (အိမ်တွင်းအလုပ်သမားများမှာ ရရာအလုပ်ကို လုပ်ကိုင်နေကြ)။ အားလပ်ချိန်မရှိကြ၊ တွေ့ဆုံပွဲ စုဝေးပွဲတွေ ပြုလုပ်ရင် လူစုရန်ခက်ခဲခြင်း၊ တို့ပဲဖြစ်ပါတယ်။

အောင်မြင်မှုများက အမျိုးသမီးတွေအတွက် စိတ်ခွန်အားဖြစ်၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ဝေမျှ၊ ဝင်ငွေမဲ့နေသောကြောင့် စိတ်ဓါတ်ကျနေသော အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ တွေ့ဆုံပွဲမှ တဆင့် ဗဟုသုတတွေ အသိပညာတွေ တိုးတက်လာခြင်း၊ ဆက်ဆံရေးတွေတိုးတက်ကောင်းမွန်လာခြင်း၊ ဒေသတွင်း အမျိုးသမီးတွေ ချိတ်ဆက်မှုအားကောင်းလာခြင်း၊ စုစည်းမှုနှင့် စည်းရုံးလှုံ့ဆော်မှု စွမ်းအားတွေ ပိုပြီး တိုးတက်လာခြင်းတို့ဖြစ်ပါတယ်။

TGS အဖွဲ့အစည်းအကြောင်းတင်ပြသွားပြီး တက်ရောက်သူများမှ မေးခွန်းများမေးမြန်းခဲ့ပါတယ်။

**တက်ရောက်သူ...** ရွှေ့ပြောင်းအိမ်တွင်းအလုပ်သမားတွေကို ဘယ်လိုနည်းလမ်းတွေနဲ့ ပါဝင်လာအောင် စည်းရုံးကြသလဲ?

**ဦးဆောင်သူများ...** လုံခြုံစိတ်ချရတဲ့ သတင်းအချက်အလက်တွေ ပေးတာ၊ ခက်ခဲတဲ့ချိန် အကူအညီပေးတာ၊ ဆိုက်ရောက်နိုင်ငံမှာ အခက်အခဲကြုံလာတဲ့အခါ အမြဲ ကူညီပေးမယ်လို့ အာမခံပေးတယ်။ စိတ်ခွန်အား ပေးခြင်း၊ update ဖြစ်တဲ့ သတင်းတွေ ပေးခြင်းတို့ လုပ်ဆောင်ပါတယ်။ နိုင်ငံရပ်ခြား ခက်ခဲပြီး ပြန်လာတဲ့ သူတွေကို လေဆိပ်မှာ ကြိုပေးတယ်၊ နိုင်ငံရေးအခြေအနေအရ သွားလာရေး ခက်ခဲတဲ့ နယ်ဘက်က သူတွေကို စင်တာမှာ တည်းခိုစေပြီးနောက် ကားလက်မှတ်တွေဝယ် အိမ်တိုင်ရာရောက် ပြန်ပို့ပေးတယ်။ ပြည်တွင်းပြည်ပ အလုပ်သမားတွေကို အွန်လိုင်းကနေ သတင်းအချက်အလက်ပေးတယ်။ အွန်လိုင်းကနေတစ်ဆင့် သင်တန်းတွေပေးတယ် ပြည်ပရောက် အလုပ်သမားများ စွမ်းရည်မြှင့် သင်တန်းတက်ချင်ရင် ဆက်သွယ်လို့ရပါတယ်၊ သင်တန်းအားလုံး အခမဲ့ပါပဲ၊ အင်တာနက်ဖိုးပါ ပြန်ပေးပါတယ်။

**တက်ရောက်သူ...** TGS ရဲ့ ဧရိယာကို သိချင်ပါတယ်။ ဆရာမတို့ ပေးအပ်တဲ့ သင်တန်းတွေကို ဘယ်လိုတက်ရောက်ရမလဲ သိချင်ပါတယ်။

**ဦးဆောင်သူ...** သင်တန်းကို လူတွေ့ နှင့် အွန်လိုင်းဆိုပြီး နှစ်မျိုးပေးပါတယ်။ လူတွေ့ဆိုရင် ရန်ကုန်အနီးတစ်ဝိုက်နှင့်အနီးမြို့။ အွန်လိုင်းဆိုရင် နယ်ဝေးကသူတွေအတွက်ပြုလုပ်ပေးပါတယ်။ ကျွန်မတို့ ဆိုရှယ်မီဒီယာကနေ၊ ဆက်သွယ်ပြီး သင်တန်းအတွက် ဆက်သွယ်လို့ရပါတယ်။ ကျမတို့ နယ်တွေအထိ သတင်းအချက်အလက်ပေးတာတွေ၊ သင်တန်းပေးတာတွေလုပ်ဆောင်ပါတယ်။

**တက်ရောက်သူ...** အိမ်တွင်းအလုပ်သမားတွေဟာ အိမ်ရှင် တွေရဲ့အကြမ်းဖက်မှုတွေခံရတာရှိပါသလား။ အဲ့လိုကြုံတွေ့ခဲ့ရင်ဘယ်လိုဖြေရှင်းပါသလဲ။

**ဦးဆောင်သူ...** ရှိပါတယ်။ ရေနွေးပူနဲ့လောင်းတာ အကြမ်းဖက်နှိပ်စက်တာတွေရှိပါတယ်။ အဲ့လို ဖြစ်လာရင် သူတို့ရဲ့ အေဂျင်စီကို ဆက်သွယ်ပြီးဖြေရှင်းရပါတယ်။ လတ်တလောတော့ အစိုးရကို တိုင်ကြားဖို့မလွယ်ကူပါဘူး။

**တက်ရောက်သူ...** ပြည်တွင်းမှာ လူတွေ စုရုံးတာကို လုပ်ခွင့်မရဘူးဆိုတာ ဘာဖြစ်လို့စုခွင့်မရတာလဲ။

**ဦးဆောင်သူ...** ကျမတို့ နိုင်ငံရေးကြောင့်ပါ။ လူငယ်တွေစုဝေးရင် ကျမတို့ နိုင်ငံကို အုပ်စိုးနေတဲ့ စစ်တပ်က သတိထားပြီး စောင့်ကြည့်တာခံရပါတယ်။ လုံခြုံရေးကြောင့်ပါ။

**အဖွဲ့ဝင်ကြေးထည့်ဝင်ခြင်း –**

ဝင်ဝင်ခြင်း ၆ လမှာ တစ်လတစ်ကြိမ် ၃၀၀၀ ကျပ်၊ ၆ လ နောက်ပိုင်း သုံးလကိုတစ်ကြိမ် အဖွဲ့ဝင်ကြေး ကောက်ပါတယ်။

**ဆရာမ ပိုပို –** အိမ်အကူ အသင်းအဖွဲ့ ဖွဲ့စည်းရတာ မလွယ်ပါဘူး။ အလုပ်သမားတွေ စိတ်ပါဝင်စားမှ၊ ပံ့ပိုးပေးတဲ့ အဖွဲ့အစည်းတွေလည်း ရှိမှလည်း ရပါတယ်။ စည်းရုံးလှုံ့ဆော်တာတွေလည်း၊ နည်းအမျိုးမျိုး သုံးရပါတယ်။ မနေ့က Empower က ပြောသွားသလို လိင်လုပ်သားတွေဆီ အလည်သွားတယ်၊ ဘီယာသောက်ကြတယ် အစားအစာ လုပ်စားကြတယ်၊ အဲလိုပါပဲ ကျမတို့လည်း ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ရင်းနှီးမှုရဖို့၊ နည်းလမ်းမျိုးစုံအသုံးပြုရပါတယ်။ ခွဲခြားဆက်ဆံခံရတာတွေကတော့ ရှိနေဆဲပါပဲ။ နေရာတိုင်းမှာ အမျိုးသမီးတွေ ပိုပြီး ခွဲခြားဆက်ဆံခံရတယ်။ ဒီက ညီမတွေ ကိုယ့်ရပ်ရွာပြန်သွားတဲ့အခါ အမျိုးသမီးတွေကို စည်းရုံးပြီး အသင်းအဖွဲ့တွေ ဖွဲ့ရတော့မှာ ဖြစ်ကြောင်းဖြည့်စွက်ပြောပြသွားပါတယ်။



*ပုံ – ဆရာမ ပိုပိုမှ အိမ်အကူအလုပ်သမားအဖွဲ့ဖွဲ့စည်းခြင်းအကြောင်း ရှင်းပြခြင်း*

# ပြောင်းလဲမှုအတွက် ခြေလှမ်းများ

**(ဆရာမ သီရိ)**

ပြောင်းလဲမှုအတွက်ခြေလှမ်းများခေါင်းစဉ်ကို ဆရာမ သီရိ က ဦးဆောင်ဆွေးနွေး သွားပါတယ်။ ဆွေးနွေးပွဲမစခင်မှာ တက်ရောက်လာသူများနဲ့အတူ သင်တန်းစည်းကမ်းများကို ချမှတ်ကြပါတယ်။

ဆွေးနွေးပွဲလုပ်ဆောင်နေချိန်မှာ အာရုံစူးစိုက်မှုရှိရန်၊ တက်ကြွစွာပါဝင်ရန်၊ ဖုန်းသံပိတ်ထားရန်၊ သူငယ်ချင်းပြောစကားများကိုနားထောင်ရန်၊ ဆွေးနွေးတဲ့အခါ တစ်ယောက်ပြီးမှ တစ်ယောက် ပြောရန်နဲ့ မေးခွန်းရှိတဲ့အခါမေးရန် စတဲ့စည်းကမ်းများကို သဘောတူကြပါတယ်။

ဆွေးနွေးပွဲအစမှာ ဦးဆောင်သူက တက်ရောက်လာသူ အယောက်စီတိုင်းကို အမည်၊ အလုပ်အကိုင်၊ နေရပ်ဒေသနဲ့ ကိုယ့်မှာရှိတဲ့ စူပါပါဝါ ကိုပြောပြခိုင်းပြီး မိတ်ဆက်ခိုင်းပါတယ်။

ပြောင်းလဲမှုအတွက် ခြေလှမ်း သင်ခန်းစာအစမှာ ဦးဆောင်သူမှ သင်တန်းသူများကို အုပ်စုခွဲပြီး ၊ စုပေါင်း မုန့်ဟင်းခါး ချက်နည်းလေးနဲ့ ဥပမာပေးပြီး သင်ခန်းစာကို နားလည်လွယ်အောင်စတင်ခဲ့ပါတယ်။ မုန့်ဟင်းခါး ချက်တဲ့အခါ မပါမဖြစ် လိုအပ်တဲ့အရာ၊ စားဖို့ မပါမဖြစ်လိုအပ်တဲ့အရာ၊ ပိုကောင်းအောင်ထည့်ရမယ့် အရာတို့ကို ရွေးချယ်ရေးသားပြီး အဖွဲ့ရဲ့ မုန့်ဟင်းခါးချက်နည်း လုပ်ဆောင်ချက်တွေကို ပြန်လည်တင်ပြစေခဲ့ပါတယ်။ အမှန်တကယ် စုပေါင်းပြီး လုပ်ငန်းတွေကို လုပ်ဆောင်တဲ့အခါ လုပ်ချင်တဲ့အရာတွေ အရမ်းများနေပါမယ်။ အမျိုးသမီးအရေးတွေ၊ ရွှေ့ပြောင်းအမျိုးသမီးအရေးလုပ်တာတွေ၊ ကလေးတွေအတွက် ပညာရေးသင်ကြားပေးတာတွေ အမျိုးမျိုးရှိပါတယ်။

ကျမတို့ အမျိုးသမီးတွေ အယောက်စီတိုင်းမှာ ရည်မှန်းချက်ပန်းတိုင်တွေနဲ့ ရည်ရွယ်ချက်တွေရှိကြပါတယ်။ ကိုယ်ဖြစ်ချင်တဲ့ပန်းတိုင်ဆိုတာလည်းရှိပါတယ်။ အဲဒီပန်းတိုင်သွားဖို့ လမ်းတွေရှိပါမယ်။ ဘာ့ကြောင့်ရောက်ချင်လဲ ဆိုတာလည်းရှိရပါတယ်။ လုပ်ငန်းလုပ်တဲ့အခါ အကြောင်းပြချက်ရှိသလို၊ ပန်းတိုင်ကို ဘယ်လိုသွားမလဲဆိုတာ သိဖို့လိုပါတယ်။ ပန်းတိုင်ရောက်အောင်သွားဖို့ ဘာတွေလိုအပ်သလဲဆိုတာ လည်းသိဖို့လိုပါတယ်။ ဒါပေမယ့် တစ်ခါတလေ အကုန်လုံးကို လုပ်လို့ မရနိုင်တဲ့အတွက် ဦးစားပေးရမယ့် အရာတွေကို ပြင်ဆင်ပြီး ပြန်လုပ်ရပါတယ်။ မုန့်ဟင်းခါး ချက်တဲ့ဥပမာလိုပဲ ဦးစားပေးမရှိမဖြစ်တဲ့ အရာတွေကိုလည်း သိထားရင် ပြင်ဆင်လို့ လွယ်ကူသလို၊ ဦးစားပေးအရာတွေကိုလည်း အဆင့်လိုက်ပြန်ခွဲဖို့ လိုပါတယ်။ လုပ်ငန်းကို အဆင့်လိုက် ပြန်သတ်မှတ်လိုက်တဲ့အခါ လုပ်ဆောင်ရတာပိုလွယ်ကူလာမှာဖြစ်သလို အစီအစဉ်ဆွဲထားရင် ပန်းတိုင်ရောက်ဖို့ လုပ်ဆောင်တဲ့နေရာမှာလည်း ပိုမိုရှင်းလင်းသွားစေပါတယ်။

အဲဒီပန်းတိုင်ရောက်ဖို့အတွက် သွားရမယ့်အဆင့်တိုင်းကို နည်းပရိယာယ်ကျကျ ရေးဆွဲမယ်ဆိုရင်ပိုမိုလွယ်ကူနိုင်ပါတယ်။

နိုင်ငံတကာမှာ နည်းဗျူဟာဆွဲတဲ့အခါမှာလည်း ဒီအတိုင်းပဲလုပ်ဆောင်သွားရတာ ဖြစ်ပါတယ်။ အလုပ်တစ်ခု မစတင်ခင်မှာ လိုအပ်သည်များကို ကြိုတင်စဉ်းစားပြီး အားသာချက်၊ အားနည်းချက် နှင့် အခက်အခဲများကို စဉ်းစား သုံးသပ်ထားရပါမယ်။ အလုပ်တစ်ခု အောင်မြင်ဖို့ မဖြစ်မနေ လိုအပ်တဲ့အရာတွေကို ထည့်သွင်းရေးဆွဲဖို့ လိုအပ်သလို၊ ဘယ်အရာတွေထပ်ပြီး ဖြည့်ဖို့ ရှိဖို့ လိုအပ်သလဲဆိုတာကိုလည်း အမြဲတမ်းစဉ်းစား ထည့်သွင်းရေးဆွဲထားရင် ဘဝအောင်မြင်မှုက ပိုလွယ်ကူမှာဖြစ်ပါတယ်။ ဒါတင်မကဘဲ မမြင်နိုင်တဲ့ အခက်အခဲတွေကိုလည်း ကြိုတင်တွက်ချက်ထားရမှာဖြစ်ပါတယ်။ ကျရှုံးခဲ့ရင်လဲ အားမလျှော့ပဲ ဆက်ကြိုးစားဖို့လိုပါတယ်။ ရည်မှန်းချက် ဖော်ဆောင်တဲ့အခါမှာလည်း plan A, B နဲ့ C ရေးဆွဲဖို့လိုပါတယ်။ ပလန်အေ အဆင်မပြေရင် ရပ်တန့်မနေ၊ စိတ်ပျက်မသွားပဲ ပလန်ဘီနဲ့ ရှေ့ဆက်

သွားရမှာပဲဖြစ်ပါတယ်။ အရေးကြီးဆုံးက လိုအပ်တဲ့ပန်းတိုင်ကို ရောက်အောင်သွားဖို့ပဲ ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခု လုပ်ဆောင်တိုင်း၊ အားလုံးပြည့်စုံနေမှာတော့ မဟုတ်ပါဘူး။ လိုအပ်ချက်တွေ အများကြီးရှိမယ့်အထဲက၊ အမှန်တကယ် ဘာလိုအပ်သလဲ၊ အရေးအကြီးဆုံးအရာကဘာလဲ၊ ပိုမိုပြည့်စုံစေမယ့်အရာက ဘာလဲ ဆိုတာကို ခွဲခြားနားလည်ဖို့ လိုအပ်ပါတယ်။ ပြဿနာကြုံလာတဲ့အခါ၊ စိတ်မပျက်ပဲ ပန်းတိုင်ရောက်အောင်၊ အောင်မြင်အောင်ဖြေရှင်းပြီးသွားတတ်ဖို့လည်းလိုပါတယ်။

ပြောင်းလဲမှုအတွက်ခြေလှမ်းများ အကြောင်းအရာကို သင်ယူလေ့လာပြီးနောက်၊ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများရဲ့ တကယ့်လူမှုဘဝတွေမှာ လက်တွေ့ပြန်ပြီး အသုံးချနိုင်သလို၊ အဖွဲ့အစည်းမှာ အလုပ်လုပ်နေကြတဲ့ အမျိုးသမီးတွေအတွက်လည်း မိမိရဲ့လုပ်ငန်းခွင်အတွင်း၊ နည်းဗျူဟာများရေးဆွဲတဲ့နေရာမှာ ပြန်လည်ပြီး အသုံးပြုနိုင်တာဖြစ်လို့၊ အမျိုးသမီးများအတွက် အသုံးဝင်တဲ့ သင်ခန်းစာတစ်ခုလည်းဖြစ်တယ်။





ပုံ - ပြောင်းလဲမှုအတွက်ခြေလှမ်းများ - ဆရာမ သီရိ

# အပြုသဘောဆောင်သော စည်းကမ်းများဖြင့် သားသမီးများကို ပြုစုပျိုးထောင်ခြင်း အပိုင်း (၁)

**ဦးဆောင်ဆွေးနွေးသူ – Jariya**

အပြုသဘောဆောင်တဲ့စည်းကမ်းများဖြင့်သားသမီးများကိုပြုစုပျိုးထောင်ခြင်းခေါင်းစဉ်ဖြင့်မက်ပ်ဖောင်ဒေးရှင်းက ဂျာရီယာက ဦးဆောင်ပေးပါတယ်။

ဆွေးနွေးပွဲအစမှာ တက်ရောက်သူအချင်းချင်းမိတ်ဆက်ခြင်းအစီအစဉ်နဲ့စတင် ပြီး၊ ကလေးရှိတဲ့သူတွေအနေနဲ့ ကိုယ့်ရဲ့သားသမီးများကို ဘယ်လိုပြုစုပျိုးထောင်သလဲ ဆိုတာကို အောက်ပါခေါင်းစဉ်များဖြင့်အချင်းချင်းဖလှယ်ခိုင်းပါတယ်။

၁ – မိမိ ကလေးကို ဘယ်လို ပြုစုပျိုးထောင်လဲ။
၂ – ကလေး ပြုစုပျိုးထောင်တဲ့အခါ ဘယ်နည်းလမ်းသုံးလဲ။ အဲဒီနည်းလမ်းကို ဘယ်က သင်ယူရသလဲ။
၃ – အဲဒီနည်းလမ်းသုံးတဲ့အခါ ဘာအကျိုးကျေးဇူးရသလဲ။

**တက်ရောက်သူအမျိုးသမီးများက သားသမီးပြုစုပျိုးထောင်ပုံများကို၊ အောက်ပါအတိုင်း ပြန်ပြီးဖလှယ်ခဲ့ကြပါတယ်။**

- ကလေးကို ပြုစုပျိုးထောင်တဲ့နေရာမှာ၊ သူတို့ အလိုကိုလိုက်ပြီး ဂရုစိုက်ပါတယ်။ အဲဒီ နည်းလမ်းကို မိတ်ဆွေ သူငယ်ချင်းဆီကနေ သင်ယူခဲ့ပါတယ်။
- ကလေးကို သူနဲ့ တည့်တဲ့ အစားအသောက်တွေ ကျွေးမွေးပါတယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီး ဘုန်းကြီး ကျောင်း သွားတာမျိုး သင်ပေးပါတယ်။ သူများတွေနဲ့ နှိုင်းယှဉ်ပြီးတော့ ဘယ်သူက တော်တယ် ဘယ်သူက ညံ့တယ်ဆိုတာမျိုးသင်ပေးတာမဟုတ်ဘဲနဲ့ မိဘတွေ ဘယ်လို နေထိုင်လဲဆိုတာကို လေ့လာသင်ယူခိုင်း ပါတယ်။
- ကျမမှာ ကလေး ၄ ယောက်ရှိတယ်။ ပထမ တစ်ယောက် ကိုတော့ သေချာ ပြုစု ကျွေးမွေးခဲ့ပါတယ်။ ကျန်တဲ့ ကလေးတွေကတော့ အသက်ကြီးတဲ့ ကလေးတွေက ပြန်လည် ပြုစု ထိန်းသိမ်းပေးပါတယ်။
- ကျမမှာ ကလေး ၂ ယောက်ရှိတယ်။ အလုပ်လုပ်နေရတော့ ကလေးတွေကို မကြည့်နိုင်ဘူး။ သူတို့ကို ကျမ အမေ၊ သူတို့အဘွားနဲ့ပဲ ထားပြီး အမေကပဲ ပြုစုပေးပါတယ်။
- ကျမ က ကလေးကို လုံးဝမရိုက်ပါဘူး။ ကလေးကို အကျိုးအကြောင်း ရှင်းပြပြီးတော့ သင်ပြပေးတာပဲ လုပ်ပါတယ်။ သူ့ကို ရိုက်တာမျိုးထက် သူနားလည်သဘောပေါက်အောင်ပဲ ရှင်းပြတာမျိုး လုပ်ပါတယ်။
- ကလေးတွေကိုပျိုးထောင်တဲ့အခါသူတို့ကိုနားလည်အောင်သဘောပေါက်အောင်ရှင်းပြတာမျိုးလုပ်ပါတယ်။ သူတို့နဲ့ အတူတူ အချိန်ဖြုန်းပြီး ဂိမ်း ကစားတာမျိုးတွေ အတူတူ လုပ်ပါတယ်။
- ကျမ မှာ ကလေး ၂ ယောက်ရှိပါတယ်။ ဒါပေမယ့် အဖေ မတူပါဘူး။ ပထမ ကလေးကတော့ ကျမကို အရမ်း ကပ်တယ်။ အရင်တုန်းက ကျောင်းတက်နေတော့ ပထမ ကလေးက သူငယ်ချင်းတွေနဲ့ ပေါင်းသင်းပြီး ကျမ စကားနားမထောင်တော့ပါ။ ကလေးစိတ်ပြန်လည်လာအောင် အရမ်းကြိုးစားခဲ့ရပါတယ်။ ဒါပေမယ့် အခု တော့ ကျမ စကားပြန်နားထောင်လာပြီ။ ဒုတိယ ကလေးကတော့ သူ့အဖေလည်းရှိတော့ သူ့အဖေနဲ့ အတူတူ ပြုစုပျိုးထောင်တာမျိုးလုပ်ပါတယ်။

- ကျမ က ကလေးတစ်ယောက်ရှိတဲ့ single mother ပါ။ သူ့ကို ငယ်ငယ်တည်းက နွေးနွေးထွေးထွေးဆက်ဆံတယ်။ အလုပ်ကပြန်လာတဲ့အခါ သူကျောင်းက ပြန်လာတဲ့အခါ အချိန်ပေးပြီး သူနဲ့စကားပြောတယ် အလုပ်မှာ တွေ့ခဲ့ရတဲ့ အခက်အခဲ၊ သူကျောင်းမှာ တွေ့ကြုံခဲ့တဲ့ အခက်အခဲတွေကို သူနဲ့ဖလှယ်တာမျိုးလုပ်ပါတယ်။
- ကျမမှာ ကလေး ၃ ယောက်ရှိပါတယ်။ ဒါပေမယ့် ပထမ ကလေးကိုတော့ ဒီလိုမျိုး သင်တန်း တက်တာတွေ မရှိသေးတော့ ကျမ သူ့ကို ဆက်ဆံတာ ကြမ်းတမ်းတယ်လို့ ထင်ပါတယ်။ သူ့ကို ရိုက်တယ် ကြမ်းကြမ်း ပြောခဲ့တယ်။ အခု ကျမ သင်တန်းတွေတက်တော့ ကလေးအငယ် ၂ ယောက်ကို ဘယ်လို သွန်သင် ရမလဲ ဆိုတာ ကျမ သိခဲ့ပါတယ်။ ကလေးအငယ်တွေကို ကောင်းကောင်း သွန်သင် ဆုံးမခဲ့ပြီးမှ၊ ကျမလည်း နားလည်တော့တယ်။ ကလေးကို ဆူတာ၊ လေသံမာမာနဲ့ပြောမှ စကားနားထောင်တာ မဟုတ်ဘဲ သူတို့ကို နားလည်အောင် ပြောပြရင်အဆင်ပြေတယ်ဆိုတာ ကျမ သိလာရပါတယ်။
- ကျမမှာ သမီးတစ်ယောက် ရှိတယ်။ သူ ၉ လ တည်းက အဘွားနဲ့ အတူနေပါတယ်။ ကျမ ကတော့ အတတ်နိုင်ဆုံး သူ့ကိုယ်သူရပ်တည်နိုင်အောင် လူ့ပတ်ဝန်းကျင်ရဲ့ အမိုက်မဖြစ်ရအောင် ကြိုးစားပြီး သူ့ကို ပြောပြတာမျိုး လုပ်ပါတယ်။
- ကျွန်မ မှာ ကလေး ၂ ယောက်ရှိပါတယ်။ ကျမ သမီးကြီးက လေးနှစ် ရှိပါပြီ။ သူက ကလေးဆိုတော့ အရမ်းဆိုးတယ် တစ်ခါတလေ အပြင်က သူတွေနဲ့ နေတော့ ကျမနဲ့ ရှိနေချိန်မှာ သူ့ကို ဂရုစိုက်စေချင်တယ်။ တစ်ခါတလေ ပြောမရလို့ ရိုက်မိတယ်ဆိုရင် အရမ်းဝမ်းနည်းမိတယ်။ ကျမကိုမုန်းမှာစိုးလို့ သမီးကိုချစ်လို့ရိုက်တာပါလို့ ပြန်ပြောရပါတယ်။
- ကိုယ့်ကလေးကို ဟိုဟာမလုပ်နဲ့ မပြောဘူး သဘာဝအတိုင်း ပြုစုပျိုးထောင်တယ်။ ယဉ်ကျေးမှုရှိအောင် သင်ပေးတယ်။ သူငယ်ချင်းတွေ တိရစ္ဆာန်တွေကို ချစ်တတ် ကူညီတတ်အောင် သင်ပေးတယ်။ ကလေးကို မခြောက်ဘူး။ ကျွန်မတို့ ငယ်ငယ်တုန်းကလို မဖြစ်အောင် ကလေးစိတ်ထဲ ရှိတဲ့အတိုင်း ဖော်ထုတ်ခိုင်းတယ်။
- ကလေးကို ငယ်ငယ်ကတည်းက အစားအသောက်ကို သေချာကျွေးမွေးတယ်၊ ကလေးရဲ့ နေထိုင်မှုကို ပြည့်စုံအောင် လုံခြုံအောင် ဂရုစိုက်ပေးတယ်၊ ကလေး နည်းနည်းလေး ကြီးလာတော့ နေ့တိုင်း ဖွံ့ဖြိုးရေးကို စောင့်ကြည့်ပေးတယ်။ နည်းနည်း အရွယ်ရောက်လာတော့ သူဘာဖြစ်ချင်လဲဆိုတာကို လေ့လာတယ်။ ကလေးကို မချုပ်ချယ်ဘူး။ ချုပ်ချယ်ရင် တချို့ကလေးတွေကခိုးလုပ်တတ်ကြတော့ ကလေးကို လွတ်လပ်စွာ ဖြစ်ချင်တာ ပေးလုပ်တယ်။ သူငယ်ချင်းလာဆော့ချင်လည်း ပေးဆော့တယ် အခြားမှာ သွားဆော့ချင်လည်း ကိုယ်တိုင် သွားအပ်ပေးတယ်။ ကြီးလာတော့ ကလေးက ကိုယ်ပိုင် ဆုံးဖြတ်ချက်ချတတ်လာတယ်။ ကျွန်မတို့က အနောက်ကနေပဲ ပံ့ပိုးပေးပါတယ်။
- ဝမ်းရေးအတွက်ရှာဖွေလုပ်ကိုင်စားသောက်နေရတော့ သားသမီး ၃ယောက်လုံးကို ကိုယ်တိုင်မထိန်း ကျောင်းနိုင်ခဲ့ဘူး။ ယောက္ခမနဲ့ ထားရပါတယ်။ အဖိုးအဖွားတွေက သမီးကြီးကို အလိုလိုက်တော့ အိမ်မှုကိစ္စ မရပေမယ့် ပညာတော်တယ် ဘွဲ့ရတယ်။ ဒုတိယ သားကတော့ ဆယ်တန်းမအောင်ခဲ့ဘူး၊ အငယ်ဆုံးသားကလည်း ထိုင်းမှာ မွေးပေမယ့် မပြုစုနိုင်ခဲ့ဘူး။ အိုတီတွေ ဆက်တိုက် ဆင်းနေရတော့ ကလေးထိန်းနဲ့ပဲ ထိန်းခိုင်းခဲ့တယ်။ ဒါပေမယ့် ကလေးတွေက မခိုးတတ်ဘူး။ သားသမီးကြီးလာပေမယ့် ဝမ်းရေးအတွက် ရုန်းကန်နေရတော့ အတူမနေခဲ့ရဘူး သေချာ မပြုစုခဲ့ရဘူး။
- ကျမက ဆယ်ကျော်သက် အသက်ငယ်ငယ်နဲ့ ကျောင်းနေအရွယ်မှာ မထင်မှတ်ပဲ ကလေးရသွားတော့ ကလေးကို မကြည့်တတ်ခဲ့ဘူး၊ အမေကပဲ သင်ပြခဲ့တယ်။ ပထမကလေးတုန်းက ဘာမှမလုပ်တတ်ခဲ့ဘူး၊ ဒုတိယကလေးကလည်း အလုပ်တစ်ဖက်နဲ့ ဆိုတော့ ကလေးကို အခြားသူတွေက ကြည့်ပေးတယ်။ နောက်ဆုံးတစ်ယောက်လည်း အဲ့လိုပါပဲ။ အိမ်တွင်း အကြမ်းဖက်မှုလည်း ရှိလာတော့ ကလေးကို ကျောင်းနေဖို့ တခြားနေရာမှာ လိုက်ပို့ထားတယ်၊ ကိုယ်လည်း အလုပ်လုပ်နေတယ်ဆိုတော့ ခု မြေးလေးရလာတော့ ကလေးပြုစုနည်းကို ပိုသိလာတယ်။ ကလေးကို ဘယ်လို ထိန်းရမလဲ ဆိုတာ ကျွန်မသမီးဆို ပိုကျွမ်းတယ် ပိုသိတယ်။

- ကျမမှာ ကလေးတစ်ယောက်ရှိတယ်၊ အိမ်ထောင်စောစောကျတော့ အသက် ၂၀နဲ့ ရတယ်။ single mom ဖြစ်တယ်၊ ယောကျ်ားနဲ့ ၄နှစ်ပေါင်းရတယ်၊ ငယ်တုန်းက ကလေးကို ဆူတယ် ရိုက်တယ် ခု နောက်ပိုင်းတော့ ကလေးကို များများ နားထောင်ပေးတယ်။ ကျောင်းမှာ ခွဲခြားဆက်ဆံတာတွေရှိတာကြောင့်၊ တစ်ခါတလေမှာ ကလေးကစိတ်မကောင်းဖြစ်တာတွေရှိပါတယ်။ အဲလိုအချိန်မှာ ကလေးကိုပြန်ပြီး နှစ်သိမ့်ဆွေးနွေးပေးခဲ့ရပါတယ်။ ၁၃ နှစ်အရွယ်ရောက်လာတော့ သူလိုချင်တာတွေကို ကိုယ်ကဖြည့်ဆည်းပေးမယ်၊ ကိုယ်ဖြစ်ချင်သလို စည်းကမ်းလေးကိုလိုက်နာဖို့ အပေးအယူတွေလုပ်ခဲ့ရပါတယ်။
- ကျမမှာသား ၂ယောက်ရှိတယ် ၁၆နှစ်နဲ့ ၁၂နှစ် ဖြစ်တယ်။ ကျမက မိဘမရှိတော့ ယောက္ခမဆီမှာပဲ ထားပြီး ထိုင်းမှာ စီးပွားလာရှာတယ်။ သားကြီးက ဆယ်တန်းဖြေပြီး နိုင်ငံရေးထဲ လိုက်ပြီး ဘာသတင်းမှ မကြားရတော့ဘူး။ အငယ်ကောင်ကို အဲလို မဖြစ်စေချင်တော့ ခေါ်ထားတယ်။ ကိုယ်က မိဘမဲ့ဖြစ်ခဲ့တော့ ကိုယ့်လို မဖြစ်အောင် ကလေးကိုတော့ ဖြစ်ချင်တာ ဖြစ်အောင် စားချင်တာ စားလို့ရအောင် ထားတယ်။ ကလေးကြီးကိုတော့ ခုထိ ရှာလို့မတွေ့သေးဘူး။

**ဦးဆောင်သူ...** မိခင်တွေ သားသမီးကို သွန်သင်ဆုံးမတာ အရမ်းတော်ကြတယ်။ ကိုယ်တိုင်ရော မိဘရဲ့ သွန်သင်မှုအောက်မှာ ဘယ်လိုဖြတ်သန်းလာခဲ့ရပါသလဲ။

**တက်ရောက်သူ...** အဖေက စနစ်ကျပြီး အမေက စည်းကမ်းကြီးပေမယ့် စနစ်မကျဘူး။ အမေက စိတ်တိုင်းမကျရင် ရှိတာနဲ့ ကောက်ပေါက်တယ်။ ရိုက်တယ်။ အဖေက သူ့သမီးတွေ ရှိုးရာမရှိစေအောင် ပြောရင် အမေနဲ့ ရန်ဖြစ်ကြတယ်... မိဘကို ကြောက်လန့်နေရတော့ ကိုယ်က လူတောမတိုးဘူး။ ကျောင်းသွားရင် လက်မှာ ရှိုးရာရှိတော့ ဆရာမလည်း ရိုက်တယ်။ ကြောက်စိတ်နဲ့ နေရတော့ လူတောမတိုးဘူး။ ကိုယ် ဘာလုပ်ချင်လဲ မသိဘူး။ ကိုယ့်ကလေးတွေကိုတော့ လွတ်လပ်စွာ နေစေတယ်။

**ဦးဆောင်သူ...** အခြားသူတွေရော မိဘတွေဆီကနေဘယ်လိုခံစားခဲ့ရတာတွေရှိပါသလဲ။ ကိုယ့်အလှည့်ကတော့လည်း၊ သားသမီးတွေကို ကောင်းစေချင်တဲ့စိတ်နဲ့ အဲ့ နည်းလမ်းတွေကို ပြန်သုံးဖြစ်တယ်။ ဆူပူတာ ရိုက်တာ သူများနဲ့ နှိုင်းယှဉ်ပြီး ပြောရင် ဆိုးကျိုးက ကလေးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိစေတာ ဖြစ်တယ်။ အဲ့လို အကြမ်းနည်းနဲ့ သားသမီးကို ပြုစုရင် သားသမီးလည်း စိတ်ရော ကိုယ်ပါ နာကျင်တယ်။ ကိုယ်လည်း စိတ်မကောင်းဘူး၊ ရေရှည်မှာ မကောင်းတဲ့ လမ်းကြောင်းပေါ် ရောက်တတ်တယ်၊ နောက်ဆုံး ထောင်လည်း ကျနိုင်တယ်။ ဒီနေ့မှာတော့ အပေါင်းလက္ခဏာနဲ့ သားသမီး ပြုစုနည်းကို လေ့လာကြရအောင်ပါ။

## လှုပ်ရှားမှု ၁

- ကိုယ်ပိုင် အလံတွေ ဖန်တီးပြီး မိမိတို့အလံမှာ ပုံဖော်ချင်တဲ့ ကိုယ့် သားသမီး အနာဂတ်၊ သို့မဟုတ်ကိုယ့် ပတ်ဝန်းကျင်က ကလေးတွေ၊ ပန်းတိုင်လျှောက်လှမ်းဖို့ ဘယ်လိုနည်းလမ်းနဲ့ ပုံဖော်မလဲဆိုတာ စဉ်းစားကြရအောင်။
- တစ်ယောက်ချင်းစီ က ကလေးပြုစုပျိုးထောင်တဲ့နေရာမှာ မိမိ ဘယ်လိုဖြစ်သလဲပြုစုပျိုးထောင်သလဲဆိုတဲ့ ကိုယ့်ရဲ့ ပန်းတိုင်ကို အလံပေါ် ချမှတ်ရေးပြီးတော့ သိမ်းထားပေးပါ။

အဖွဲ့ ၂ ဖွဲ့ခွဲပြီး ဝိုင်းထိုင်ကြပြီး ဦးဆောင်သူက ပေးမယ့်ပုံပြင်ကိုအတူတကွဖတ်ပြီး၊ အဖွဲ့ ၁ က မိမိကိုယ်ကို အမေဆိုပြီး စိတ်ထဲ မှတ်ထားလိုက်ပါ။ အဖွဲ့ ၂ က မိမိကိုယ်ကို ကလေး ဆိုပြီး စိတ်ထဲမှတ်ထားလိုက်ပါ။

အခုတော့ အဖွဲ့ ၂ ဖွဲ့ ခွဲပါမယ်။ အဖွဲ့ ၁ နဲ့ ၂ ခွဲထိုင်ပြီးတော့ ဝိုင်းဖွဲ့ထိုင်ကြပါမယ်။ ပုံပြင်လေးတွေ ဖတ်ပြပါမယ်။

- ပုံပြင် -

သမီးလေးက ကျောင်းကနေပြန်လာပြီး ဗိုက်ဆာဆာနဲ့ အိမ်ပြန်ရောက်လာတော့ အိမ်က အမေက အိမ်စာလုပ်ခိုင်းစေချင်တယ်။ သူက ဗိုက်ဆာနေတော့ အိမ်စာမလုပ်ချင်သေးဘူး။ အဲ့တာကို အမေက စိတ်တိုပါတယ်။

**အဖွဲ့ ၁ အမေအဖွဲ့အတွက်ခံစားချက်...** သားသမီးကို အော်လိုက်တော့ ဘယ်လိုခံစားရလဲ။ ကိုယ်က ဘာကိုဖြစ်စေချင်တာလဲ။ အဲ့လိုဖြစ်ဖို့ ဘာတွေလိုအပ်မလဲ။

**အဖွဲ့ ၂ သားသမီးခံစားချက်...** သားသမီး ရဲ့ ခံစားချက်က ဘာလဲ။ သားသမီးတွေကရော ဘာတွေလိုအပ်လဲ။ မိမိခံစားချက်ကို ဘာအမူအရာနဲ့ ပြသလိုက်ပါသလဲ။

တိုင်ပင်ချိန် ၅ မိနစ်အတွင်း ပေးထားတဲ့စာရွက်မှာ ချရေးပြီး၊ အဖွဲ့လိုက်ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။

**အမေအဖွဲ့ရဲ့ ခံစားချက်**

- ကလေးကို ထူးချွန်စေချင်တဲ့ စိတ်ကို အရမ်း ဦးစားပေးမိတော့ ကလေးခံစားချက်ကို လျစ်လျူရှုမိပြီး သူ့ကို ကျောင်းပြန်လာတဲ့အချိန် တားလိုက်မိပြီးတော့ သူ့ကို အိမ်စာကို လုပ်ခိုင်းတဲ့အတွက် စိတ်မကောင်း ဖြစ်ရတယ်။ သူ ဗိုက်ဆာနေတဲ့အချိန် တားမြစ်လိုက်တဲ့အတွက်လည်း နှစ်ဆ စိတ်မကောင်းဖြစ်တယ်။ သူ ဗိုက်ပြည့်ပြည့်နဲ့ ပျော်ပျော်ရွှင်ရွှင် အိမ်စာလုပ်မယ်ဆိုရင် ပိုပြီး ကျက်မှတ်နိုင်မယ်ဆိုတာ ကို မသိခဲ့ဘူး။
- ကျမတို့ဟာ ကိုယ့်ရဲ့ လိုအင်ကိုပဲ ရှေ့တန်းတင်လို့မရဘူး။ ကလေးကလည်း လူသားတစ်ယောက် ဖြစ်တော့ သူ့ရဲ့ လိုအပ်ချက်ကိုလည်း ထည့်သွင်း စဉ်းစားခဲ့ရမှာပါ။
- ကိုယ့်ဘက် သူ့ဘက် ကြည့်ပြီးတော့ အပေးအယူ လုပ်ရမှာပါ။ အခု ဖြစ်ရပ်မှာလည်း အပေးအယူလုပ်ပြီး သူ့အတွက် စဉ်းစားပေးခဲ့မယ်ဆို သူ ဒီလို စိတ်မကောင်းဖြစ်မှာမဟုတ်ဘူး။

**ကလေးအဖွဲ့ရဲ့ ခံစားချက်**

- အိမ်ပြန်လာရင် စာချက်ချင်းမလုပ်ချင်ဘူး။ ဗိုက်ဆာတော့ ထမင်းစားချင်တယ်။ ကစားချင်တယ်။ အဲဒါတွေ လုပ်ပြီးမှပဲ စာလုပ်ချင်ပါတယ်။ အမေ ဂရုစိုက်တာ ခံချင်တယ်။ ဒါပေမယ့် ကျောင်းက ပြန်ရောက်တာနဲ့ အမေက အော်ခံထိတော့ အရမ်း စိတ်မကောင်းဖြစ်သွားတယ်။
- ကျောင်းကနေပြန်ရောက်ရောက်ချင်း အမေက ဆူခံထိတော့ စိတ်တိုလာပြီး မျက်နှာ စူပုပ်လာတယ်။ အခန်းထဲကနေ မထွက်တာ စကားမပြောတာတွေ ဖြစ်လာမယ်။ မဟုတ်ရင် သူငယ်ချင်းဆီသွားပြီး ငါ့အမေက ငါ့ကို ဒီလိုပြောတယ်ဆိုပြီး သွားရင်ဖွင့်တာရှိမယ်။ အမေနဲ့ သေချာ မပြောဆိုပဲ သူ့ကို စကားမပြောတော့ဘူး။

**ဦးဆောင်သူ...** အမေ နဲ့ သားသမီး လိုအပ်ချက် တူကြပါသလား။

**တက်ရောက်သူ...** မတူကြပါဘူး။ အမေက အိမ်စာပြီးအောင်လုပ်စေချင်တယ်။ ကလေးက ထမင်းအရင် စားပြီး၊ ခဏ နားချင်တယ်။ ဒါပေမယ့် အမေက သူလိုချင်တာပဲ သိတယ်၊ ဖိအားပေးပြီး အိမ်စာ ပြီးမှပဲ ထမင်းစားခိုင်းတယ်။ အဲ့တော့ ကလေးက စိတ်တိုပြီး ငိုပြလိုက်တယ်။ ရလာဒ်က အမေရော ကလေးရော စိတ်မကောင်းဖြစ်သွားတယ်။ ပန်းတိုင်ကတော့ အိမ်စာပြီးဖို့အတူတူပဲဖြစ်တယ်။ ဒါပေမယ့် ကိုယ်ဆက်ဆံလိုက်တဲ့ တုံ့ပြန်လိုက်တဲ့ အမူအရာ အပေါ်မှာ စိတ်ခံစားချက်ကပြောင်းသွားပါတယ်။

ကိုယ့်သားသမီးကို အပေါင်းလက္ခဏာဖြစ်အောင် ပြုစုပျိုးထောင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်။ စိတ်ကူးနဲ့အိမ်ဆောက်ဖို့ ဆိုရင် ပုံစံ မူကြမ်းရှိဖို့လိုတယ်၊ မနက်က လုပ်လိုက်တဲ့ အလံလေးက ကိုယ့်စိတ်ကူးထဲက ကလေး ဖြစ်တယ်။ ပုံစံ မူကြမ်း ရှိရုံအပြင် မြေကြီး၊ သဲ စတာတွေအပြင်၊ စက်ကိရိယာလည်းရှိဖို့ လိုတယ်။ အပေါင်းလက္ခဏာနဲ့ သားသမီးကို ပြုစုချင်ရင် နွေးထွေးမှုပေးရမယ်။ နွေးထွေးမှုပေးတာကလည်း စက်ပစ္စည်းနဲ့ တူတူပဲ။ ကိုယ့်ကလေးကို ဘယ်လို နွေးထွေးမှု ရမလဲဆိုတာကတော့

- လုံခြုံအောင် ထားပေးရမယ်၊ ကလေးက အခက်အခဲ ကြုံနေရပါစေ အမေဆိုတဲ့ လုံခြုံမှုတစ်ခုနဲ့ လုံခြုံစိတ်ချစွာ ရင်ဖွင့်နိုင်တာ ဖြစ်ရမယ်။
- သူ့ကို ချစ်တဲ့ အမေရှိနေတဲ့ ခံစားချက်၊ ရုပ်ရည် ဘယ်လိုဖြစ်နေပါစေ ချစ်ပေးရမယ်။ ချစ်တယ်လို့ ပြောရုံနဲ့ မပြီးဘဲ လုပ်ပြရမယ်။ အချို့ မိဘတွေက ချစ်တယ်ပြောပေမယ့် သားသမီးကို မထိတွေ့ ဖက်တာတွေ မရှိ၊ အချို့က လုံးဝ မဖက်ဘူး ချစ်တယ်လို့လဲ မပြောဘူး
- ကလေးရဲ့ ဆန္ဒ၊ ကျောင်းနဲ့အလုပ်ခွင်တွေမှာကြုံတွေ့နေရတဲ့ အဖြစ်အပျက်ကို အမြဲထည့်သွင်းစဉ်းစား ပေးရမယ်။ မိဘ အတော်များများက လူကြီးဖြစ်တဲ့အတွက် သားသမီး ဆန္ဒကို မမေးပဲ ကိုယ်စား ဆုံးဖြတ်ပေး လိုက်တယ်။ တကယ်တော့ နွေးထွေးမှုဆိုတာ သူတို့ ဆန္ဒကို ထည့်သွင်း စဉ်းစားပေးတာလည်း ပါတယ်။ နံပါတ် (၁) က နွေးထွေးမှုဖြစ်တယ်။

## လှုပ်ရှားမှု ၂

ကလေး က ကျောင်းက ပြန်လာတဲ့အချိန် လွယ်အိတ်ကို အရှိန်ပြင်းပြင်းနဲ့ပစ်ချလိုက်ပြီး၊ အိမ်တံခါးကို တွန်းဖွင့် ဝင်လာပြီး၊ ဆောင့်ပိတ်လိုက်တယ်။ သူ့အမေက ဒီ အပြုအမူကို မကြိုက်တော့ ဘယ်လို သူ့ကလေးကို ဆုံးမကြသလဲ အဖွဲ့လိုက်ဆွေးနွေးကြပါ။

**အဖွဲ့ ၁ တင်ပြချက်...** ပထမဆုံး သူ့ကို အရင်နှုတ်ဆက်မယ်။ ကျောင်းမှာ ကြုံတွေ့ရတဲ့ သူ့အတွေ့အကြုံကို မေးမယ်။ ပြီးတော့မှ ကိုယ်လိုချင်တာ ဆက်ပြောပါမယ်။ သူတံခါးကို ဆောင့်ပိတ်တာ လွယ်အိတ်ပစ်ချတာကို အသံကျယ်တာ တံခါး ပျက်စီးသွားမှာစိုးလို့ ဖြည်းဖြည်းချလို့ရတယ်။ တံခါးကိုလည်း ဆောင့်ပိတ်ရင် ပျက်စီးတတ်တယ်ဆိုတာ ပြောပြရပါမယ်။ သွားကစားဖို့ အချိန်မရှိရင် အိမ်မှာ သူငယ်ချင်းတွေကို ခေါ်လာကစား ပါလို့ပြောပါမယ်။

**အဖွဲ့ ၂ တင်ပြချက်...** ကလေးကို ဘာလို လွယ်အိတ်ပစ်ချတာလဲ၊ တံခါးဆောင့်ပိတ်တာလဲ အခု ပြန်လာခဲ့ ဘာဖြစ်လို့လဲဆိုတာ အမေ့ကို ပြောဆိုပြီး ဆူမှာပဲ။ အဖွဲ့ ၁ လို ချော့မပြောဘူး။ ဆူပြောမှာ။ အရင်ဆူ ဒေါသထွက်ပြီးမှ သူ့ကို ပြောမယ် တံခါးကို ဖြည်းဖြည်းဖွင့် လွယ်အိတ်ထားပြီးမှပဲ သွားကစားဆိုပြီး ပြောပါမယ်။

**ဦးဆောင်ဆွေးနွေးသူ**

ကိုယ့်ကလေးကို ပြောမရဆိုမရ ဖြစ်နေတဲ့အချိန် စိတ်ထဲအရမ်းဒေါသထွက်တယ်။ ပင်ပန်းနေတဲ့ကြားက ကလေးကို နားလည်အောင်ပြောရတော့ စိတ်ထဲ စိတ်တိုနေတဲ့အချိန်တောင် ပတ်ဝန်းကျင်က ပြောမှာစိုးလို့ သူ့ကို နားလည်အောင် စကားနဲ့ပြောရတယ်။

တစ်ခါတလေ ဒီလိုမျိုးကြုံတွေ့ရမယ်ဆို စိတ်ခံစားမှုကြောင့် ကလေးတွေကို အော်ငေါက်လိုက်မှာဖြစ်တယ်။ တကယ်တမ်းဖြစ်စေချင်တာက ကလေးတွေကို စည်းနဲ့ကမ်းနဲ့ သေချာဖြစ်ပြီး သူတို့ကိုယ်သူတို့ စည်းကမ်းနဲ့ နေစေချင်တာဖြစ်တယ်။ အဲ့လို အော်လိုက်တဲ့အတွက် သူတို့က ကြောက်သွားပြီးတော့၊ ကိုယ်အော်လိုက်တဲ့အချိန်မှာပဲ သူတို့မလုပ်တော့ပေမယ့်၊ ကျန်တဲ့အချိန်တွေမှာ သူတို့အကျင့်ကို ပြုပြင်မှာ မဟုတ်ပါဘူး။ သူ့အကျင့်ကိုမပြင်တော့ အမေလည်း ဒေါသကြီးပြီး နောက်ရက်တွေကျ ထပ်အော် ထပ်စိတ်ဆိုးရဦးမှာ ဖြစ်တယ်။

ကလေးတွေကို ထပ်ခါထပ်ခါ စိတ်မဆိုးပဲနဲ့ သူတို့ အကျင့်လေးတွေ ပြင်ဆင်လာအောင်၊ စည်းရုံးရမယ့် နည်းလမ်းလေးတွေကို ဦးဆောင်သူကပြောပြခဲ့ပါတယ်။ ကောင်းမွန်စွာ ပြောပြရင် ခံစားမှုက ကလေးက မှားသွားကြောင်း သိသွားမယ်။ အကြမ်းနည်းနဲ့ သုံးရင် ပင်ပန်းမယ်၊ ကလေးလည်း နားမထောင်ဘူး။ ကောင်းကောင်းပြောတော့ ကလေးလည်း နားထောင်ရင် ကိုယ်လည်း မပင်ပန်းဘူး။ ကိုယ်လည်း ရွေးချယ်လို့ရပါတယ်။

နွေးထွေးမှု ဆိုတဲ့ နည်းလမ်းက လွှတို့ တူတို့ စတဲ့ စက်ပစ္စည်း ကိရိယာနဲ့ တူပါတယ်။

ဒုတိယနည်းလမ်းက သဲတွေ ဘိလပ်မြေတွေ ကျောက်ခဲတွေနဲ့ တူတယ်။ ကိုယ် ဘယ်လို နည်းလမ်းတွေနဲ့ သွန်သင်လို့ရလဲဆိုတော့

- ကလေးတွေရဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာမှာ ပူးပေါင်းပါဝင်မှုရှိအောင် အားပေးရပါမယ်။ မိသားစုနဲ့ ပတ်သက်တာ၊ သူ့ပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့အရာတွေမှာ သူဘယ်လို အတွေးရှိလဲ သိရှိအောင်လုပ်ရပါမယ်။
- မိမိ ကိုယ်တိုင်ကလည်း နမူနာ ကောင်းဖြစ်အောင် နေရပါမယ်။ သူ့ကို အကျင့်ဆိုးတွေ ပြင်စေချင်ရင် ကိုယ်ကိုယ်တိုင်လည်း အဲ့အကျင့်ဆိုးတွေကို ပြုလုပ်နေလို့မရပါဘူး။ အချို့မိဘတွေက ကိုယ်တိုင် အရက်သေစာသောက်စားတယ်၊ ဖုန်းတွေ သုံးတယ်။ သားသမီးကို မလုပ်စေချင်ရင် ကိုယ်တိုင်လည်း မလုပ်ရပါဘူး။ သားသမီးတွေ ရောက်ချင်တဲ့ ပန်းတိုင်ကို အမြဲ ပံ့ပိုးပေးရမယ်။ ကိုယ့်သားသမီး ဝါသနာပါရာကို လိုက်လျောညီထွေစွာ ပံ့ပိုးပေးရမယ်။
- သူတို့ စိတ်ဝင်စားတဲ့အရာတွေကို လုပ်ဆောင်နိုင်အောင် မိဘတွေက ဘေးနားကနေ ပံ့ပိုးပေးရပါမယ်။
- သူတို့ကို အချိန်ပိုပေးရပါမယ်။

- ကလေးတွေ ပြဿနာ ရင်ဆိုင်ဖြေရှင်းနေတဲ့အချိန် မိဘတွေကလည်း ကူညီ ဖြေရှင်းပေးဖို့ပါ။ ပြဿနာ ဖြေရှင်းတဲ့ နေရာမှာ အတွေးအခေါ် မတူတာတွေ ရှိတယ်။ သားသမီး နည်းလမ်းက မအောင်မြင်တဲ့အခါ၊ အမေ့နည်းကို သုံးကြည့်မလားဆိုပြီး အကြံပေးရပါမယ်။
- သားသမီးနဲ့ သဘောတူညီမှု အပေးအယူ လုပ်ရမယ်။ သတ်မှတ်ထားတဲ့အတိုင်း လုပ်နိုင်ရင် ချီးကျူးပေးရမယ်။
- တစ်ခါတလေ သူတို့ သိချင်တဲ့အကြောင်းအရာတွေကို ကိုယ့်ကိုမေးရင် သေချာ အာရုံစိုက်ပြီး ဖြေပေးရပါမယ်။ သူတို့ကို တစ်ခုခုသိချင်လို့ ဆိုပြီး အပြစ်တင်တာမျိုး ဩမလုပ်ပဲ အကျိုးအကြောင်းခိုင်လုံစွာ ရှင်းပြပေးရပါမယ်။

မိဘအနေနဲ့ ဖြစ်ချင်တဲ့ ဆန္ဒကို သားသမီးကို ရှင်းရှင်းလင်းလင်းပြောပြဖို့လိုတယ်။ သားသမီးတွေကို အပေါင်းလက္ခဏာ ပြုစုပျိုးထောင်တဲ့ နည်းလမ်း ၂ ဖြစ်တယ်။

အိမ်ဆောက်ရင် စက်ကိရိယာပဲ ရှိပြီး သဲ၊ ဘိလပ်မြေ မရှိရင်လည်း မရပါဘူး။ သားသမီးတွေကို အပေါင်းလက္ခဏာနဲ့ ပြုစုပျိုးထောင်တဲ့အခါ နွေးထွေးမှုနဲ့ နည်းလမ်းလေးတွေ လိုတယ်။ အခုဆို နည်းလမ်းလေးတွေရော သိသွားမှာပါ။



# အပြုသဘောဆောင်သော စည်းကမ်းများဖြင့် သားသမီးများကို ပြုစုပျိုးထောင်ခြင်း အပိုင်း (၂)

**ဦးဆောင်ဆွေးနွေးသူ – Jariya**

## လှုပ်ရှားမှု ၃

ကြမ်းပြင်ပေါ်မှာ ကလေးတစ်ယောက်ရဲ့ အသက်အပိုင်းအခြားအလိုက် မွေးကင်းစမှ ဆယ်ကျော်သက် ၁၈ နှစ်အထိ အသက်အဆင့်ဆင့်ရှိပါတယ်။ တစ်ယောက်ချင်းစီမှာ ဝေမျှထားတဲ့ စာရွက်တွေရှိတယ်။ စာရွက်ပေါ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အပြုအမူ ခံစားချက်တွေ ရှိပါတယ်။ အသက်အပိုင်းအခြားတော့မရှိပါ။ စာရွက်က အကြောင်းအရာကို ဖတ်ပြီး၊ ဒီကြမ်းပြင်မှာရှိတဲ့ သက်တမ်းအပိုင်းအခြားအလိုက် သင့်လျော်တဲ့ အသက်အပိုင်းအခြားမှာ မိမိရဲ့ စာရွက်တွေကိုကပ်ရမှာဖြစ်တယ်။



ကပ်ထားတာတွေကို အတူတူပြန်ကြည့်ရအောင်။ ကိုယ့်သူငယ်ချင်းတွေ ချထားတဲ့အတိုင်းမှန်တယ်ထင်လား။ နေရာပြောင်းချင်တာရှိသလား။ မနေသင့်ဘူး။ ပြောင်းသင့်တယ်ဆိုရင် ပြောင်းလို့ရပါတယ်။

ကလေးအသက်အပိုင်းအခြားအလိုက် သူတို့ တိုးတက်ပြောင်းလဲမှုတွေကို ကြည့်ရအောင်။

- အသက် ၀ – ၃ နှစ် – မိဘတွေနဲ့ဝေးတဲ့အချိန် စိုးရိမ်စိတ်၊ ကြောက်စိတ်တွေ ဝင်တတ်လာတယ်။ လက်နဲ့ ကိုင်လို့ရသမျှ အရာတွေကိုင်ပြီး ပစ်ပေါက်တတ်လာပြီ။ လွတ်လပ်မှုကိုကြိုက်ပြီး၊ မလုပ်ချင်ဘူး ဆိုတာလည်း ပြောတတ်လာတယ်။ သူ့ကို ချီးကျူးစကားကြားရင် သူတို့အရမ်းပျော်ပါတယ်။ စူးစမ်းတတ်လာတယ်။

- အသက် ၃ – ၆ နှစ် – ဒီအပိုင်းအခြားမှာ ကလေးတွေအနေနဲ့ သူလုပ်နေကျ အလုပ်တွေ ကောင်းကောင်း လုပ်တတ်လာတယ်။ လူကြီးတွေ စိတ်ကျေနပ်မှုရှိအောင်လည်း နေတတ်တယ်။ တီထွင်မှုပိုကောင်းလာတယ်။ စိတ်ကူးယဉ်တတ်လာပီးတော့ ပုံပြင်တွေ နားထောင်ရတာလည်း ကြိုက်လာတယ်။
- အသက် ၆ – ၁၂ နှစ် – စိတ်ကူးယဉ်တတ်ပြီး ကိုယ်ပိုင်အတွေးအခေါ်တွေလည်း ရှိလာပါပြီ။ လှုပ်လှုပ်ရှားရှားနေရတာ ကြိုက်လာပြီးတော့ သူတို့ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ ရှိလာပါတယ်။ အဲ့အချိန်မှာတော့ မိန်းကလေးတွေက ယောကျ်ားလေးထက် ပိုပြီး ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုရှိပါတယ်။ မိမိရဲ့ စိတ်ခံစားချက်ကိုလည်း ထိန်းချုပ်တတ်လာပါတယ်။
- အသက် ၁၃ – ၁၈ နှစ် – ဆယ်ကျော်သက် လူငယ်အရွယ်ဖြစ်တယ်။ ဟော်မုန်းအပြောင်းအလဲ အသံ အပြောင်းအလဲတွေ ရှိတယ်။ ဒီအရွယ်မှာ အေးအေးဆေးဆေး တစ်ယောက်တည်း နေချင်လာတယ်။ မိန်းကလေးဆိုရင် ရင်သားလေးတွေလည်းရှိလာတယ်။ မိမိကိုယ်ကိုယ်လည်း အသွင်အပြင်ကို ပိုဂရုစိုက်တတ်လာတယ်။ အကုန်လုံးကို စမ်းသပ်ချင်တဲ့စိတ်လည်းဖြစ်ပေါ်လာပါတယ်။

အပေါ်မှာပြောပြထားတဲ့ နည်းလမ်း ၂ ခုကို သုံးမယ်ဆိုရင် ကလေးရဲ့ အသက်အရွယ်အပိုင်းအခြားကို ကြည့်ဖို့လိုတယ်။ ဥပမာ ကလေးအကြီးပိုင်းကို၊ ကိုယ်က ချစ်ပေမယ့် လူကြားထဲ ဖက်လို့ မသင့်တော်ဘူး။ ငယ်တဲ့အရွယ်မှာလည်း ဟိုလိုဒီလို သင်ပြတာကို နားမလည်နိုင်သေးပါဘူး။ အပေါင်းလက္ခဏာနည်းလမ်း တွေကို သုံးမယ်ဆိုရင် ကလေးရဲ့အသက်အရွယ်အလိုက် အတူတူပေါင်းပြီး သုံးလို့မရပါဘူး။ ကလေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ခုနကအတိုင်းပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုမရှိရင် ဆရာဝန်နဲ့ ပြသင့်တယ်။ ကလေး ၃ – ၆နှစ် ထိ လမ်းမလျှောက်တတ် စကားမပြောတတ်ရင် ဖွံ့ဖြိုးတိုးတက်မှုက ချို့ယွင်းမှု ရှိနေလို့ပါ။ စိတ်ပိုင်းဆိုင်ရာ ခံစားမှု ဖွံ့ဖြိုးတိုးတက်မှုလည်း အရေးကြီးပါတယ်။ လူတစ်ဦးချင်းစီမှာ မွေးရာပါ ပင်ကိုယ်စိတ်ခံစားချက် အခြေခံ ၇ ချက်ရှိတယ်။ အသက်ကြီးလာတာနဲ့အမျှ ပတ်ဝန်းကျင်နဲ့ အတွေ့အကြုံအရ၊ အဲဒီအခြေခံ ၇ ချက်ကလည်းပြောင်းလဲတတ်လာပါတယ်။

**စိတ်ခံစားချက်တိုးတက်ပြောင်းလဲမှုများရဲ့ အခြေခံ ၇ ချက်**

**၁– နိုးကြားမှု ...** ကလေးတစ်ယောက်ရဲ့ နိုးကြားမှုက အရမ်းနည်းရင်၊ အကြာကြီးထိုင်လို့ရတယ် ကိုယ့်ကလေးရဲ့ နိုးကြားမှုစိတ်က ပြင်းထန်ရင် ငြိမ်မနေတတ်ဘူး။ ဒါက အာရုံစူးစိုက်မှု အားနည်းတဲ့ ကလေးတွေ မဟုတ်ဘူး။

**၂– တည်မြဲမှု ...** ခံစားချက် ပြင်းထန်ရင် ဗိုက်ဆာတာနဲ့ အိပ်ငိုက်တာ တပြိုင်နက် ဖြစ်တတ်တယ်။ မူကြိုကလေးတွေမှာ ဖြစ်တတ်တယ်၊ ကလေးတွေ စိတ်တအားမပြင်းထန်ရင် အိပ်ချိန်တွေ မမှန်တတ်ဘူး။

**၃– တုံ့ပြန်မှု ...** အခြားအခြေအနေသစ် လူသစ် နေရာသစ်မှာ တုံ့ပြန်မှု စိတ်အားနည်းရင် အသစ်တွေကို သိပ်မကြိုက်တတ်ဘူး။ တုံ့ပြန်မှုစိတ် ပြင်းထန်ရင် နေရာသစ် လူသစ်နဲ့ ရင်းနှီးလွယ်တယ်၊ မူကြိုကျောင်းမှာ အချို့ကလေးတွေကို တချိန်လုံးငိုနေတာ တွေ့ရတတ်ပြီး၊ အချို့က ကစားစရာသစ်တွေနဲ့ ကစားတယ်။

**၄– ညှိနှိုင်းမှု ...** ကျောင်းအသစ်ပြောင်းရမယ့်အချိန် ညှိနှိုင်းမှု စိတ်အားနည်းရင် ဆရာသစ် သူငယ်ချင်းသစ်နဲ့ အသားမကျဘူးဖြစ်တတ်ပါတယ်။ ကိုယ့်ကလေးက ညှိနှိုင်းမှုစိတ်ထက်သန်ရင်၊ နေရာသစ်မှာ အကျွမ်းတဝင် ဖြစ်လွယ်ပါတယ်။

**၅– အာရုံစူးစိုက်မှု ...** အကြောင်းအရာတစ်ခုကို ခဏလေးနဲ့ ပျင်းသွားပြီး အခြားအသစ်ကို လုပ်ချင်သွားတယ်။ စာသင်ခန်းထဲမှာ သင်ခန်းစာတွေက တူပေမယ့် ကလေးရဲ့ အာရုံစူးစိုက်မှုပေါ်မူတည်ပြီး၊ စာမေးပွဲ ရလာဒ် ကွာသွားတယ်။ မိဘ အတော်များက သူများ သားသမီးနဲ့ နှိုင်းယှဉ်ကြပေမယ့်၊ တကယ်က ကလေးတွေ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။

**၆– ကြိုးစားအားထုတ်မှု ...** အပိုင်းမှာ စိတ်ခံစားမှု အရမ်းနည်းရင် ခနလေးနဲ့ အီသွားတယ်။ စိတ်အရမ်းပြင်းပြရင် အရမ်းကြိုးစားတယ်၊ အချို့ကလေးတွေက တစ်ခုမပြီးသေးဘူး၊ နောက်တစ်ခု ထပ်လုပ်တယ်၊ အချို့က ပြီးအောင်လုပ်ပြီးမှ အသစ်ထပ်လုပ်တတ်ပါတယ်။

**၇– စိတ်ခံစားမှု ...** မပြင်းပြရင် ပုံမှန်ပဲ၊ မျက်နှာ အပြောင်းအလဲ သိပ်မရှိဘူး။ စိတ်ခံစားမှု အရမ်းပြင်းပြတဲ့ကလေးက ဝမ်းနည်းရင် ငိုလိုက်တယ်၊ ပျော်ရင် ရယ်လိုက်၊ ထခုန်လိုက်တယ်။ လူကြီးတွေမှာလည်းအဲလိုအပြုအမူတွေရှိတတ်ပါတယ်။

ဒီအချက် ၇ ချက်က မွေးရာပါ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။ မိခင်နဲ့ ကလေးတောင် မတူကြဘူး။ ကိုယ့်ကလေးကို အခြားကလေးနဲ့ နှိုင်းယှဉ်လို့မရဘူး၊ ဘာလို့ဆိုတော့ အရွယ်အလိုက် ဖွံ့ဖြိုးမှု မတူကြဘူး။ ဒီ အခြေခံ ၇ ချက်ကလည်း ကွာခြားပါသေးတယ်၊ အထက်က နည်းလမ်းကို သုံးချင်တယ်ဆိုရင် ဒီ ၇ ချက်ကို ထည့်သွင်းစဉ်းစားဖို့ လိုတယ်။

မိဘတွေအနေနဲ့ ကိုယ့်သားသမီးကို အကဲခတ်ပြီး အသက်အပိုင်းအခြားအလိုက် ဖွံ့ဖြိုးမှုမရှိရင် စိတ်ကျရောဂါ၊ အော်တစင်တွေ ဖြစ်နေလားဆိုပြီး ဆရာဝန်နဲ့ ပြဖို့လိုပါတယ်။ အချို့ကလေးက အသက်ကြီးလာပေမယ့် အပြင်မထွက်ဘဲ အခန်းအောင်းနေရင် စိတ်ကျရောဂါဖြစ်နိုင်ချေရှိပါတယ်။ ဒီနည်းလမ်းတွေ အကုန်လုံး အဆင်ပြေချင်မှ ပြေနိုင်မယ်ဖြစ်ပေမယ့်၊ အတွေးအခေါ် ပြောင်းလဲဖို့လိုပါတယ်။ ကိုယ့်မိဘတွေ လုပ်ခဲ့သလို ဆူပူတာတွေ မလုပ်ရဘူး။ ဒီနေ့ သင်ခဲ့ရတဲ့ နည်းလမ်းတွေနဲ့ ပြန်သုံးရင် ချက်ချင်း အကျိုးမတွေ့နိုင်ပေမယ့် ရေရှည်မှာ အကျိုးရှိနိုင်တယ်။ ဒီသင်ခန်းစာက ကိုယ့်ရဲ့ လက်တွေ့ဘဝမှာ ဖြည်းဖြည်းချင်း လေ့ကျင့်သွားရအောင် ပဲဖြစ်ပါတယ်။ အမျိုးသမီးဆွေးနွေးပွဲတွေမှာ ပြန်လည်ပြီး လက်ဆင့်ကမ်းဝေမျှဖို့ ကောင်းတဲ့သင်ခန်းစာပဲဖြစ်ပါတယ်။

**သင်တန်းသူများကမိမိတို့ ရရှိထားတဲ့အလံပေါ်မှာရေးထားတဲ့အချက်များ...**

- ကြီးလာတဲ့အခါ သားသမီးကောင်း၊ မိသားစုကို ချစ်တဲ့သူ ဖြစ်စေချင်တယ်၊ မူးယစ်ဆေးဝါး မလုပ်ရ မခိုးရဘူး။ မိမိကိုယ်ကို ရပ်တည်နိုင်ပြီး ပတ်ဝန်းကျင်ကို အကျိုးပြုတဲ့သူ အချစ်ခံရတဲ့သူ ဖြစ်စေချင်တယ်။
- ဘေးပတ်ဝန်းကျင်က ချစ်ခင်ခံရတဲ့သူ ဘွဲ့ရပညာတတ် အလုပ်ကောင်း ပိုက်ဆံရှာနိုင်တဲ့သူ ဖြစ်စေချင်တယ်။
- စံနမူနာကောင်း၊ ရတနာကောင်း၊ ကျောင်းဆရာမကောင်း ဖြစ်စေချင်တယ်။
- ဘေးပတ်ဝန်းကျင် အသိအမှတ်ပြုခံရတဲ့ သားသမီး ရတနာကောင်း လိုချင်တယ်။
- အသိမှတ်ပြုခံရတဲ့ သားကောင်း ရတနာကောင်း ဖြစ်စေချင်တယ်။
- အသိမှတ်ပြုခံရတဲ့ စံနမူနာကောင်း အလုပ်အကိုင်ကောင်း သားသမီးရတနာကောင်း ဖြစ်စေချင်တယ်။
- သူတစ်ပါးအပေါ် ကလိမ်ကကျစ် မကျဘဲ ဘဝကို ရိုးသားစွာ ဖြတ်သန်းစေချင်တယ်။ ချမ်းသာတာ မချမ်းသာတာက ကံတရားအတိုင်းပါပဲ။
- မိဘပေါ် ယဉ်ကျေးပြီး ထူးချွန်တဲ့ သား ဖြစ်စေချင်တယ်။
- မိဘပေါ် သိတတ်တဲ့ ပညာတတ်တဲ့ သားလိမ်မာ ဖြစ်စေချင်တယ်။ မှန်ကန်တဲ့ ဆုံးဖြတ်ချက် ချစေချင်တယ်။

- ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး အကျင့် စာရိတ္တကောင်းပြီး မိမိ အနာဂတ်ကို တောက်ပနိုင်ရင် ရပါပြီ။
- ကျောင်းပြီးအောင် တက်စေချင်တယ်။
- သားလေး လိုချင်တယ်၊ သူတပါးအပေါ် စိတ်ထားကောင်းပြီး ကူညီရိုင်းပင်း စေချင်တယ်။
- ပျော်ရွှင်စေချင်တယ်။ ကိုယ်ပိုင် ယုံကြည်မှု ဆုံးဖြတ်ချက်နဲ့ တာဝန်ယူတတ်မှု ရှိတဲ့သူ ဖြစ်စေချင်တယ်။
- မြေးတွေကို ကျန်းမာ ဉာဏ်ကောင်းပြီး လိမ်မာ ဖြူစင်တဲ့ သူဖြစ်ချင်တယ်။ အခြားသူတွေနဲ့ ဆက်ဆံရေး ကောင်းစေချင်တယ်။ စာရိတ္တကောင်း ပညာရှိပြီး ခေါင်းဆောင်ကောင်း ဖြစ်ဖို့ ဘုရားသိတတ်ဖို့ သနားတတ်တဲ့သူ ဖြစ်ဖို့နဲ့ မိဘနဲ့ကလေးကြား ငြိမ်းချမ်းရေးရစေချင်တယ်။
- တာဝန်ယူတတ်ပြီး ရပ်တည်နိုင်တဲ့သူ ဖြစ်စေချင်တယ်။
- အသက်အရွယ်အလိုက် ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်ဖို့ ယုံကြည်တတ်ဖို့ ထူးချွန်တဲ့ သားသမီးကောင်း ဖြစ်စေချင်တယ်။ ကလေးဆန္ဒအတိုင်း ဦးစားပေး ပြုစုပေးမယ်။
- အကျင့်စာရိတ္တ ကောင်းမွန်ပြီး ဘာသာတရား သိတတ်သူ၊ လူသားချင်း ကိုယ်ချင်းစာစိတ် ရှိတဲ့သူ၊ ပတ်ဝန်းကျင် လူမျိုး နိုင်ငံအတွက် အကျိုးပြုတဲ့ ကလေး ဖြစ်စေချင်တယ်။
- ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ပညာတတ် မိဘအားကိုးရတဲ့ ကလေး ဖြစ်စေချင်တယ်။
- အကျင့်ကောင်းပြီး လိမ်မာစေချင်တယ်၊ လူကြီးမိဘရိုသေစေချင်တယ်။ ပညာထူးချွန်စေချင်တယ်။
- လိမ်မာတဲ့ကလေး ဖြစ်စေချင်တယ်၊ ပညာထူးချွန်တဲ့ ကလေး ဖြစ်စေချင်တယ်။ မိဘကို သိတတ်ပြီး သူများကို ကူညီစေချင်တယ်၊ ပျော်ရွှင်စေချင်တယ်။ မိဘ အားကိုးရတဲ့ သားသမီး ဖြစ်စေချင်တယ်။
- လိမ်မာစေချင်တယ်၊ ပညာအများကြီး သင်စေချင်တယ်၊ မိဘတွေလို အလုပ်ကြမ်း မလုပ်စေချင်ဘူး၊ ရည်မှန်းချက်ကို ရောက်စေချင်တယ်။
- ကိုယ့်ထက် သိတတ် တတ်တဲ့ ကလေး ဖြစ်စေချင်တယ်။ သူများနဲ့ ပူးပေါင်းတဲ့ အခါ နှစ်ဘက်လုံးကို မျှတစွာ ဆက်ဆံစေချင်တယ်။
- မိန်းကလေးဆိုရင် ကိုယ့်ခြေတောက်ပေါ် ရပ်တည်နိုင်တဲ့ သူ၊ ယောကျ်ားလေး မွေးရင် တာဝန်ယူရဲပြီး ကိုယ်ချင်းစာတတ်တဲ့ သူဖြစ်အောင် ပျိုးထောင်မယ်။
- မြေးလေးကို ထူးချွန်စေချင်တယ်။ ပတ်ဝန်းကျင် နဲ့ အံဝင်ခွင်ကျ အဆင်ပြေစေချင်တယ်။ ဘာသာတရား ကိုင်းရှိုင်းပြီး မိဘကို သိတတ်တဲ့သူ ဖြစ်စေချင်တယ်။
- သားနဲ့သမီးကို ဒုစရိုက်မှုကင်းပြီး မူးယစ်ဆေးမသုံးဘဲ ပညာတတ်ဖြစ်ပြီး စီးပွားရေးအောင်မြင်စေချင်တယ်။
- ၁၇နှစ်နဲ့ ၁၃နှစ်အရွယ် သား ၂ယောက် ရှိတဲ့အထဲ သားကြီးက တက်တူးပညာရှင် ဖြစ်ချင်တဲ့အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးချင်တယ်။ သားငယ်က ဘာဖြစ်ချင်မှန်း မသိသေးတော့ ဖြစ်ပေါ်လာတဲ့ ရည်ရွယ်ချက်ကို ကူညီမယ်။ သား ၂ယောက်လုံး စာနာစိတ်ရှိပြီး ကူညီတတ်တဲ့သူ ဖြစ်စေချင်တယ်။ အောင်မြင်စေချင်တယ်။

ဦးဆောင်သူက မိခင်တွေက သားသမီးတွေအပေါ်ဖြစ်စေချင်တဲ့ ကြောင်းအရာတွေကို၊ ရေးထားတဲ့အလံကို ပြန်ယူသွားပြီး၊ အမေက သားသမီးတွေအပေါ်မှာ ရှိတဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက် ပန်းတိုင်တွေရှိတယ်ဆိုတာကို ပြန်ပြောပြပြီး၊ အဲဒီရည်ရွယ်ချက်၊ ရည်မှန်းချက်ပန်းတိုင်ကို သားသမီးတွေနဲ့ အတူလျှောက်လှမ်းကြဖို့ အားပေး တိုက်တွန်းပါတယ်။



# စည်းရုံးလှုံ့ဆော်ခြင်း

**ဦးဆောင်သူ…ဂျက်ကီ**

စည်းရုံးလှုံ့ဆော်ခြင်းခေါင်းစဉ်ကို ဂျက်ကီက ဦးဆောင်ပါတယ်။ ဦးဆောင်သူက တက်ရောက်လာသူများကို စည်းရုံးလှုံ့ဆော်တယ်ဆိုတာကို ဘယ်လိုသိထားပါလဲ ဆိုတဲ့မေးခွန်းနဲ့စတင်ခဲ့ပါတယ်။

**တက်ရောက်သူများ…**

- ကိုယ်လုပ်ချင်တဲ့အရာတွေကို ဖြစ်လာအောင် လှုံ့ဆော်ပြောဆိုတာဖြစ်တယ်။
- မသိသေးတဲ့သူကို သိအောင် ပညာပေးတယ်။ သိပြီးသားသူကို ပါဝင်လာအောင် လုပ်တယ်။ ပါဝင်ပြီးသားသူကို ဒီထက်ပိုပြီး တိုးချဲ့လုပ်ကိုင်လာနိုင်အောင် အားပေးတာဖြစ်ပါတယ်။ အားလုံးပါဝင်လာအောင် အတူတကွ လုပ်ဆောင်တာဖြစ်တယ်။
- ကိုယ်ယုံကြည်တဲ့အရာတစ်ခုကို အများသိအောင်ပြောပြပေးတာဖြစ်ပါတယ်။

**ဦးဆောင်သူ…**

- ကျမတို့ နေရာဒေသ၊ တိုင်းပြည်မှာ တစ်ခုခုပြောင်းလဲမှုဖြစ်အောင် လုပ်ဆောင်တာလည်းဖြစ်ပါတယ်။

မှန်ပါတယ်။ စည်းရုံးလှုံ့ဆော်တယ်ဆိုတာက ကျမတို့ယုံကြည်တဲ့ ဖြစ်စေချင်တဲ့ ပြောင်းလဲသင့်တယ်ဆိုတဲ့ အရာတွေကို ဖြစ်လာအောင် အပြောင်းအလဲဖြစ်လာအောင် ပြုလုပ်တာဖြစ်ပါတယ်။ လူတွေရဲ့ စိတ်နေစိတ်ထား သဘောထားတွေပြောင်းလဲလာအောင် စနစ်တွေပြောင်းလာအောင်ပြုလုပ်တာဖြစ်ပါတယ်။

စည်းရုံးလှုံ့ဆော်ခြင်း advocacy လုပ်ရင် အရေးကြီးတာက ကျမတို့ ဘာကိုပြောင်းလဲစေချင်တာလဲ။ အဲဒီပြောင်းလဲမှုတွေဖြစ်အောင် ဘာတွေလုပ်ဆောင်ရမလဲဆိုတာ သိဖို့က အရေးကြီးပါတယ်။ အခြားသူတွေကို သိအောင်လုပ်တာသာမကပဲ၊ ကိုယ်တွေလိုချင်တဲ့ အပြောင်းအလဲဖြစ်အောင် လုပ်ပေးနိုင်တဲ့ ပါဝါရှိတဲ့သူကို သိထားရမှာပဲဖြစ်ပါတယ်။

**ဦးဆောင်သူ...** ဥပမာ အမျိုးသမီးတွေ ကိုယ်ဝန်ဖျက်ချတာကို ဥပဒေအရ တရားဝင်ဖြစ်အောင်လုပ်မယ်ဆိုရင် ဒီပြောင်းလဲမှုကို ပြုလုပ်ဖို့ ဘယ်သူတွေက ပါဝါရှိပါသလဲ။

**တက်ရောက်သူ...** သက်ဆိုင်ရာ အစိုးရ အာဏာပိုင်တွေ ပဲဖြစ်ပါတယ်။

**ဦးဆောင်သူ...** ဒီလိုပြောင်းလဲမှုတွေကိုတောင်းဆိုတဲ့အခါ၊ ဆန့်ကျင်မယ့်သူတွေ၊ အဖွဲ့တွေကိုလည်း သိထားရမှာဖြစ်ပါတယ်။ အထူးသဖြင့် ဘာသာရေးခေါင်းဆောင်တွေ၊ သူတို့ကို ဘယ်လိုမျိုးချဉ်းကပ်မလဲဆိုတာကို သိထားရမှာဖြစ်ပါတယ်။အမျိုးသမီးတွေကို ကာကွယ်ပေးတဲ့ ဥပဒေထုတ်တာကို စည်းရုံးလှုံ့ဆော်တာရှိပါတယ်။ ကျောင်းမှာရှိတဲ့ ကလေးတွေကို အသိပညာပေးပြီး ကျား၊မ တန်းတူညီမျှမှုကို သိပြီး ကြီးလာတဲ့အခါ ကျင့်သုံးသိရှိထားပြီးသား ဖြစ်ဖို့ စည်းရုံးလှုံ့ဆော်တာရှိတယ်။ အဲဒါကအပြောင်းအလဲကို လိုချင်လို့ ဖြစ်ပါတယ်၊ ဥပမာ ထိုင်းနိုင်ငံရဲ့ အနိမ့်ဆုံးလုပ်ခလစာ ပြောင်းချင်ရင် အစိုးရနဲ့ တွေ့တာ တစ်ခါနဲ့ မရဘဲ ကြိမ်ဖန်များစွာ တွေ့ဖို့လိုအပ်ပြီး တဖြည်းဖြည်းချင်းစီ လုပ်ဆောင်သွားဖို့ လိုပါတယ်။

လွန်ခဲ့သော ၂၃နှစ် ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို တက်ရောက်လာခဲ့သူတွေအားလုံးက အထောက်အထားမဲ့ကြတယ်။ ၂၃နှစ် ကာလအတွင်း အဖွဲ့အစည်းပေါင်းစုံအနေနဲ့ အလုပ်သမားတွေက၊ အထောက်အထားနဲ့ကျန်းမာရေး အာမခံမှုတွေ ရရှိအောင် လုပ်ဆောင်ခဲ့ကြတယ်။ ပြီးပြည့်စုံတာ မဟုတ်ပေမယ့်လည်း ပိုကောင်းတဲ့ အပြောင်းအလဲတွေ မြင်တွေ့လာရတယ်။ စည်းရုံးလှုံ့ဆော်မှု လုပ်ပြီဆိုရင်လည်း၊ ဘယ်သူတွေကို ပစ်မှတ်ထားရမလဲဆိုတာ ရှိရပါမယ်။

ထိုင်းရောက် ရွှေ့ပြောင်းအလုပ်သမားရဲ့ လုပ်ငန်းခွင် အခြေအနေ နှင့် ပတ်သက်ပြီး ပြောင်းလဲစေချင်တဲ့ အချက်များကို သင်တန်းသူတစ်ဦးက စက်ရုံတွေအနေနဲ့ အခြားပွဲစား၊ လုပ်ငန်းရှင်တွေ နာမည်နဲ့ ဘတ်ရိုက်ပေးတာ မဖြစ်သင့်ဘူး။ ထိခိုက်မိရင် ပွဲစားတွေကလည်း မလျော်ပေးတော့ လျော်ကြေးမရ ကြောင်း၊ ဥပမာတစ်ခုပေးပြီး ရှင်းလင်းတင်ပြပါတယ်။

**ဦးဆောင်သူက...** အပြောင်းအလဲဖြစ်ဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ?

**တက်ရောက်သူများ...** အလုပ်သမား ဝန်ကြီးဌာနမှာ တာဝန်ရှိတယ်။

**ဦးဆောင်သူ...** စည်းရုံးလှုံ့ဆော်မှု လုပ်တော့မယ်ဆိုရင် အားလုံးပါဝင် သဘောတူမှုရပါမယ်။ အပြောင်းအလဲဖြစ်အောင် လုပ်ပေးနိုင်တဲ့ လူကို သွားပြောတော့မယ်၊ အင်အားရှိတဲ့ သူတွေကို ချဉ်းကပ်မယ်ဆိုရင်၊ သိထားရမှာက အလုပ်သမားကတ်က အလုပ်သမားဝန်ကြီးနဲ့ ပြည်ထဲရေးဌာနက ထုတ်ထားတာ ဖြစ်တယ်၊ အလုပ်သမားဝန်ကြီးအောက်က အလုပ်ခန့်ထားရေးဌာနက၊ ကိုက်ညီမှု ရှိမရှိ စစ်ဆေးရမှာ သူတို့ တာဝန်ဖြစ်တယ်။ သူဌေးငှားမှပဲ အလုပ်လုပ်လို့ရတဲ့ သူတွေ ရှိပါတယ်။ စည်းရုံးလှုံ့ဆော်မှုလုပ်လိုက်မယ်ဆိုရင်၊ သူတို့တွေအပေါ် ဘယ်လိုသက်ရောက်မှုရှိလဲ ထည့်သွင်းစဉ်းစားရမှာဖြစ်တယ်။ နောက်တစ်ချက် ထည့်သွင်းစဉ်းစားရမှာက လူမှုဘဝပဲဖြစ်ပါတယ်၊ လူမှုဘဝဆိုတာ လုပ်ငန်းခွင် ပြင်ပက ဘဝ ဖြစ်ပါတယ်။ နေအိမ်၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးတွေ ပါပါတယ်၊ အားကစား၊ စားသောက်ဆိုင်မှာ စားတာ၊ ခရီးသွားတာတွေ ပါမယ်။ ပိုပြီးကောင်းတဲ့ လူမှုဘဝရဖို့ ဘာတွေလိုလဲဆိုတာ စဉ်းစားရမှာ ဖြစ်တယ်။ နောက်ပြီး အလုပ်အကိုင် ရှာဖွေရေးနှင့် ရွှေ့ပြောင်းသွားလာခြင်း မူဝါဒပဲ ဖြစ်ပါတယ်။ အလုပ်အကိုင်ရှာဖွေရေးလို့ ပြောလိုက်ရင် ဘယ်သူရှာပေးသလဲ၊ ဘယ်လို ရှာပေးလဲ၊ ဘယ်လို တာဝန်ယူပေးလဲဆိုတာ ပါပါတယ်။ နောက်ဆုံးတစ်ချက်က အမျိုးသမီးနဲ့ ပတ်သက်တာ ဖြစ်တယ်၊ အမျိုးသမီး တန်းတူအခွင့်အရေးနှင့် အခွင့်အလမ်း ဘယ်လိုရနိုင်မလဲ၊ ဒီလိုလုပ်ခြင်းအားဖြင့် အမျိုးသမီးတွေအတွက် ပိုပြီး လုံခြုံမှုနှင့် အလုပ်အကိုင်များအတွက် ထိခိုက်နစ်နာမှု သို့မဟုတ် ကောင်းကျိုး ဘာတွေရှိလာနိုင်မလဲ ဆိုတာကို ထည့်သွင်းစဉ်းစားရမှာလည်းဖြစ်ပါတယ်။

ဒီနေ့သင်တန်းမှာ အပြောင်းအလဲအတွက် ထိုင်းအစိုးရကို ဘာတွေ တောင်းဆိုချင်ပါသလဲ။ အမျိုးသမီးနိုးနှောဖလှယ်ပွဲကို တက်ရောက်လာမယ့်အမတ်က၊ ရွှေ့ပြောင်းအလုပ်သမားများရဲ့ ပြဿနာတွေကို သိပြီးသားဖြစ်ပါတယ်။ ဒါ့ကြောင့် အလုပ်သမားနဲ့ ပတ်သက်တဲ့ ဥပဒေကိုပြောင်းလဲချင်ရင် အလုပ်သမား ဝန်ကြီးဌာနကို သွားပြီး စည်းရုံးလှုံ့ဆော်မယ်၊ ရွှေ့ပြောင်းအလုပ်သမားနဲ့ ပတ်သက်တဲ့ အပြောင်းအလဲကို ရချင်တယ်ဆိုရင်၊ အလုပ်သမားဝန်ကြီးများကောင်စီရုံးကို သွားရမှာဖြစ်ပါတယ်။

မတ်–၈ ရက်နေ့မှာ၊ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေအတွက်၊ ထိုင်းအစိုးရကို ပြောင်းလဲမှုအတွက်တောင်းဆိုဖို့၊ စည်းရုံးလှုံ့ဆော်ရမယ့် အကြောင်းအရာတွေ တောင်းဆိုဖို့ အခွင့်အရေးတစ်ခုရပါမယ်။ မတ်လ ၈ ရက်နေ့မှာ ထိုင်းနိုင်ငံရေးပါတီတစ်ခုဖြစ်တဲ့ Move Forward Party မှ အမျိုးသမီးကိုယ်စားလှယ်တစ်ယောက် လာရောက်ပြီးစကားပြောဆိုမှာဖြစ်တဲ့အတွက် ကျမတို့အကြံပေးချက်တွေ တောင်းဆိုချက်တွေကို စဉ်းစားဆွေးနွေးသွားကြမှာဖြစ်တယ်။ ခေါင်းစဉ် ၄ ခုခွဲပြီး စဉ်းစားကြပါမယ်။

ခေါင်းစဉ်လေးခုအတွက်အဖွဲ့ ၄ ဖွဲ့ခွဲပြီး၊ တစ်ဖွဲ့ချင်းစီက ခေါင်းစဉ်တစ်ခုကို ၇ မိနစ် ထားပြီး၊ တစ်ဖွဲ့ချင်းစီက အလှည့်ကျ အဲဒီခေါင်းစဉ်ကိုဆွေးနွေးဖို့ပဲဖြစ်ပါတယ်။

အခု ကိုယ့်နေရာ ကိုယ်ပြန်ရောက်ပါပြီ။ အဲဒီဆွေးနွေးချက်တွေထဲကမှ အရေးကြီးဆွေးနွေးချက် သုံး လေး ခုကို ရွေးချယ်ပြီး၊ Move Forward ပါတီ ကိုယ်စားလှယ်ကို တင်ပြဖို့အတွက်သေချာလေး ပြန်ပြင်ရေးကြပါမယ်။ Move Forward ပါတီက မြန်မာအရေးကို စိတ်ဝင်စားပြီး မြန်မာနိုင်ငံရဲ့ မိတ်ဖက်ပါတီလည်းဖြစ်သလို၊ အခုနှစ်မှ ရွေးကောက်ပွဲယှဉ်ပြိုင်တဲ့ပါတီဖြစ်ပြီး၊ လက်ရှိ ထိုင်းနိုင်ငံ ဥပဒေတွေကို ရေးဆွဲထားတာလည်းမဟုတ်ပါဘူး။ Move Forward ပါတီက လက်ရှိ ဥပဒေတွေကို ပြင်ဆင်ရေးဆွဲဖို့ ထိုင်းနိုင်ငံလွှတ်တော်မှာ ဆွေးနွေးပေးဖို့ပဲဖြစ်ပါတယ်။

**၁) လုပ်ငန်းခွင် အခြေအနေ – လုပ်ငန်းခွင် အခြေအနေတွေ ပိုမိုကောင်းမွန်လာဖို့အတွက် ဘယ်လိုမျိုး ထိုင်းနိုင်ငံရဲ့ မူဝါဒနဲ့ ဥပဒေ ပြောင်းလဲမှုတွေ လုပ်ဆောင်ရမလဲ။**

– **သတ်မှတ်ထားသော အလုပ်ချိန် ၈ နာရီထက်ပိုလျှင် အချိန်ပို ကြေးရရှိရန်**

တိုင်ကြားရေး ဖြစ်စဉ်မှာ အလုပ်သမားတွေအတွက် လုံခြုံရေးတာဝန်ယူပေးဖို့၊ တိုင်ကြားရေးလုပ်ငန်းစဉ်မှာ အပြောင်းအလဲတွေပြောင်းလဲဖို့ဖြစ်တယ်။ အထူးသဖြင့် –အထောက်အထားမရှိတဲ့ အလုပ်သမားတွေအတွက် စဉ်းစားပေးဖို့ ဦးဆောင်သူက အကြံပေးပါတယ်။

– **အကြောင်းပြချက်မရှိင်လုံပဲ အလုပ်ထုတ်ပါက နစ်နာကြေးပေးရန်**

ပထမ အကြံပြုချက်လိုပဲ အထောက်အထားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အလုပ်သမားတွေအနေနဲ့ အလုပ်ထုတ်ခံရမယ်ဆိုရင်၊ တိုင်ကြားလို့ရမယ့် စနစ် ကောင်းမွန်စွာ လွယ်ကူစွာရှိနေဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် နစ်နာကြေးပေးဖို့ လုပ်ငန်းစဉ်က အချိန်အတော်ကြာပါတယ်။

- အထောက်အထားနှင့် ပတ်သတ်တဲ့ အလုပ်သမားဆိုင်ရာဥပဒေ မူဝါများကို မကြာခန ပြောင်းလဲခြင်း မပြုရန်
- Sub-contract စနစ် ပယ်ဖျက်ရန်နှင့် တိုက်ရိုက် အလုပ်ခန့်ရန်၊ ပွဲစားကနေ တဆင့် လုပ်အားခ ဖြတ်တော့ နည်းနည်းပဲ ကျန်တယ်။ အလုပ်ရှင်တွေက တာဝန်နည်းတော့ ပိုကြိုက်တယ်။ ဒါပေမယ့် အလုပ်သမားတွေက စမတ်ကြေးတွေရော ပလိပ်ကြေးတွေရော အဖြတ်ခံရတယ်။ ဘတ် ၅၀၀၀-၆၀၀၀ ပေးရတယ်။ အလုပ်ရှာတဲ့အခါ တိုက်ရိုက် လျှောက်လို့မရတော့ဘူး။ sub-contract ကြောင့် အလုပ်ဖြုတ်ခံရတဲ့အခါ နစ်နာကြေးတွေ မရတော့ဘူး။ ဒီစနစ်ကို ပယ်ဖျက်ဖို့ တောင်းဆိုလာတာ ပယ်ဖျက်ထားပေမယ့် နယ်မြေအချို့မှာတော့ ဆက်လက်ရှိနေတုန်းပါပဲ။
- ဘေးကင်းလုံခြုံမှုမရှိတဲ့ လုပ်ငန်းခွင်တွေကို ဝင်ရောက်စစ်ဆေးပေးဖို့ (တရုတ်ပိုင်ရှင်အများစုက မလိုက်နာကြတော့ အလုပ်သမားတွေ ထိခိုက်မှုတွေ ရှိနေတယ်။ တစ်လတစ်ခါ ဝင်ရောက်စစ်ဆေးပေးဖို့ လိုတယ်)။

**၂) လူမှုဘဝ …**

လူမှုဘဝက ကျမတို့ အလုပ်ခွင်က လွဲလို့ ပြင်ပ အရာတွေအားလုံးပါဝင်ပါတယ်။ ဥပမာ – အိမ်ယာ၊ ခရီးသွားလာမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ လုံခြုံရေး စသဖြင့် ရွှေ့ပြောင်းအလုပ်သမားကလေးငယ်တွေရဲ့ ပညာရေးကို ထိုင်းအစိုးရအနေနဲ့ ထည့်သွင်းစဉ်းစား စေချင်ပါတယ်။ ထိုင်းအစိုးရကျောင်းတွေမှာ တက်ရောက်ပညာသင်နိုင်ခွင့်ရရန်၊ ထိုင်းမွေးစာရင်းရှိရင်ပညာသင်ခွင့်ရပြီး မရှိရင်တော့ သင်ခွင့်မရကြပါဘူး။ အထောက်အထားမပြည့်စုံတဲ့ ရွှေ့ပြောင်းအမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေအတွက် ကျန်းမာရေးဖူလုံရေးစရိတ် ခံစားခွင့်၊ လျှော့ပေါ့ပေးရန်။

**ဦးဆောင်သူအကြံပြုချက်…**

ဒီခေါင်းစဉ်ထဲမှာရွှေ့ပြောင်းကလေးတွေအတွက် အားလုံးပညာရေးလက်လှမ်းမီဖို့ ဆိုတဲ့အချက်ကတော့ စည်းရုံးလှုံ့ဆော်ခြင်းလုပ်ဖို့အတွက် အကောင်းဆုံးအချက် ဖြစ်ပါတယ်။ ထိုင်းအစိုးရအနေနဲ့လည်း ရွှေ့ပြောင်းကလေးငယ်တွေအားလုံး အစိုးရ

ကျောင်း တွေမှာ တက်ရောက်နိုင်တယ်ဆိုတာကို ဥပဒေနဲ့အညီ ချမှတ်ထားပြီးသား ဖြစ်ပါတယ်။ Move Forward Party အနေနဲ့ ပညာရေးသည် အားလုံးအတွက်ဆိုတာကို ဦးတည်ပြီး လက်မှတ်ရေးထိုးထားတာကြောင့် ဒီအချက်ကတော့ အရမ်းကြီး ခက်ခဲမယ်လို့မထင်ပါဘူး။ ဒုတိယတစ်ချက်အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်း ဖြစ်တယ်။ ဒီအချက်ကိုလည်း တိုက်တွန်းလို့ရနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ထိုင်းနိုင်ငံသားတွေ လက်ရှိ ရရှိထားတဲ့ အကျိုးခံစားခွင့်တွေထက်တော့ ပိုပြီးတောင်းဆိုလို့တော့မရပါဘူး။

**၃) အလုပ်အကိုင်ရှာဖွေရေးနဲ့ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူဝါဒ...**

ရွှေ့ပြောင်းသွားလာခြင်းနဲ့ အလုပ်အကိုင်ရှာဖွေရေး နဲ့ပတ်သတ်ပြီး၊ ရွှေ့ပြောင်းအလုပ်သမားတွေကိုင်ဆောင်ထားတဲ့ ကဒ်၊ စီအိုင်နဲ့ စတာတွေနဲ့ ပတ်သတ်တာတွေကို စဉ်းစားလို့ရပါတယ်။ ထိုင်းနိုင်ငံ ဥပဒေအရ ပေးဆောင်ရတဲ့ အခွန်အခတွေကို လျှော့ချပေးဖို့၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် အထောက်အထား လက်မှတ်တွေကို အဖိုးအခ အများကြီးနဲ့ပြုလုပ်နေရပါတယ်။ ပွဲစားတွေကို အခွန်ခပေးရတာက အစိုးရသတ်မှတ်ထားတဲ့ နှုန်းထားထက် ပိုများပြားနေပါတယ်။ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွေအနေနဲ့ မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်ပေးဖို့နဲ့ ဈေးနှုန်း မှန်ကန်တဲ့အေဂျင်စီတွေရှိဖို့ လိုအပ်ပါတယ်။

- ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ကဒ် အမျိုးမျိုး ရှိနေတဲ့အတွက် အလုပ်သမားကဒ် (ပန်းရောင်ကဒ်) တစ်ခုတည်းသာ တရားဝင်သတ်မှတ်ပေးဖို့။
- နယ်မြေ အကန့်အသတ်မရှိပဲ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ပေးရန်။

**၄) အမျိုးသမီးနှင့်သက်ဆိုင်သော** ရွှေ့ပြောင်းအမျိုးသမီးတွေ ဘဝ အတွက် ပိုပြီးတော့ကောင်းမွန်အောင်၊ သူတို့စိတ်အားတက်ကြွလာအောင် ဘယ်လိုမျိုးပြောင်းလဲသင့်သလဲ စတာတွေကို၊ ထည့်စဉ်းစားရပါမယ်။

စဉ်းစားတဲ့အခါ ပြဿနာချည်းပဲ ရေးလို့မရပါဘူး။ ပြဿနာအောက်မှာ ဘယ်လိုပြောင်းလဲမှုတွေ မြင်ချင်လဲ၊ ဘာတွေပြောင်းသင့်လဲဆိုတာကို ချရေးရမှာဖြစ်ပါတယ်။ အဲဒီ အချက်တွေအပေါ်မှာမှ အကြံပြုချက်တွေကို ပေးရမှာဖြစ်တယ်။

**ဦးဆောင်သူအကြံပြုချက်...** ထိုင်းအစိုးရကို ILO ပြဋ္ဌာန်းချက် အမှတ် C-140 ကို လက်မှတ်ရေးထိုးဖို့ တိုက်တွန်းရန် ထည့်လို့ရရင် အင်မတန်ကောင်းတဲ့ပြဋ္ဌာန်းချက်ပဲဖြစ်ပါတယ်။ ထိုင်းကလက်မှတ်ရေးထိုးခဲ့မယ်ဆိုရင် အာရှမှာတော့ ပထမဆုံးနိုင်ငံဖြစ်လာမှာပဲဖြစ်ပါတယ်။

........................................

# အိမ်တွင်းအလုပ်သမား အသင်းအဖွဲ့ ဖွဲ့စည်းခြင်း အပိုင်း (၂)

**ဦးဆောင်သူ… Three Good Spoons ညီမများ**

Three Good Spoons ညီမများမှ မြန်မာအိမ်တွင်းအလုပ်သမား အဖွဲ့အကြောင်းကို အသေးစိတ် ရှင်းပြကြပါတယ်။ ဦးစွာ Trade Union ဆိုတဲ့ အသုံးအနှုန်းကို ရှင်းပြပေးပါတယ်။ Trade Union ဆိုတဲ့ စကားလုံးထဲမှာ အသင်းဝင်တွေ အများကြီး ပါဝင်ပါတယ်။ အဖွဲ့ဝင်တွေ အများကြီးပါလို့လည်း ပိုကြီးပါတယ်။ ကျမတို့ ဖွဲ့လိုက်တဲ့ Association က အသင်းအဖွဲ့အနေနဲ့ဆိုရင် အဖွဲ့ဝင် မများသေးပါဘူး။ Trade Union ဆိုတာ မြန်မာလို စုစည်းထားတဲ့ စုပေါင်းထားတဲ့ အင်အားစုလို့ ပြောလို့ရပါတယ်။ TGS ကအလုပ်သမားအသင်းအဖွဲ့ ဖြစ်တော့ အလုပ်သမားတွေ ကိုယ်တိုင် ပါဝင်ဖွဲ့စည်း ထားတဲ့ အဖွဲ့ဖြစ်တယ်။ အလုပ်သမား အရေးအတွက် သမဂ္ဂဆိုတဲ့ အဖွဲ့အစည်းကနေ ဖြေရှင်းကြဖို့ စုစည်းထားတာ ဖြစ်တယ်။ ဥပမာ MAP foundation နဲ့ အမျိုးသမီးအလုပ်သမား အသင်းအဖွဲ့က တူတယ်လို့ ထင်ပါသလား။

**ဦးဆောင်သူ ဆရာမပိုပို…**

သမဂ္ဂဆိုတာ အလုပ်သမားတွေ စုဖွဲ့ထားတဲ့ အလုပ်သမား အဖွဲ့ကိုဆိုလိုတာဖြစ်ပါတယ်။ သမဂ္ဂက တရားဝင်မှု ရှိတယ်။ ဥပမာ အထည်ချုပ်အလုပ်သမား သမဂ္ဂ၊ ဆောက်လုပ်ရေး အလုပ်သမား သမဂ္ဂ၊ စိုက်ပျိုးရေး အလုပ်သမား သမဂ္ဂ၊ ငါးဖမ်းအလုပ်သမား သမဂ္ဂ စသဖြင့် ရှိကြပါတယ်။ ဘာကြောင့် အလုပ်သမား အသင်းအဖွဲ့၊ သမဂ္ဂလိုအပ်သလဲဆိုတာကို ILOနဲ့ ပြန်ဆက်စပ်ရရင် အလုပ်သမား ဥပဒေ ဘယ်ကလာသလဲ၊ လက်ရှိမှာ တစ်နေ့ ၈နာရီ လုပ်ရမှာဆိုတာကို ဥပဒေက ပြဋ္ဌာန်းထားတာ ဖြစ်တယ်။ အစိုးရက ချမှတ်ထားတယ်၊ အလုပ်သမား ဥပဒေက ဘယ်ကနေ ဖြစ်ပေါ်လာသလဲဆိုရင်၊ နိုင်ငံတကာ ဥပဒေကို ဘယ်ကနေ သွားကြည့်ရမလဲ၊ဘယ်သူက လုပ်လဲ၊ အလုပ်သမားနဲ့ ဆိုင်တဲ့ နိုင်ငံတကာ ဥပဒေကို ကမ္ဘာ့ကုလသမဂ္ဂထဲမှာမှ နိုင်ငံတကာ ပြဋ္ဌာန်းချက်(convention)ကို ILOက ချမှတ်တာ ဖြစ်တယ်။ ကမ္ဘာ့ကုလသမဂ္ဂမှာ နိုင်ငံတကာ ဥပဒေတွေကို ဘယ်သူကရေးလဲဆိုတော့ အစိုးရတွေက ရေးတယ်။ ဒါပေမယ့် ILO ကျတော့ ဥပဒေတစ်ခု ရေးရမယ်ဆိုရင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ကိုယ်စားလှယ်တွေ ပါတဲ့ သုံးပွင့်ဆိုင်ပါဝင်ပြီး ရေးရတယ်။ အလုပ်သမား ကိုယ်စားလှယ်တွေမှာ ဘယ်သူတွေ ပါဝင်သလဲလို့ စဉ်းစားမိကြပါသလား။ မြန်မာနိုင်ငံရေး အခြေအနေအရ သမဂ္ဂလို့ပြောရင် အဖမ်းခံရနိုင်တော့ အသင်းအဖွဲ့လို့ ပြောကြပါတယ်။ အဆင့်ဆင့် ရွေးကောက်လိုက်တဲ့ နိုင်ငံလုံးဆိုင်ရာ အလုပ်သမား ခေါင်းဆောင်တွေကနေ ရေးဆွဲရတာဖြစ်ပါတယ်။ နိုင်ငံတကာ ဥပဒေရေးဆွဲတဲ့အခါ သုံးပွင့်ဆိုင်ပါတဲ့အတွက် ILOရဲ့ ဥပဒေတွေက ပြင်းထန်ပြီး၊ နိုင်ငံတကာက လိုက်နာရပါတယ်။ ဒီနေ့ ကမ္ဘာပေါ်မှာ အင်အားကြီးတဲ့ ဥပဒေလည်းဖြစ်ပါတယ်။

**ဦးဆောင်သူ ဆရာမငြိမ်းငြိမ်း…**

လူမှုဖူလုံရေးကဒ်မရရင် တောင်းဆိုတဲ့အခါ အကုန် သွားတောင်းဆိုလို့ပါဘူး။ ကိုယ်စားပြုအနေနဲ့ ရွေးချယ်ခံ အဖွဲ့ဝင် ကော်မတီ မန်ဘာတွေက သွားတောင်းဆိုပေးရပါတယ်။ ထူးခြားချက်က ILOက triple type ဖြစ်ပါတယ်။ ဥပမာ အိမ်အကူအလုပ်သမားတွေအတွက် လူမှုဖူလုံရေးတောင်းဆိုတဲ့အခါ သမဂ္ဂတွေ၊ အလုပ်ရှင်တွေ၊ အစိုးရတွေ ပါမယ်။ အားလုံး သဘောတူပြီဆိုမှ သုံးပွင့်ဆိုင် ညှိနှိုင်းကြပါတယ်။ ဆွေးနွေးပွဲတွေက တခါတည်း မပြီးဘဲ နှစ်ချီကြာတတ်ပါတယ်။ ပြီးမှ လူ့အခွင့်အရေးတွေ၊ ကြေငြာစာတမ်းတွေ ပေါ်လာတာ ဖြစ်ပါတယ်။ ဒီကိစ္စတွေကို ကိုယ်စားပြု ဆွေးနွေးပေးမယ့် trade union ကို လိုအပ်လာပါတယ်။ ပြဿနာတွေကို ကိုယ်စားပြု ပြောပေးမယ့်သူ လိုလို့ အိမ်အကူအလုပ်သမားအသင်းအဖွဲ့ကို ဖွဲ့ခြင်းဖြစ်ပါတယ်။ အသင်းအဖွဲ့ထဲမှာ ပါတဲ့သူတွေက၊ ယခင်အိမ်အကူလုပ်ခဲ့ဖူးသူတွေနဲ့ ယခုလက်ရှိလုပ်နေတဲ့သူတွေပါဝင်ကြပါတယ်။

MAP ဖောင်ဒေးရှင်းက အမျိုးသမီးတွေကို စုပြီး စွမ်းရည်မြှင့်တင်တဲ့ သင်တန်းကို တစ်နှစ်တစ်ခါ ပြုလုပ်ပေးတယ်။ ဥပဒေပြုရေးတွေမှာ အမျိုးသမီးတွေ ပါဝင်လာနိုင်အောင်လို့ ILOကလည်း အမြဲတမ်း အမျိုးသမီး စွမ်းရည်တိုးအောင် လုပ်ပေးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဥပဒေကို အစိုးရက ပြောင်းလဲတာထက် ပြည်သူတွေရဲ့ တောင်းဆိုချက်အပေါ် ပြောင်းပေးရပါတယ်။ ၂၀၂၁ အာဏာသိမ်းမှု ဖြစ်လာတဲ့အခါ နိုင်ငံတစ်နိုင်ငံရဲ့ ဥပဒေက အရမ်းအရေးကြီးကြောင်း သိလာရတယ်။ အမျိုးသမီး ဦးဆောင်တဲ့ အဖွဲ့တွေ ပါဝင်ဖို့ အရေးကြီးတယ်။ ဥပမာ ကလေးမီးဖွားခွင့်ကို အမျိုးသားသမဂ္ဂတွေ မတောင်းဆိုပေးဘူး။ နေရာတိုင်းမှာ အမျိုးသမီး အသံတွေ ကိုယ်စားပြုဖို့ အမျိုးသမီးအဖွဲ့တွေ လိုအပ်ပါတယ်။ ကျမတို့ ကိုယ်တိုင် နည်းပညာတွေ ထောက်ပံ့ပြီး၊ အိမ်တွင်းအလုပ်သမားကိုယ်တိုင် ဦးဆောင်တဲ့ အိမ်အကူအလုပ်သမား အသင်းဖွဲ့စည်း ခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်း ၁၉၄၈ – အသင်းအဖွဲ့နဲ့ ပတ်သက်တဲ့ အချက်အချို့ကို ပြောပြပေးသွားမှာဖြစ်ပါတယ်။ လူတိုင်းက လွတ်လပ်စွာငြိမ်းချမ်းစွာ စုဝေးဆန္ဒထုတ်ဖော်ခွင့်နဲ့ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့် ရှိပါတယ်။ မည်သူကိုမျှ အသင်းအဖွဲ့နှင့် သက်ဆိုင်ရန် အတင်းအကြပ်ခိုင်းစေခြင်း မပြုရပါဘူး။ မြန်မာနိုင်ငံက လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့်နဲ့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ကို ၁၉၄၈ခုနှစ်မှာ လက်မှတ်ရေးထိုးထားပေမယ့်၊ ၂၀၂၁ နိုင်ငံရေးအပြောင်းအလဲ နောက်ပိုင်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်နဲ့ အတူ အခွင့်အရေးတွေ ဆုံးရှုံးရပါတယ်။ ဒါကြောင့် အိမ်အကူအလုပ်သမားအသင်းအဖွဲ့က မှတ်ပုံတင်ထားခြင်း မရှိပေမယ့် နိုင်ငံရေးကောင်းလာရင် အစိုးရကို သေချာ မှတ်ပုံတင်ပြီး လုပ်မယ့် အဖွဲ့ဖြစ်ပါတယ်။

## မြန်မာနိုင်ငံနှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့်

မြန်မာနိုင်ငံသည် ၁၉၄၈ တွင် ILO အဖွဲ့ဝင်အဖြစ်၊ အခြေခံ သဘောတူညီချက် အမှတ် ၈၇၊ အမှတ် ၂၉၊ အမှတ် ၁၈၂ စတဲ့ အချက် ၃ ချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှု အဖြစ်၊ အလုပ်သမားအသင်းအဖွဲ့၊ အလုပ်ရှင် အဖွဲ့၊ အစိုးရ ဆိုပြီးရှိပါတယ်။

### အဖွဲ့အစည်း စည်းမျဉ်း သတ်မှတ်ချက်များ (Association, Union terms of Reference)

ဥပဒေပြောင်းဖို့ အစိုးရတွေနဲ့ ထိပ်တိုက်ပြောဆိုရတဲ့အခါ၊ အဖွဲ့အစည်းကို စနစ်တကျ ဖွဲ့စည်းထားဖို့ လိုတယ်။ TOR ဆိုတာ အသင်းအဖွဲ့၊ အဖွဲ့အစည်း၏ မူဝါဒ၊ ရည်မှန်းချက်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းတာဝန်များကို ဖော်ပြထားတဲ့ မူဘောင်ဖြစ်ပါတယ်။ အသင်းဝင်တွေမှာ၊ သဘောတူထားတဲ့ ပြဋ္ဌာန်းချက်တွေ လိုအပ်ပါတယ်။

**TGS ရဲ့နောက်ခံသမိုင်း...** ကျမတို့ အိမ်တွင်း အလုပ်သမားအသင်းအဖွဲ့က၊ မျှတတဲ့ အလုပ်ချိန်တွေ ခံစားခွင့်တွေ၊ လုပ်ခလစာတွေ မရှိတဲ့အတွက် အသင်းပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ ရည်မှန်းချက်နှင့် ဦးတည်ချက်တွေ ပါဝင်ရေးဆွဲထားတယ်။ တန်ဖိုးက ချစ်ခြင်းမေတ္တာ၊ စိတ်ရှည်ခြင်း၊ ကိုယ်ချင်းစာတရား။ ကတိကဝတ်ကို တန်ဖိုးထားရန်၊ ပန်းတိုင်က ဥပဒေပြုပြီး လက်တွေ့အကာအကွယ် ပေါ်ပေါက်လာရေးဖြစ်ပါတယ်။ အမျိုးသမီး စွမ်းရည်မြှင့်တင်တာ၊ အသင်းဝင် သတ်မှတ်ချက်တွေလည်း ပါပါတယ်။ အရေးကြီးဆုံး အသင်းဝင်ကြေး ထည့်ဝင်ဖို့ပဲဖြစ်ပါတယ်။ ကိုယ့်အသင်းအပေါ် မူတည်ပြီး အသင်းဝင်တွေ သဘောတူတဲ့ ပမာဏကို သတ်မှတ်လို့ရပါတယ်။ အသင်းဝင်တွေကို ကိုယ်စားပြုမယ့်အဖွဲ့ကို ကော်မတီလို့ခေါ်တယ်၊ များသောအားဖြင့် မဂဏန်းတွေဖြစ်တဲ့ (၃၊ ၅၊ ၉) ဦးတို့နဲ့ ဖွဲ့စည်းပြီး၊ အသင်းဝင်များရင်များသလို တိုးပြီး ဖွဲ့စည်းရပါတယ်။ ကော်မတီဝင်တွေကလည်း သက်တမ်းအလိုက် တာဝန်ထမ်းဆောင်ရတယ်။ အကြံပေးတာတွေ ရှိတယ်။ သဘာပတိ၊ မန်နေဂျာတို့ ပါဝင်ရပါတယ်။ အကြံပေးတွေကို လုပ်သက်အတွေ့အကြုံများတဲ့ လူတွေလုပ်ပါတယ်။ သဘာပတိက အသင်းကို ကိုင်တွယ်ရတယ်၊ အသင်းကြီး လည်ပတ်နိုင်ဖို့ ဦးဆောင်ရတယ်။ မန်နေဂျာက စီမံကိန်းဆိုင်ရာတွေ လုပ်ဆောင်တယ်၊ ဘဏ္ဍာရေး၊ အုပ်ချုပ်စီမံရေး စတာတို့ကို ကိုင်တွယ်စီမံပါတယ်။ အသင်းဝင်တွေက သတင်းအချက်အလက် ဖြန့်ဝေတာ၊ အသင်းဝင်အသစ် ဖိတ်ခေါ်တာ၊ လှုပ်ရှားမှုမှာ

ပါဝင်ကြရတာဖြစ်ပါတယ်။ ဆောင်ရွက်ချက်များအနေနဲ့ စည်းရုံးလှုံ့ဆော်ခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း၊ အသိပညာဖြန့်ဝေခြင်း၊ စွမ်းရည်မြှင့်သင်တန်း ပေးခြင်း၊ ရန်ပုံငွေ မြှင့်တင်ခြင်းတို့ ပါဝင်ပါတယ်။

အုပ်စုဖွဲ့ လှုပ်ရှားမှုအနေဖြင့် အဖွဲ့ ၄ ဖွဲ့ ခွဲပြီး၊ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီး အသင်းအဖွဲ့အတွက်၊ စည်းမျဉ်းသတ်မှတ်ချက်များ TOR ရေးဆွဲကြပြီး၊ တင်ပြရန်ဖြစ်ပါတယ်။

**အဖွဲ့ ၁ အသင်းအဖွဲ့အတွက်၊ စည်းမျဉ်းသတ်မှတ်ချက်များ...**

| | | |
|---|---|---|
| အဖွဲ့အစည်းနောက်ခံအကျဉ်း | - | ဦးဆောင်သူ ငွေကြေး လူအင်အား။ |
| ရည်မှန်းချက်နှင့် ဦးတည်ချက်များ | - | ရွှေ့ပြောင်းအမျိုးသမီး ကူညီဖို့အတွက် ဖြစ်တယ်။ |
| အသင်းဝင် သတ်မှတ်ချက်များ | - | အသက် ၁၈နှစ်အထက်ဖြစ်ရမယ်။ အိမ်အကူ အလုပ်သမားမဟုတ်လည်း အသင်းဝင် ဖြစ်လို့ရပါတယ်။ |
| အသင်း ကော်မတီအဖွဲ့ | - | ဦးဆောင်သူ ငွေထိန်း၊ စာရင်းစစ် စာရင်းကိုင် အကြံပေး။ |
| ရာထူးနှင့် တာဝန်ဝတ္တရားများ | - | တာဝန်ယူမှု ရှိသူနဲ့ စုစည်းထားမယ်။ |
| ဆောင်ရွက်ချက်များ | - | အိမ်အကူ အမျိုးသမီး အသိပညာပေးမယ်၊ လိုအပ်တဲ့ အကူအညီ ပေးမယ်၊ သူတို့ ပါဝင်လာအောင် လုပ်ဆောင်ပါမယ်။ |

**အဖွဲ့ ၂ အသင်းအဖွဲ့အတွက်၊ စည်းမျဉ်းသတ်မှတ်ချက်များ...**

| | | |
|---|---|---|
| အဖွဲ့အစည်းနောက်ခံအကျဉ်း | - | ရွှေ့ပြောင်းအမျိုးသမီးကနေ စဖွဲ့စည်းခဲ့ပြီး၊ အိမ်အကူ အလုပ်သမား အမျိုးသမီးများရဲ့ လုပ်ခလစာနဲ့ အလုပ်ချိန် ပြဿနာများကို ဖြေရှင်းဖို့ အတွက် ဖြစ်တယ်။ |
| ရည်မှန်းချက်နှင့် ဦးတည်ချက်များ | - | ထိုင်းရောက် အိမ်အကူ အမျိုးသမီးများရဲ့ လုပ်ခလစာနဲ့ အချိန်တွေကို ကူညီဖို့အတွက် ရည်ရွယ်ပါတယ်။ |
| ဦးတည်ချက်က | - | အိမ်အကူ အလုပ်တွေ တရားဝင်ဖြစ်ဖို့နဲ့ အရည်အချင်း မြှင့်တင်ဖို့နဲ့ တန်းတူ အခွင့်အရေး ရရှိဖို့ ရည်ရွယ်တယ်။ |
| အသင်းဝင် သတ်မှတ်ချက်များ | - | အသက် ၁၈ နှစ် ပြည့်ရမယ်၊ အိမ်အကူ အမျိုးသမီး ဖြစ်ရမယ်၊ အိမ်အကူနဲ့ သက်ဆိုင်သူ ဝင်လို့ရပါတယ်။ |
| အသင်း ကော်မတီအဖွဲ့ | - | ၅ ဦးပါဝင်တယ်။ |
| ရာထူးနှင့် တာဝန်ဝတ္တရားများ | - | ဥက္ကဋ္ဌ၊ မန်နေဂျာ၊ ဘဏ္ဍာရေးအကြံပေး။ |
| ဆောင်ရွက်ချက်များ | - | အိမ်အကူတွေ သင်တန်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးလုပ်ပေးခြင်း၊ လုပ်ခလစာ အခွင့်အရေးနဲ့ ဥပဒေတွေအကြောင်းကို လက်ကမ်းစာစောင်များ ဖြန့်ဝေပါမယ်။ |

**အဖွဲ့ ၃ အသင်းအဖွဲ့အတွက်၊ စည်းမျဉ်းသတ်မှတ်ချက်များ...**

| | | |
|---|---|---|
| အဖွဲ့အစည်းနောက်ခံအကျဉ်း | - | အိမ်အကူအဖွဲ့တွေ နားရက်မရလို့။ |
| ရည်မှန်းချက်နှင့် ဦးတည်ချက်များ | - | အစိုးရမှ နားရက်နဲ့ ပတ်သက်ပြီး ဥပဒေတွေ ထုတ်ပေးရန်။ |
| အသင်းဝင် သတ်မှတ်ချက်များ | - | ချင်းမိုင်မှ အိမ်အကူများဖြစ်တယ်။ |
| အသင်း ကော်မတီအဖွဲ့ | - | ၉ဦး ။ |
| ရာထူးနှင့် တာဝန်ဝတ္တရားများ | - | ဒါရိုက်တာ၊ လက်ထောက်၊ စာရင်းကိုင်၊ စာရေး၊ စုံစမ်းရေး၊ အဖွဲ့ဝင် ကော်မတီများ။ |

| | | |
|---|---|---|
| ဆောင်ရွက်ချက်များ | – | ချင်းမိုင် အိမ်အကူအတွက် အသင်းဖွဲ့ပေးမယ်၊ အလုပ်သမား အဖွဲ့တွေကို ဥပဒေ ပညာပေးမယ်၊ အစိုးရဆီမှာ အခွင့်အရေး တောင်းဆိုမယ်။ |

**အဖွဲ့ ၄ အသင်းအဖွဲ့အတွက်၊ စည်းမျဉ်းသတ်မှတ်ချက်များ...**

| | | |
|---|---|---|
| Background | – | ရွှေ့ပြောင်းအိမ်တွင်း အမျိုးသမီးအလုပ်သမားအဖွဲ့အတွက် ဖြစ်တယ်။ |
| ရည်မှန်းချက်နှင့် ဦးတည်ချက်များ | – | လူမှုဖူလုံရေးရအောင် တောင်းဆိုဖို့ဖြစ်တယ်။ |
| အသင်းဝင် သတ်မှတ်ချက်များ | – | အသက် ၁၈ နှစ်ပြည့် အမျိုးသမီးဖြစ်ပြီး အိမ်တွင်းအလုပ်သမား အမျိုးသမီး ဦးစားပေး ခေါ်တယ်။ |
| အသင်း ကော်မတီအဖွဲ့ | – | ပူးပေါင်းဆောင်ရွက်ပြီး ကော်မတီကို ရွေးတင်ထားတယ်။ |
| ရာထူးနှင့် တာဝန်ဝတ္တရားများ | – | အကြံပေး၊ စာရင်းကိုင်၊ အတွင်းရေးမှူး၊ မှတ်တမ်း တာဝန်ခံ။ |
| ဆောင်ရွက်ချက်များ | – | အမျိုးသမီး အယောက် ၂၀ ကို ကျန်းမာရေး အသိပညာပေးခြင်း၊ ဥပဒေ ပညာပေးခြင်း။ |

**ဦးဆောင်သူ –** ဒီနေ့ သင်ယူချက်တွေကို ကိုယ့်အရပ်ဒေသကို ပြန်ရောက်သွားတဲ့အခါ ဥပဒေပြုရေးတွေနဲ့ ပတ်သက်တဲ့နေရာများမှာ အမျိုးသမီးများ ဆွေးနွေးပါဝင်နိုင်လာမယ်လို့ ယုံကြည်ပါတယ်။ အမျိုးသမီး ဖွဲ့စည်းခြင်း စုဝေးခြင်းက အရေးကြီးကြောင်း သိသွားမယ်လို့လည်း မျှော်လင့်ပါတယ်။



# အသေးစားငွေစုငွေချေးလုပ်ငန်း

**ဦးဆောင်ဆွေးနွေးသူ…ပေါ ၊ ချင်းမိုင် တက္ကသိုလ်**

အသေးစားငွေစုငွေချေးလုပ်ငန်းအကြောင်းကို ချင်းမိုင် တက္ကသိုလ်က၊ သုတေသီ တစ်ဦးဖြစ်တဲ့ ပေါက ဦးဆောင်ဆွေးနွေးပါတယ်။ သင်တန်းတက်ရောက်လာသူအယောက်စီတိုင်း၊ အချင်းချင်းမိတ်ဆက်ကြပြီး၊ မိမိတို့ငွေစုတဲ့အခါ ဘယ်လိုစုသလဲဆိုတဲ့အကြောင်းကို ဖလှယ်ကြမှာပဲဖြစ်ပါတယ်။

**ဦးဆောင်သူ…** ငွေစုတဲ့အခါဘယ်လိုစုကြပါသလဲ။

**တက်ရောက်သူများ…**

- သုံးပြီးပိုမှ စုပါတယ်
- ကိုယ်ပိုင်အတွက်မစုဖြစ်ပဲ၊ ခရီးသွားဖို့အတွက်ပဲ တစ်လ ၂၀၀၀ စုကြပြီး၊ ခရီးထွက်ကြပါတယ်။
- ငွေကို ၃ ပုံပုံပြီးစုပါတယ်။ ကိုယ်ပိုင်အတွက်တစ်ပုံ၊ မိသားစုအတွက်တစ်ပုံနဲ့ သားသမီးအတွက်တစ်ပုံပဲဖြစ်ပါတယ်။
- ငွေကို ၄ ပုံစုထားပြီး၊ မိသားစု၊ သားသမီး၊ မိဘနဲ့ အနာဂတ်မှာသုံးဖို့အတွက် စုထားပါတယ်။
- အဖွဲ့လေးတစ်ဖွဲ့ဖွဲ့ထားပြီး၊ တစ်လမှာတစ်ယောက်ကို ဘတ် ၁၀၀ စုကြပါတယ်။ စုစုပေါင်း ဘတ်ငွေ တစ်သောင်းကျော်ရှိပါပြီ။ အဖွဲ့ဝင်ထဲကအထောက်အထားလုပ်ဖို့အတွက် ငွေလိုရင် ဘတ် ၁၀၀၀ ကို ၊ ဝန်ဆောင်ခအဖြစ် တစ်လ ဘတ် ၅၀ ယူပြီးချေးပေးပါတယ်။
- ကျမရဲ့ လုပ်အားခကို ကျမ ရည်မှန်းချက် အကောင်အထည်ဖော်ဖို့၊ ကျမသွားချင်တဲ့ ခရီး တွေကို သွားဖို့၊ နဲ့ ကျမ မိသားစုအတွက် ဆိုပြီး ၃ ပုံ စုပါတယ်။
- ကျမ ဘန်ကောက်ရောက်ခါစ တစ်လ ဘတ် ၁၈၀၀ ပဲရတယ်။ တစ်လ တစ်ရာ လိုအပ်တဲ့အရာပဲ သုံးပြီး ကျန်တာကို မြန်မာပြည်အိမ်ကို ပြန်ပို့ပါတယ်။ ကျမ အိမ်ပြန်တဲ့အချိန် လက်ထဲက ငွေကုန်သွားတော့ ကျမ အကိုဆီက ငွေမျှော်ရပါတယ်။ အဲ့တုန်းက စိတ်အားငယ်ခံစားရတယ်။ နောက်ကျ ငါ့အတွက်ငါရသလောက်လစဉ် နိုင်သလောက်စုမယ်ဆိုပြီးတော့ စုခဲ့ပါတယ်။ အိမ်ပို့တာလည်း ပို့တယ်။ ကိုယ်ပိုင်ကိုယ့်အတွက်လည်း ငွေရအောင်စုပါတယ်။
- ၁၅ ရက်တစ်ခါ ၃၀၀၀ ဘတ်စုပါတယ်။ တစ်လကို ၆၀၀၀ စုဖြစ်တယ်။ ကျန်တာတော့အကုန်သုံးပါတယ်။

**ငွေမစုဖြစ်တဲ့သူကရော ဘာ့ကြောင့်မစုဖြစ်ကြပါသလဲ…**

- အိမ်ကိုပြန်ပို့ရတာတွေများနေလို့မစုဖြစ်ပါဘူး။
- ဗီဇာခ၊ အိမ်ခန်းခ၊ သားသမီးအတွက် ကိုယ်သုံးဖို့အတွက်နဲ့ မစုဖြစ်ဘူး။
- လစာ ၂သောင်းရပေမယ့်၊ မြန်မာပြည်က မိသားစုတွေအများဆုံးပို့ပေးရပြီး၊ ကျန်တဲ့ငွေကိုပဲ သုံးရတာမို့မစုဆောင်းမိပါဘူး။
- သုံးစရာရှိတာ သုံးပြီးမှ ပိုတာ စုတယ်။ ငွေသားနဲ့ဆို ပိုသုံးဖြစ်တော့ ရွှေ စုပါတယ်။
- ရလာတဲ့ ငွေကို ကျန်းမာရေးနဲ့ ငွေစု အာမခံ ဝယ်တယ်။ သားက အလုပ်လုပ်တဲ့ ဆိုင်မှာဝင်ကူတော့ သားပိုက်ဆံကိုတော့ သူ့အတွက် စုပေးထားပါတယ်။ ကျောင်းစရိတ်သက်သာလို့ ပို ငွေတွေကို စုပါတယ်။

**ဦးဆောင်သူ...** တက်ရောက်သူတွေအားလုံးက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ငွေကိုစုကြပါတယ်။ ပုရွက်ဆိတ်နဲ့ နှံကောင် ပုံပြင်တစ်ပုဒ်ကို အတူတကွနားထောင်ပြီး၊ သင်ခန်းစာကို လုပ်ဆောင်သွားကြမှာပဲ ဖြစ်ပါတယ်။ တောတစ်ခုထဲမှာ နှံကောင်နဲ့ ပုရွက်ဆိတ် အတူနေကြပါတယ်။ ရာသီ အလီလီပြောင်းသွားလို့ နွေရာသီတစ်ခုမှာ နှံကောင်က ဂီတာတီး သီချင်းဆိုပြီး ပျော်ပါးတယ်။ ပုရွက်ဆိတ်ကတော့ စားနပ်ရိက္ခာတွေ သိမ်းဆည်းတာ တွေ့ရတယ်။ ပုရွက်ဆိတ်က နွေရာသီမှာ ဘာလို့ ပျော်ပါးနေလဲလို့ နှံကောင်ကို မေးတယ်။ ပုရွက်ဆိတ်ကတော့ ဆောင်းတွင်းအတွက် စားနပ်ရိက္ခာတွေ စုဆောင်းနေတော့ နှံကောင်က ဆောင်းတွင်းက အကြာကြီး လိုသေးကြောင်း ပြောတယ်။ ပုရွက်ဆိတ်က အုပ်စုလိုက် ဆောင်းတွင်းမှာ စားဖို့ နွေရာသီအစာတွေကို စုဆောင်းနေရကြောင်းပြောပါတယ်။ နှံကောင်က နွေရာသီကို ဂီတာတီးပြီး ပျော်ပါးနေခဲ့တယ်။ ဆောင်းရာသီရောက်တော့ နှံကောင်က အေးပြီး ဆာလောင်နေရတယ်။ ပုရွက်ဆိတ်က တွင်းမှာ အောင်းပြီး ဆောင်းတွင်းမှာ အဖွဲ့တစ်ခုလုံးအတွက် စားစရာရှိပြီး တွင်းအောင်းနိုင်တယ်။ နှံကောင်က နွေရာသီတုန်းက ပုရွက်ဆိတ်တွေ စားစရာစုကြောင်း သတိရသွားခဲ့တယ်။ ပုရွက်ဆိတ်ဆီမှာ တောင်းစားတော့ ပုရွက်ဆိတ်က မပေးနိုင်ကြောင်းနဲ့ ပေးလိုက်ရင် အားလုံးအတွက် စားစရာမကျန်တော့ကြောင်း ပြောတယ်၊ နှံကောင်ကတော့ ချမ်းတုန်ပြီး ဆာလောင်နေရရှာတယ်။ ပုရွက်ဆိတ်တွေ အစာစုဆောင်းရမယ်ဆိုတာ ဆောင်းတွင်းရောက်တော့မယ်ဆိုတဲ့ အနာဂတ်ကို ကြိုသိနေတယ်။ ဘဝအတွက် အနာဂတ်မှာ ဘာတွေလိုအပ်မလဲဆိုတာ သိနေလို့ စုဆောင်းထားတယ်။ ငွေစုတာလည်းအဲဒီ ပုံပြင်နဲ့ သဘောတရား တူပါတယ်၊ ချွေတာစုတာလည်း တူတူပါပဲဖြစ်ပါတယ်။

**ဦးဆောင်သူ...** ဒီပုံပြင်ကို ဘယ်လိုထင်လဲ။

ကြိုတင်ပြင်ဆင်ထားတယ်ဆိုရင်တော့ ခက်ခဲတဲ့အချိန် အေးဆေးနေနေနိုင်ပါတယ်။ ပုရွက်ဆိတ်က ကြိုတင်ပြင်ဆင်စုဆောင်းတယ်။ ပုရွက်ဆိတ်ကို ကြည့်မယ်ဆိုရင် သူက အပေါင်းအဖော်နဲ့နေတယ်။ အစားအသောက်စုဆောင်းရင်လည်း အဖွဲ့နဲ့စုဆောင်းတယ်။ တစ်ခုခုဆုံးဖြတ်ချက် ချမယ်ဆိုရင်လည်း အကုန်လုံးအတွက် တွေးတောပြီးမှပဲ လုပ်ပါတယ်။ ဒီမှာရှိနေတဲ့ သူတွေနဲ့ တူပါသလား။ ရည်မှန်းချက်တွေ အနာဂါတ်တွေ မတူပေမယ့် မိမိရဲ့ အနာဂါတ် အိမ်မက်အတွက်ကတော့ အတူတူပဲဖြစ်ပါတယ်။

ကြမ်းပြင်ပေါ်ချထားတဲ့ တိပ်ခွေကွင်းထဲကို ငွေအကြွေစေ့ ဝင်အောင်ပစ်ထည့်တဲ့ ဂိမ်းကစားကြပါမယ်။ တိတ်ခွေကွင်းထဲကို အကြွေစေ့ပစ်ထည့်ဖို့ ကြမ်းပြင်ပေါ်မှာ ကပ်ထားတဲ့ စည်းပေါ်မှာရပ်ရပါမယ်။

**ဦးဆောင်သူ...** ဒီကစားနည်းကို ကို ဘယ်လိုမြင်ပါသလဲ။

- ကိုယ်တတ်နိုင်တဲ့ အားနဲ့ ရေရှည်စုသွားနိုင်မယ့် ပမာဏကိုပဲ ရွေးချယ်သင့်ပါတယ်။ ခုနက တစ်ယောက်ကို ၂ ခေါက် အထိ တိပ်ကွင်းထဲကို အကြွေစေ့ပစ်ခိုင်းပါတယ်။ ပထမတစ်ခေါက်ကတော့ သိပ်စိတ်မဝင်စားကြဘူးပစ်ထည့်လိုက်တာပဲ။ ဒုတိယ တစ်ခေါက်ကျတော့ သေချာစဉ်းစားပြီး ပစ်ထည့်ပါတယ်။
- လူတိုင်းက ပိုက်ဆံစုမယ်ဆိုတဲ့ ရည်မှန်းချက်ရှိကြတယ်။ အကြောင်းအမျိုးမျိုးကြောင့်သာ အဲ့ ရည်ရွယ်ချက်ကို မရောက်သွားကြတာပါ။

**ဦးဆောင်သူ...** ငွေကြေးစုဖို့ တွေ့နိုင်တဲ့အခက်အခဲလေးတွေအကြောင်း ဆက်လက်ပြီးတင်ပြသွားချင်ပါတယ်။

- မိမိ ဝင်ငွေနဲ့ ထွက်ငွေမမျှတမှုရှိနိုင်ပါတယ်။ အဲ့ဒီအခက်အခဲတွေကိုဘယ်လိုဖြေရှင်းလို့ရသလဲဆိုတာ လေ့လာကြည့်ဖို့ပဲဖြစ်ပါတယ်။

- ဥပမာ – ကိုယ်က ဘာအလုပ်လုပ်ပါသလဲ။ ဈေးရောင်း၊ အိမ်အကူ၊ စက်ရုံ၊ ရုံးဝန်ထမ်း၊ နေ့စား အလုပ်၊
- ဝင်ငွေနဲ့ထွက်ငွေ နှိုင်းယှဥ်ကြည့်လိုက်တဲ့အခါ မျှတမှုပုံစံအမျိုးမျိုးရှိပါတယ်။ ဝင်ငွေအလိုက်၊ မျှတမှုပုံစံက ကွာသွားမှာဖြစ်ပါတယ်။

ကိုယ်ရဲ့ တစ်လ ဝင်ငွေနဲ့ထွက်ငွေကို တွက်ကြည့်ပြီး၊ ဝင်ငွေ ထွက်ငွေ မျှတမှုပုံစံကို ယှဥ်ကြည့်ဖို့ အကြံပြုချက်များက၊ မိမိအတွက် ဘူးသေးလေးတွေ ခွဲထားပြီး လစဥ် မပေးမဖြစ် ပေးရမယ့် အသုံးစရိတ်၊ ကျန်းမာရေးစရိတ်၊ မိသားစုအတွက် စရိတ်၊ အနာဂါတ်အတွက် စုမယ့် စရိတ် စသဖြင့် ခွဲထားပြီး ငွေစုသင့်ပါတယ်.။

**ငွေစုနည်း…**

**ကိုယ့်ဘာသာကိုယ်စု…**

ကိုယ့်အတွက် စုဘူးသေးသေးလေး ထားထားပါ။ နေ့တိုင်း ကိုယ်တတ်နိုင်သလောက် ထည့်ဝင်သွားပါ။ ရက်တိုင်းကို ၂၁ ရက် နေ့တိုင်းမပျက်မကွက် စုသွားပါ။ ကိုယ့်ကိုယ်ကို အားပေးတဲ့အနေနဲ့ ၂၁ ရက်ပြည့်တဲ့အချိန်ကျ၊ ဘယ်လောက် ရှိနေပြီလဲဆိုတာ စုဘူးဖောက်ကြည့်ကြည့်ပါ။။ မိမိဘာသာစုတယ်ဆိုရင် ကိုယ့်စိတ်ကိုယ်မနိုင်တာတွေ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် အကျင့်ဖြစ်သွားပြီဆိုရင် တစ်စကနေ အစပြုပြီး အများကြီး ရလာနိုင်ပါတယ်။

**သူငယ်ချင်းတွေနဲ့စု…**

**ဘဏ်မှာလည်းစု…**

ငွေကိုစုတဲ့အခါ အချိန်မှန်၊ ပုံမှန် ဖြည်းဖြည်းချင်းစုသွားစေချင်ပါတယ်။ အကျင့်တစ်ခု ဖြစ်ဖို့က ၂၁ ရက်ပဲ ကြာပါ တယ်။ ဒီလိုမျိုး လောဘ မတက်ပဲ ကိုယ့်ဘာသာကိုယ် သေချာလေး ငွေစုပြီးမှ၊ ကိုယ်ပိုင်လုပ်ငန်း လုပ်တာမျိုးကိုအကြံပြု ချင်ပါတယ်။

**ဦးဆောင်သူ…** အချို့က ဝင်ငွေရရင် ကုန်ကျစရိတ်ကို ဖယ်ပြီးမှ ကျန်တာ စုကြပါတယ်။ အချို့က အရင် စုပြီးမှ ပိုတာနဲ့ သုံးတယ်။ ကျမအနေနဲ့ ပထမနည်းကိုလုပ်ဖူးပေမယ့် မစုနိုင်ခဲ့ပါဘူး။ ဒုတိယနည်းကို သုံးတော့ စုဖြစ် လာပြီး၊ ဘဝက နည်းနည်းလေးတိုးတက်လာပါတယ်။ ရလာတဲ့ ငွေကို ဘယ်လိုသုံးရမလဲဆိုတာ၊ သေချာ စီမံခန့်ခွဲတတ်ရပါမယ်။ နည်းလမ်းအမှန်ကန်ဆုံးက၊ အရင်ဆုံး စုပြီးမှသာ ကျန်တာ သုံးရမှာဖြစ်ပါတယ်။ အဲဒီနည်းလမ်းက ငွေစုတာနဲ့ ပတ်သက်ပြီး တစ်ကမ္ဘာလုံးက သတ်မှတ်ထားတဲ့ နည်းလမ်းပဲဖြစ်ပါတယ်။

ငွေစုတဲ့ နည်းလမ်းတွေ သိတယ်၊ ဝင်ငွေကို အရင်ဆုံး စုပြီးမှ ကျန်တာ သုံးရမှာ သိလာတယ်။ ဒါပေမယ့် သုံးရမယ့် ကုန်ကျစရိတ်တွေ များတယ်။ အနီရောင်နဲ့ မှတ်သားထားတာက လျှော့ချလို့ရတဲ့ အရာတွေ ဖြစ်တယ်။ လျှော့ချရမယ်ဆိုပေမယ့် ဖြတ်ရတော့ မလွယ်ကူပါဘူး။ တချို့က၊ အဲဒါကိုတုံးတိကြီး ဖြတ်ချ နိုင်ကြတယ်။ အချို့ကတော့ တဖြည်းဖြည်းချင်း လျှော့ချကြည့်ရင် ငွေပိုလာတယ်ဆိုတာကို သိလာ ပါတယ်။ အဆက်မပြတ်လုပ်ရင် အကျင့်ဖြစ်သွားပါတယ်။ ချဲတွေ ထီတွေ လတိုင်း ထိုးပေမယ့် သိပ်မ ပေါက်ကြဘူး။ ဒါပေမယ့် စိတ်ပျော်ဖို့ လုပ်ကြတယ်။ တစ်လ နည်းနည်းဆိုပေမယ့် တစ်နှစ်ဆို အများကြီး ဖြစ်သွားတတ်ပါတယ်။

ရလာတဲ့ ငွေကို သုံးဖို့ စုဗူးလေးတွေနဲ့ သီးသန့်ခွဲပုံထားပါ။ ဒီလိုလေး လုပ်ခြင်းအားဖြင့် တစ်လစာနဲ့ တစ် နှစ်စာ အသုံးစရိတ်ကို သိနိုင်ပါမယ်။ ဥပမာ ဗီဇာတိုးဖို့ ၁သောင်းကျရင် တစ်နေ့ကို တစ်လကို ဘယ်

လောက် စုရမလဲဆိုတာ သိလာနိုင်ပါတယ်။ တစ်ဦးချင်းစီရဲ့ စုငွေ သုံးငွေ ပမာဏက တူချင်မှ တူမယ်။ ပုံပြင်ထဲက ပုရွက်ဆိတ်လိုပဲ အနာဂတ်အတွက် အရွယ်ကောင်းတုန်း စုဆောင်းထားရမှာဖြစ်ပါတယ်။

မလိုအပ်တာတွေကို လျှော့သုံးတာတွေလည်း အရေးကြီးပါတယ်။ အရေးကြီးတဲ့အချက်က ဝင်ငွေ တစ်ခုတည်းမဟုတ်ဘဲ၊ အပိုဝင်ငွေရတဲ့ အလုပ်တွေ လုပ်ဖို့လည်း လိုပါတယ်။ ကံကြမ္မာဟောတမ်းတွေ ဖတ်ပြီး ချဲထိုးတာ တချို့ကလည်း ပေါက်တယ်၊ တကယ်တမ်း ပေါက်ချင်ရင် တစ်စောင်တည်းနဲ့လည်း ပေါက်တတ်တယ်။ ထီထိုး၊ ချဲထိုးတာတွေကိုလျှော့နိုင်ရင်လျှော့ပြီး၊ ဖြတ်နိုင်ရင်တော့ အကောင်းဆုံးပဲဖြစ်ပါတယ်။ အရက်ဆေးလိပ်တို့ကိုလည်း ဖြတ်နိုင်ရင် ကျန်းမာရေးအတွက် ကောင်းသလို၊ ငွေအကုန်အကျလည်း သက်သာပါတယ်။

ဒီနေ့သင်ခန်းစာတွေထဲကနေ တစ်ခုခုကိုရသွားမယ်လို့ ယုံကြည်ပါတယ်။ ဂိမ်းကစားသွားသလိုပဲ အရင်ဆုံး ရည်မှန်းချက်ထားပြီး နည်းနည်းက စစုရမယ်။ သုတေသန လေ့လာချက်အရ စိတ်ကို ပြောင်းချင်ရင် အနည်းဆုံး ၂၁ရက်လောက် လိုတယ်။ စုဗူးလေးပြည့်အောင် စုနိုင်သွားပြီး ဆိုတဲ့စိတ်က နောက်တစ်ခု ဖြစ်နိုင်လုပ်နိုင်ပါတယ် ဆိုတဲ့ စိတ်ကို လေ့ကျင့်ပေးရမယ်။ ဒီနည်းလမ်းက၊ ကိုယ့်အတွက် စုငွေတွေလည်း ရှိလာမှာဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်အားမငယ်ဘဲ အားပေးပါ ကျေးဇူးတင်ပါ။ ငါ လုပ်နိုင်တယ် ရအောင် လုပ်မယ်ဆိုတဲ့ စိတ်လေး ထားရမယ်။

ပထမအချက်က တစ်ဦးချင်း ကိုယ်တိုင် ငွေစုဖို့၊ ဒုတိယက သူငယ်ချင်းတွေ့နဲ့ အဖွဲ့လိုက် ငွေစုဖို့ ဖြစ်ပါတယ်။ စုငွေထဲက အချင်းချင်း ပြန်လည် ကူနေတဲ့ အဖွဲ့တွေလည်းရှိပါတယ်။ မဲဆောက်မှာ MAP က ကူညီဖွဲ့ပေးတဲ့ ငွေစုအဖွဲ့လေးတွေရှိပါတယ်။ ပြီးမှ အချင်းချင်း ပြန်ကူညီတဲ့ နည်းရှိတယ်။ ပုရွက်ဆိတ်လိုပဲ အချင်းချင်း ကူညီဖို့ပါပဲ။ တစ်ယောက်တစ်လှည့် ထုတ်တဲ့ အဖွဲ့လိုက် စုကြေးလုပ်တာနဲ့ အဖွဲ့လိုက် ငွေစုတာက စစချင်းက တူပေမယ့် စုကြေးလုပ်တာက တစ်ဦးအတွက်ပဲ ဖြစ်ပြီး အဖွဲ့လိုက် ငွေစုတာက အဖွဲ့ဝင်တွေရဲ့ သာရေးနာရေးကို ကူညီရိုင်းပင်းပေးရာ ရောက်တယ်။ ဒါ့ကြောင့် ငွေစုဖို့အတွက် လုပ်ဆောင်ကြဖို့ အားလုံးကို အားပေးချင်ပါတယ်။



*ပုံ – အသေးစားငွေစုငွေချေးလုပ်ငန်းအကြောင်းဆွေးနွေးခြင်း၊ ဦးဆောင်သူ – ပေါ်*

# ရိုးရာပါတီည

မတ်လ ၇ ရက်နေ့ အမျိုးသမီးနှီးနှောဖလှယ်ပွဲရဲ့ တတိယညမှာ ပျော်ရွှင်ဖွယ်ရာရိုးရာပါတီညကို ကျင်းပကြပါတယ်။ ရိုးရာပါတီညရဲ့ဖွင့်ပွဲကို မက်ပ်ဖောင်ဒေးရှင်းက ဒါရိုက်တာက အမျိုးသမီးနှီးနှောဖလှယ်ပွဲ ၂၃ နှစ်တိုင် ကျင်းပလာခဲ့ရပြီ၊ ရွှေ့ပြောင်းအမျိုးသမီးများ လာရောက်ပူးပေါင်းပါဝင်ပေးလို့လဲ ဒီပွဲလေးဟာပိုပြီးစည်ကားပါတယ်။ ရွှေ့ပြောင်းအမျိုးသမီးတွေ အရည်အချင်းတိုးတက်လာတာမြင်ရလို့လဲ ဝမ်းမြောက်ဝမ်းသာရှိရပါတယ်။ ဒီညကိုလည်းပျော်ရွှင်စွာ ရိုးရာအစားအစာများကို စားကြပြီး၊ အမျိုးသမီးများရဲ့ ကပြတင်ဆက်မှုတွေကို ကြည့်ရှုနားဆင်ပြီး အပန်းဖြေရင်း ပျော်ရွှင်စွာပါဝင်ကြဖို့ အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

ပါတီညမှာ ဒေသအသီးသီးက အမျိုးသမီးများက မိမိတို့ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရင်းပျော်ရွှင်စရာများ၊ အမှတ်တရများနဲ့ မမေ့နိုင်တဲ့ ပျော်ရွှင်စရာညချမ်းလေးပဲ ဖြစ်ပါတယ်။






ပုံ – ရိုးရာပါတီည

# လန်းဆန်းပျော်ရွှင်သုတစုံလင်

လန်းဆန်းပျော်ရွှင်သုတစုံလင် ကဏ္ဍမှာ၊ ချည်ထိုးခြင်းလက်မှု၊ ကိုယ်ခံပညာနဲ့ Zumba အကတို့ပါဝင်ပါတယ်။ အမျိုးသမီးနီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ အမျိုးသမီးများက၊ တစ်နေ့တာလုံး သင်တန်းထဲမှာ ညောင်းညာပင်ပန်းခဲ့သမျှ ဒီအစီအစဉ်လေးမှာ အညောင်းအညာဖြေပြီး၊ လန်းဆန်းပေ့ါပါးစေတာကြောင့်၊ အမျိုးသမီးများ ကြိုက်နှစ်သက်ကြတဲ့ အစီအစဉ်လေးပဲဖြစ်ပါတယ်။









# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား

မတ်လ (၈) ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့မှာ အခမ်းအနားကို ချင်းမိုင်မြို့ ထဖေးဂိတ်တွင် ကျင်းပပြုလုပ်ပါတယ်။ ဒေသခံ အမျိုးသမီးများ၊ အမျိုးသမီးအဖွဲ့အစည်းမှ အမျိုးသမီးများ၊ အမျိုးသမီး နီးနှောဖလှယ်ပွဲမှ အမျိုးသမီးများနှင့် ချင်းမိုင်ဒေသတွင်ရှိသော ထိုင်းအမျိုးသမီးအဖွဲ့အစည်းများ၊ မြန်မာအမျိုးသမီး အဖွဲ့အစည်း စုပေါင်းပြီး၊ ဖွတ်ထစထန်အဆောက်အဦး ထဖေးဂိတ်အထိ ချီတက်လမ်းလျှောက်ကြပါတယ်။ ဖွင့်ပွဲအခမ်း အနားကို လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးကောင်စီမှ အရာရှိက အဖွင့်အမှာစကား လာရောက်ပြောကြား ပေးပါတယ်။

အခမ်းအနားမှာ မြန်မာ – ထိုင်း တိုင်းရင်းသားရိုးရာအကများ၊ အမျိုးသမီးငယ်များရဲ့ ခေတ်ပေါ်အကများဖြင့် တင်ဆက်ဖျော်ဖြေကြပါတယ်။ ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများရဲ့ ထုတ်ပြန်ကြေညာစာတမ်းကို ဖတ်ကြားပြီးတောင်းဆိုကြပါတယ်။ One Billion Rising Dance အကဖြင့် အမျိုးသမီးများအားလုံး ပျော်ရွှင်စွာ ကကြပြီး စိတ်အပန်းပြေရပါတယ်။

ပိတ်ပွဲအစီအစဉ်ကို စုပေါင်း ဖယောင်းတိုင်မီးထွန်းပြီး၊ အမျိုးသမီးအရေးလုပ်ဆောင်ကြသူ များကို ဂုဏ်ပြုကြပါ တယ်။ အမျိုးသမီးများအားလုံးအတွက် မမေ့နိုင်တဲ့ နေ့တစ်နေ့လည်းဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများရဲ့ တောင်းဆို လွှာမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ထုတ်ပြန်ချက်

**မတ်လ ၈ ရက်၊ ၂၀၂၄ ခုနှစ်**

**ချင်းမိုင်မြို့၊ ကျားမတန်းတူညီမျှရေး အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်မှ**

ကျွန်ုပ်တို့သည် အမျိုးသမီးအလုပ်သမားများနှင့် ရွှေ့ပြောင်းအလုပ်သမားများ၊ တိုင်းရင်းသားနှင့် ဌာနေတိုင်းရင်းသား အမျိုးသမီးများ၊ LGBTQ အမျိုးသမီးများ၊ HIV ပိုးရှိနေသည့် အမျိုးသမီးများ၊ လိင်အလုပ်လုပ်ကိုင်သည့် အမျိုးသမီးများ၊ နိုင်ငံမဲ့ အမျိုးသမီးများ၊ သက်ကြီးရွယ်အို အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အမျိုးသမီးငယ်များ၊ ကျေးလက်နေ အမျိုးသမီးများ၊ စိုက်ပျိုးရေးတွင်လုပ်ကိုင်နေသော အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်ခဲ့ကြပြီး ကိုယ်ဝန်ဖျက်ချခဲ့ရသော အမျိုးသမီးများ၊ မသန်စွမ်းအမျိုးသမီးများ၊ ဒီမိုကရေစီတိုက်ပွဲဝင်အမျိုးသမီးများ၊ လူ့အခွင့်အရေး၊ ရပ်ရွာအခွင့်အရေးများ၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအခွင့်အရေး ကို ကာကွယ်စောင့်ရှောက်သော အမျိုးသမီးများ၊ အမျိုးသမီးအခွင့်အရေး၊ လွတ်လပ်မှုနှင့် ကျားမရေးရာ တန်းတူညီမျှမှု အတွက် တက်ကြွလှုပ်ရှားနေသည့် မဟာမိတ်များ နှင့် ဖင်းမနစ် (Feminists) များဖြစ်ကြသည်။

အမျိုးသမီးများ၏ စုပေါင်းစွမ်းအားကို ပြသရန်၊ အလွှာတိုင်းမှ အမျိုးသမီးများ၏ ရုန်းကန်မှုများနှင့် အောင်မြင်မှုများအား ဖော်ထုတ်ပြသရန်နှင့် အမျိုးသမီးများက လူ့အဖွဲ့အစည်းအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် နေကြကြောင်းပြသရန်အတွက် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့ တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အား ကျင်းပ ဂုဏ်ပြုသည့် အနေဖြင့် စုစည်းနေကြခြင်းဖြစ်ပါသည်။

ဖယ်ကျဉ်ထားခံရခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် အမျိုးသမီးများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသည်ကို ကျွန်ုပ်တို့ကွန်ရက်၏လုပ်ဆောင်မှုများမှတစ်ဆင့် တွေ့ရှိရပါသည်။ ဤသည်မှာ ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့် ဖွဲ့စည်းပုံဆိုင်ရာ အရ စနစ်တကျ လုပ်ဆောင်သည့် အကြမ်းဖက်မှု နှစ်ခုလုံးဖြစ်သည်။ ဥပမာအားဖြင့် -

အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် လူထုပါဝင်မှုနှင့် စည်းရုံးရေးများ လုပ်ဆောင်သောကြောင့် စနစ်တကျ စီစဉ်ထားသည့် တရားစွဲဆိုမှုများကို ရင်ဆိုင်နေရသည်။

ဌာနေအမျိုးသမီးများသည် မြေယာအခွင့်အရေး၊ ရပ်ရွာအခွင့်အရေးနှင့် သဘာဝသယံဇာတအခွင့်အရေးများခံစားခွင့်ကို တောင်းဆိုကြသည့်အခါ ချိုးဖောက်မှုများစွာကို ရင်ဆိုင်နေကြရသည်။ ဌာနေတိုင်းရင်းသား လူငယ်များသည် ဖိအားပေး လက်ထပ်ခိုင်းခြင်းများ ကို ကြုံတွေ့နိုင်သည့် အန္တရာယ်ရှိသည်။ နိုင်ငံမဲ့ ဌာနေတိုင်းရင်းသား အမျိုးသမီးများသည် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများကို ရယူခွင့်မရှိကြပါ။

မသန်စွမ်းသူ အမျိုးသမီးများမှာ အဆင့်မြင့်ပညာရေးအား လက်လှမ်းမီ နိုင်ခြင်း မရှိပါ။ အလုပ်အကိုင်အခွင့်အရေးတူညီစွာ မရရှိကြပါ။ ထို့အပြင် သူတို့သည် မသန်စွမ်းသူများအတွက် ခွဲဝေပေးသည့် ဘတ်ငွေ ၁,၀၀၀ ကို သုံးစွဲခွင့်မရှိပါ။

အမျိုးသမီးချင်း ချစ်ခင်စုံမက်သူများ၊ လိင်နှစ်မျိုးထက်ပိုပြီး ချစ်ခင်စုံမက်သူများ၊ လိင်ပြောင်းအမျိုးသမီးများနှင့် မိန်းကလေးငယ်များ အား သူတို့၏လိင်စိတ်တိမ်းညွတ်မှု၊ လိင်စိတ်ခံယူချက် နှင့် ဖော်ပြချက်များ၊ နှင့် လိင်လက္ခဏာများ (SOGIESC) ပေါ်အခြေခံကာ ခွဲခြားဆက်ဆံခြင်းကို ခံကြရပါသည်။

ရွှေ့ပြောင်းအမျိုးသမီးများသည် သင့်တင့်လျောက်ပတ်သော အလုပ်နှင့် လူမှုဖူလုံရေးတို့ကို လက်လှမ်းမီ နိုင်ခြင်း မရှိသေးပါ။

လိင်လုပ်သား အမျိုးသမီးများသည် သူတို့၏ အလုပ်အပေါ် အခြေခံ၍ ပြစ်တင်ရှုတ်ချခြင်းနှင့် ရာဇဝတ်သားပြုခံရခြင်း များကို ရင်ဆိုင်နေရသည်။

ကိုယ်ဝန်ဖျက်ချခြင်းဥပဒေကို မကြာသေးမီက ပြန်လည်ပြင်ဆင်ထားသော်လည်း အမျိုးသမီးအများစုသည် ဘေးကင်းလုံခြုံသည့် ကိုယ်ဝန်ဖျက်ချခြင်းအား လက်လှမ်းမမီသေးပါ။ သူတို့တွင် လိင်မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးများကို ရယူခွင့်မရှိပါ။

အိမ်တွင်းအကြမ်းဖက်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများအပြင် အွန်လိုင်းနှင့် ဆိုက်ဘာ နှောင့်ယှက်စော်ကားမှုများ ရင်ဆိုင်ရသည့်အခါအမျိုးသမီးများသည် တရားမျှတမှု ရယူရန်လုပ်ငန်းစဉ်များအား လက်လှမ်းမီနိုင်ခြင်းမရှိသေးပါ။

**အမျိုးသမီးများ အမြဲတစေ ကြုံတွေ့နေရသော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ကျွန်ုပ်တို့၏ တောင်းဆိုချက်များကို ပံ့ပိုးပေးရန်အတွက် အစိုးရအပါအဝင် လူ့အဖွဲ့အစည်း၏ ကဏ္ဍအားလုံးဆီသို့ ဦးတည်ပြီး တိုက်တွန်းလိုက်ပါသည်။**

**၁။ ပါဝါဆက်နွယ်မှု အပြောင်းအလဲဆီသို့ ဦးတည်စေရန် အမျိုးသမီးအုပ်စုအားလုံးအတွက် တူညီသောအခွင့်အလမ်းများနှင့် အမျိုးသမီးများ၏ အရင်းအမြစ်များ လက်လှမ်းမီမှုကို ကူညီပံ့ပိုးပေးပါ။**

**၂။ လူ့အခွင့်အရေးနှင့် ကျားမရေးရာ တရားမျှတမှုကို အလေးအနက်ယုံကြည်သော အပြောင်းအလဲကို ဖန်တီးသူများဖြစ်လာစေရန် အလွှာတိုင်းရှိ အမျိုးသမီးများအား စွမ်းအားမြှင့်တင်ပေးပါ။**

**၃။ လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အမျိုးသမီးများ၏ပါဝင်မှုအပါအဝင် အလွှာစုံမှ အမျိုးသမီးများ၏ လူမှုရေးနှင့် နိုင်ငံရေးပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီပါ။**

**၄။ ဒေသန္တရတွင်း၊ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဆင့်တိုင်းတွင် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ ပြဿနာများကို ပါဝင်ဆွေးနွေးစေခြင်းအားဖြင့် ကျား၊မနှင့် လူမှု တရားမျှတမှုအတွက် လူထုလှုပ်ရှားမှုကို အထောက်အပံ့ပေးပါ။**

**၅။ အမျိုးသမီးများနှင့် LGBTIQs များ၏ လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် အသိပညာပေးရန်အတွက် လူထုဆက်သွယ်ရေးတွင် မီဒီယာ၏အခန်းကဏ္ဍကို ပံ့ပိုးကူညီမြှင့်တင်ရန်အပါအဝင်၊ ကျားမကွဲပြားမှုဆိုင်ရာ ပုံသေကားချပ်အမြင်များအား ရိုက်ကူးတင်ဆက်မှု နှင့် ပြစ်တင်ရှုံ့ချခြင်းများ ပပျောက်ရေးအတွက် ရှုထောင့်ပေါင်းစုံမှ လုပ်ဆောင်ပေးပါ။**

**၆။ မူဝါဒနှင့် ဥပဒေရေးရာ ပြောင်းလဲမှုများအတွက် တွန်းအားပေးပါ၊ အားလုံးပါဝင်သော ဒီမိုကရေစီစနစ်ခိုင်မာစွာပေါ်ပေါက်လာစေရန် အတွက် UDHR၊ CEDAW ကဲ့သို့သော နိုင်ငံတကာဥပဒေများနှင့် လူ့အခွင့်အရေးကျင့်ထုံးများစွာတို့ကို ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများနှင့် SOGIESC အခွင့်အရေးများကို မြှင့်တင်ပါ။**

**၇။နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာကျင့်ဝတ်များ၊ စာတမ်းများကို လက်မှတ်ရေးထိုးပြီးသည့်နောက် အမျိုးသမီးများ၏ အခွင့်အရေးများ မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်များကိုထိုင်းအစိုးရမှ လုပ်ဆောင်ခြင်းရှိ၊မရှိ အကဲဖြတ်စောင့်ကြည့်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုကိုလည်း အားပေးပါ။**

**အမျိုးသမီးလှုပ်ရှား ရုန်းကန်မှုသမိုင်းတွင်၊ အမျိုးသမီးများ၏ လှုပ်ရှားမှုသည် လူမှုရေး၊ တရားဥပဒေနှင့် မူဝါဒဆိုင်ရာ အပြောင်းအလဲများ၏ မဟာဗျူဟာကျသည့်နေရာတွင် ရှိနေကြောင်း ပြသနေသည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သည် အမျိုးသမီးများ စုပေါင်းကျင်းပရန် အခွင့်အလမ်းတစ်ခုသာမကဘဲ အမျိုးသမီးများ၏အခွင့်အရေး၊ လွတ်လပ်မှုနှင့် သာတူညီမျှမှုတို့ကို ပြန်လည်ရယူရန် တိုက်ပွဲဝင်သည့် အခွင့်အခါ လည်းဖြစ်ပါသည်။ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်သည် အမျိုးသမီးများ၏ အခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။**


WE SHALL
FIGHT
WE WIN
WOMEN'S
STUDIES CENTER
FACULTY OF SOCIAL SCIENCES
CHIANG MAI UNIVERSITY
We Are Women
CMU
Women's Studies Center


WOMEN'S
STUDIES CENTER
FACULTY OF SOCIAL SCIENCES
CHIANG MAI UNIVERSITY
CMU
MARCH


DISABILITY IS NORMALIZED
WOMEN WITH DISABILITY INCLUSION
WE'RE STRONG


8th MARCH
MAP
FORWARD
YOUNG PRIDE




8th MARCH


8th MARCH

# ပြန်လည်သုံးသပ်ခြင်းနဲ့ရှေ့လုပ်ငန်းစဉ်

၂၃ ကြိမ်မြောက်အမျိုးသမီးနှီးနှောဖလှယ်ပွဲရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ မတ်လ ၉ ရက်နေ့မှာ လေးရက်တာသင်တန်းမှာ သင်ယူလေ့လာရတဲ့ သင်ခန်းစာတွေကို ပြန်လည်သုံးသပ်ရင်းနဲ့ ဒေသအသီးသီးရဲ့ အမျိုးသမီးဆွေးနွေးပွဲ ရှေ့လုပ်ငန်းစဉ်များကို ဆွဲရတဲ့နေ့လည်းဖြစ်ပါတယ်။ ဒီနှစ်မှာ ပြန်လည်သုံးသပ်ခြင်းအတွက် အွန်လိုင်းကနေလုပ်ဆောင်တာရှိသလို၊ ဒေသအလိုက်အုပ်စုခွဲပြီး၊ သင်တန်းထဲကသင်ကြားလိုက်တဲ့ သင်ခန်းစာထဲကမှ မိမိတို့ ဒေသမှာပြန်ပြီးအသုံးချမယ့် သင်ခန်းစာများကို ရွေးချယ်ပြီး တင်ပြရမှာဖြစ်တယ်။



## ကမ္ဘောဒီးယားအဖွဲ့

ကျမတို့ ခေါင်းစဉ်တစ်ခုပဲရွေးချယ်ခဲ့ပေမယ့် ခေါင်းစဉ်အားလုံးက အရေးကြီးတယ်လို့ မြင်ပါတယ်။ ကျမတို့က ရွှေ့ပြောင်းအမျိုးသမီးတွေနဲ့ ဆက်စပ်နေတဲ့ ခေါင်းစဉ်ဖြစ်တယ် “our work their profit” ဆိုတဲ့ ခေါင်းစဉ်ကို ရွေးလိုက်ပါတယ်။ ကျမတို့ နေရပ်ဒေသ မတူပေမယ့်လည်း ရွှေ့ပြောင်းအမျိုးသမီး အလုပ်သမားများအနေနဲ့ တူညီတဲ့ အရာတွေကတော့ သူမတို့ဟာ ဖိနှိပ်တာတွေ နည်းအမျိုးမျိုးနဲ့ကြုံတွေ့ရတယ်၊ သူဌေးတွေ၊ အလုပ်ရှင်တွေရဲ့ ရုပ်ပိုင်း စိတ်ပိုင်း လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုတွေကို ကြုံတွေ့ရတယ်။ အခြားနိုင်ငံမှ လာရောက်လုပ်ကိုင်တဲ့ ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားတွေက ခွဲခြားခံရတယ်၊ သူများမလုပ်ချင်တဲ့အလုပ်တွေ လုပ်ရပေမယ့် လုပ်ခလစာတွေလည်း နည်းတယ်။ ပတ်စပို့တွေ work permit စတဲ့ အထောက်အထားရရှိရေး စာရွက်စာတမ်းအတွက် ပိုက်ဆံတွေ အများကြီး သုံးရတယ်။ အထောက်အထားမဲ့ အလုပ်သမားတွေက ပိုဆိုးပါတယ်၊ ပွဲစားတွေနဲ့ အလိမ်ခံရတော့ ငွေကြေးဆုံးရှုံးတာတွေလည်း ရှိတယ်။ ကုန်ကျစရိတ်အတွက် ခက်ခဲ အန္တရာယ်များတဲ့အလုပ်တွေ လုပ်ရတယ်။

စက်ရုံတွေရှိတဲ့ ထိုင်းနိုင်ငံ၊ စင်ကာပူ စတဲ့ နိုင်ငံတွေရဲ့ အစိုးရတွေကို ပြောချင်တာတွေရှိတယ်။ ကောင်းမွန်တဲ့ လုပ်ခလစာ၊ သင့်တင့်လျောက်ပတ်တဲ့ အလုပ်ခွင် ပတ်ဝန်းကျင်၊ အလုပ်လုပ်ခွင့် အထောက်အထား လက်မှတ်တွေကို သက်သာစွာ အချိန်တိုအတွင်းအလုပ်သမားတွေကိုယ်တိုင် လျှောက်ထားနိုင်ဖို့၊ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ အလုပ်ရှင်တွေကြား ပွဲစားတွေပပျောက်ရေး၊ ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်တွေရရှိဖို့၊ မီးဖွားခွင့်ရရှိဖို့၊ ရာသီသွေးလာနေစဉ်အတွင်းလည်း ခွင့်ရက်ရယူနိုင်ခွင့်၊ လူမှုဖူလုံရေးတွေကို လွှဲပြောင်းနိုင်ခွင့်၊ စသည်တို့ကို တောင်းဆိုခဲ့ပါတယ်။ အလုပ်ရှင်များမှ ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားတွေရဲ့ စွမ်းရည်ကို အသိအမှတ်ပြုရမယ်လို့ ထည့်သွင်းခဲ့ပါတယ်။

**အကြံပြုချက်–** နောက်နှစ်ကျရင် ကျမတို့ Cambodia ရွှေ့ပြောင်းအမျိုးသမီးတွေအတွက်လည်း ဒီလိုမျိုးစုစည်းပေါင်းစည်း ပါဝင်နိုင်ဖို့ မျှော်လင့်ပါတယ်။ ရွှေ့ပြောင်းအမျိုးသမီးတွေကြားထဲ ဘယ်လိုမျိုး ချိတ်ဆက် ဆက်သွယ်နိုင်မလဲ ပိုမိုကောင်းမွန်အောင် ဆက်ဆံရေးတွေ တည်ဆောက်နိုင်မလဲဆိုတာ လေ့လာချင်ပါတယ်။ ကျမတို့ အဖွဲ့တွေကြားထဲ အခြားသူတွေကိုလည်း ဘယ်လို ပါဝင်လာအောင် စိတ်ဝင်စားလာအောင် စည်းရုံးရမလဲ နည်းလမ်းတွေ လေ့လာချင်ပါတယ်။ ကျမတို့ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာအောင် ဘယ်လို ပျိုးထောင်ရမလဲ သိချင်ပါတယ်။ ကျမတို့ Cambodia အဖွဲ့က ဒီပွဲကို စီစဉ်တဲ့သူတွေနဲ့ MAP Foundation ကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ဒီလိုမျိုးဖိတ်ခေါ်တယ် တက်ရောက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်တယ်။ ပြန်သွားရင်လည်း အခြားအမျိုးသမီးတွေကို ပြန်လည်ဝေမျှပါမယ်။ နောက်နှစ်ကျရင် ပြန်လည်တွေ့ဆုံဖို့ မျှော်လင့်ပါတယ်။




*ပုံ – Cambodia အဖွဲ့*

## ချင်းမိုင် အဖွဲ့

**ကလေးသူငယ်ပြုစုပျိုးထောင်ခြင်း** သင်ခန်းစာကို စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားရတဲ့ အကြောင်းရင်းက ပထမအချက် ကလေးကို ဘယ်လို ပြုစုပျိုးထောင်ရမလဲ၊ ကြီးထွားမှု အဆင့်ဆင့်ကို သရုပ်ဖော်နဲ့တကွ ကိုယ်တိုင်သင်ကြားရလို့ပါ။ နှစ်အချက်က ကလေးတွေနဲ့ ပတ်သက်တဲ့ ပြဿနာ၊ ပြုစုပျိုးထောင်ရမယ့်နည်းလမ်း ကလေးကြီးထွားမှုအဆင့်ဆင့်ကို တွေ့ရသလို ကိုယ့်ရဲ့ ကလေးနဲ့ ပတ်ဝန်းကျင်က ကလေးတွေကို ပြုစုပျိုးထောင်မယ့် နည်းလမ်းကို ပြန်လည် မျှဝေမယ်။

နောက်နှစ်ကျရင် **ရွှေ့ပြောင်းအလုပ်သမားတွေ၊ တောင်ပေါ်သားကတ် မိဘရဲ့ ကလေးအခွင့်အရေးတွေကို** ပိုသိသင်ကြားချင်ပါတယ်.. အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားအတွက် ငြင်းပယ်ခံရတဲ့အခါ ဘယ်လို အထောက်အထားရအောင် လုပ်ရမလဲ ဥပဒေအရ ဘယ်မှာ သွားညှိနှိုင်းလို့ရမလဲဆိုတာ ဆွေးနွေးချင်ပါတယ်။

ကျမတို့နောက်ဆုံးရက်ဆိုတော့ မခွဲချင်လည်းခွဲရတော့မယ်။ အားလုံးကို ချစ်ခင်စွာနဲ့ အသိပေးချင်ပါတယ်။ ကျမတို့ အထောက်အထားလက်မှတ်အားလုံး ပတ်စပို့၊ ဝေါ့ပါမစ်၊ ကားအာမခံ၊ ကျန်းမာရေးအာမခံ၊ ယဉ်မောင်းလိုင်စင် စတဲ့လက်မှတ်တွေအားလုံး သက်တမ်းမကုန်ပါစေနဲ့ မှာချင်ပါတယ်။ အထူးဂရုပြုကြပါ။ အားလုံးကို ချစ်ပါတယ်။

## ဘန်ကောက်၊ ချွန်ပူရီ၊ စမွတ်ပရာကန်

ကလေးသူငယ်ပြုစုပျိုးထောင်နည်း – ရွေးချယ်ရခြင်းက ကိုယ်တိုင် အမျိုးသမီးတွေလည်း ဖြစ်သလို ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးအတွက် မလွဲမသွေ ပြောနေကြရတဲ့ အကြောင်းအရာဖြစ်တယ်၊ သင်တန်းမစခင် ရပ်ကွက်က ပြုစုပျိုးထောင်တဲ့နည်းက ဒီမှာ သင်ကြားတဲ့နည်းက မတူဘူးဖြစ်နေတယ်။ ရပ်ကွက်ထဲမှာ ဘိုးစဉ်ဘောင်ဆက်ကနေ ဆင်းသက်လာတဲ့ နည်းနဲ့ ပြုစုပျိုးထောင်လာတယ်။ သင်တန်းမှာက ကလေးကို လုံခြုံမှု၊ နွေးထွေးမှု စောင့်ရှောက်မှု ပေးရမယ်ဆိုတဲ့ အချက်ကို တွေ့ရတယ်။ ဒီခေါင်းစဉ်အောက်မှာ အများကြီး သင်ကြားရတယ်။ ကိုယ့်ကလေး ဉာဏ်ရည်အဆင့်ကို စစ်ဆေးရမယ်၊ အချို့ကလေးက ဉာဏ်ရည်နိမ့်ပါးပြီး အချို့က ဉာဏ်ရည်မြင့်ပြီး မွေးလာတာရှိတယ်။ သိလာရတာက ကိုယ်တိုင် သားသမီးရလာခဲ့ရင် ကိုယ့်ပတ်ဝန်းကျင် ကိုယ့်မိသားစုက လူတွေကို ပြောပြပေးရမယ်။ ကလေးကို သူများနဲ့ မယှဉ်နဲ့ ကိုယ့်ကလေးရဲ့ အားသာချက် အားနည်းချက်ကို ကြည့်ရမယ်။ ကလေးကို အကောင်းဘက် လက္ခဏာနဲ့ ပြုစုရမည့် နည်းလမ်းကို သိလာရပါတယ်။

မိခင်များအနေနဲ့လည်း ကိုယ်တိုင်ပြောင်းလဲဖို့လိုတယ်။ ကလေးကို သုံးသပ်တာထက် မိမိကိုယ်ကိုယ် သုံးသပ်ဖို့လိုတယ်။ တက်ရောက်လာသူတွေက အနယ်နယ်က ကိုယ့်အရပ် ကိုယ့်အဖွဲ့ ကိုယ်စားပြု လာတဲ့အတွက် ကိုယ်ပိုင်အရည်အချင်းရှိပြီးသားဖြစ်တယ်။ ကျန်တဲ့ ရပ်ကွက်က လာတဲ့သူတွေကို ကိုယ်ပိုင် အရည်အချင်းမရှိဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး ခုလို သင်ကြားပေးတဲ့အပေါ် လက်လှမ်းမှီသလောက် ရသွားကြမှာပါ ကိုယ့်ရပ်ကွက်ကို ပြန်ရောက်တဲ့အခါ မျှဝေမယ့် သင်ခန်းစာကို သေချာသိရှိဖို့လိုပါတယ်။ အမျိုးသမီးအဖွဲ့ဝင်တွေ တကယ် စိတ်ဝင်စားလာအောင် အမျိုးသမီးတွေ ပါဝင်လာအောင် တိုက်တွန်းဖို့ ဂိမ်းဆော့တာတို့ ဟာသတွေနဲ့ စိတ်ပါဝင်စားလာအောင် ပြောဖို့ တိုက်တွန်းလိုပါတယ်။ သင်တန်း အဖွဲ့တစ်ခုချင်းစီမှာ စိတ်ပါဝင်စားစွာ ပါဝင်နိုင်ဖို့ မော်နီတာ ခန့်ပေးဖို့ အကြံပြုပါတယ်။

နောက်နှစ်မှာ အခွင့်အရေးရခဲ့ရင် **ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခွင့်အရေး ဥပဒေတွေကို သိချင်ပါတယ်။ up-date ဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ အလုပ်သမား ဥပဒေ၊ ပေါ်လစီ၊ လူ့အခွင့်အရေး၊ လက်မှုပညာ (ဆပ်ပြာ၊ ခြင်းတောင်း)**တို့ လေ့လာချင်ပါတယ်။ ဖိတ်ပေးတဲ့ အဖွဲ့အစည်းတစ်ခုချင်းစီကို ကျေးဇူးတင်တယ်။ အမျိုးသမီးတွေကို တစ်နေရာတည်းမှာ ဆုံဆည်းရလို့ ဝမ်းသာတယ်။

## မဲဆောက်အဖွဲ့ (Together Our Hands)

ကျမတို့အဖွဲ့က သင်တို့လုပ်အား၊ သူတို့အကျိုးအမြတ် ဆိုတဲ့ခေါင်းစဉ်ကို ရွေးထားပါတယ်။ အခု လက်ရှိ အလုပ်မလုပ်ကိုင်နေရင်တောင် ကျမကိုယ်တိုင်က ဝယ်ယူသူဖြစ်နေတာရယ် ဒီ ကုန်စည်စီးဆင်းမှုက ကိုယ်နဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်မို့လို့ ဒီခေါင်းစဉ်ကို ရွေးလိုက်ပါတယ်။ ဒီခေါင်းစဉ်မှာ အလုပ်ရှင် အလုပ်သမား စားသုံးသူ အပြန်လှန် ဆက်စပ်မှု အလုပ်ရှင်ရဲ့ အလုပ်သမားအပေါ် ထားရှိရမယ့် တာဝန်အပိုင်းတွေ လေ့လာရတယ်။ ကိုယ်တိုင် အလုပ်ရှင် ဖြစ်လာခဲ့ရင်လည်း သိထားရမယ့် လိုက်နာရမယ့် အချက်တွေ သိလာရတယ်။ အလုပ်သမားတွေ လုပ်နေတဲ့ အလုပ်တွေ၊ ကိုယ်လုပ်တဲ့ ထုတ်ကုန်တစ်ခုက ဘယ်ကနေလာပြီး ဘယ်ကိုရောက်သွားလဲ၊ ဘယ်သူတွေသုံးပြီး အကျိုးအမြတ်ရနေလဲ၊ ကိုယ်ပင်ပန်းတဲ့အပေါ် ဘာတွေရလဲ၊ အလုပ်ရှင်ဆီက ဘယ်လို အခွင့်အရေးတွေ ရနိုင်လဲ ဆိုတဲ့ အချက်တွေကို လေ့လာရတယ်။ ဝယ်ယူသူတွေအနေနဲ့နဲ့ နေ့စဉ် သုံးကုန်တွေက ဘယ်ကနေလာ ဘယ်ကနေထုတ်လဲ အချက်ကို ဆန်းစစ်ဖို့ လိုတယ်ဆိုတဲ့အချက်ကို လေ့လာရတယ်။

အလုပ်သမားတွေကလည်း ကိုယ်တိုင် ရွှေ့ပြောင်း အိမ်တွင်း အလုပ်သမားပဲ ဖြစ်ဖြစ် ဘယ်လိုလုပ်နေပါစေ ကာကွယ်မှု လိုအပ်ပြီး အလုပ်သမား အခွင့်အရေးရှိကြောင်း သိရှိရပါတယ်။ အလုပ်ရှင်က ချိုးဖောက်နေလည်း ပြန်လည် တောင်းပိုင်ခွင့်ရှိကြောင်း လေ့လာရပါတယ်။ ဝယ်ယူသူအနေနဲ့လည်း ကျွန်မတို့ လက်တွေ့ ပြန်လည်အသုံးချမယ်။ မြန်မာပြည်မှာ ထုတ်ကုန်အချို့ကို ဝယ်ယူဖို့အတွက် ဆုံးဖြတ်ချက်ချတဲ့အခါ ကိုယ်ဝယ်လိုက်တဲ့ ကုန်စည်ကို ထုတ်တဲ့စက်ရုံက လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို လုပ်ဆောင်နေတဲ့ သူတွေဖြစ်တယ်ဆိုရင် ကျမတို့အနေနဲ့ တနည်းတဖုံအားပေးသလိုဖြစ်နေတယ်။ အဲ့တာကို ကျမတို့ အချိန်ပေးပြီးလေ့လာသင့်ပါတယ်။

ကျမတို့ပြန်ရောက်သွားတဲ့အခါ ကိုယ်လက်လှမ်းမီရာ အဝန်းအဝိုင်းကနေပြီးတော့ အလုပ်သမားတွေကို ဝေမျှဖို့ လုပ်ဆောင်သွားပါမယ်။ အလုပ်ရှင်တွေကိုလည်း အလုပ်သမားအခွင့်အရေးတွေကိုလေးစားဖို့၊ လိုက်နာဖို့ တွန်းအားပေးပါမယ်။ ကိုယ်ကိုယ်တိုင်ကလည်း လေးစားလိုက်နာဖို့ ပြောင်းလဲပါမယ်။

နောက်နှစ်ကျရင် **communication skill** ကို လေ့လာချင်တယ် ရွှေ့ပြောင်းအလုပ်သမားတွေ ဖြစ်လို့ ရောက်လာတဲ့ ပတ်ဝန်းကျင်မှာ လိုက်လျောညီထွေ နေထိုင်ပြောဆိုဖို့ အခြေခံအချက်အလက်တွေ သိဖို့လိုတော့ လေ့လာချင်တယ်။ ကျွန်မတို့ အမျိုးသမီးတွေ အွန်လိုင်း နှောင့်ယှက်မှုတွေ ကြုံတွေ့ရတဲ့အခါ ဘယ်လိုဖြေရှင်းရမလဲ တိုင်ကြားရမလဲဆိုတာ သိဖို့ **Cyber security** အကြောင်းလည်း လေ့လာချင်ပါတယ် **တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း** အကြောင်းလည်း လေ့လာချင်ပါတယ်။ အဖွဲ့ထဲက အမတွေက စွန့်ပစ် ပစ္စည်းတွေကို reused ပြန်လုပ်တဲ့ အကြောင်းလည်း မျှဝေထားပါတယ်။ recycle, eco-priniting, making soap စသည်တို့ကို လေ့လာချင်ပါတယ်။

ကျမတို့ အကုန်လုံး ဆုံစည်းနိုင်ရအောင် စီစဉ်ပေးတဲ့ MAP Foundation ရယ် နောက်ကွယ်ကနေ ပံ့ပိုးပေးတဲ့ ညီအမတွေအားလုံးကို ကျေးဇူးတင်တယ်။ နောက်နှစ်မှာလည်း ပြန်လည်ဆုံဆည်းချင်ပါတယ်။

## မဲဟောင်ဆောင် အဖွဲ့

ကျမတို့ အဖွဲ့ကတော့ Step for Change ဗျူဟာရေးဆွဲခြင်းကို ရွေးပါတယ်။ ကျမတို့အမျိုးသမီးတွေ အယောက်စီတိုင်း ပန်းတိုင်တွေရည်ရွယ်ချက်တွေရှိတယ်။ အဲ့လိုပန်းတိုင်တွေရောက်ဖို့အတွက် သွားရမယ့် အဆင့်တိုင်းကို နည်းပရိယာယ်ကျကျ ရေးဆွဲမယ်ဆိုရင် ပိုမိုလွယ်ကူနိုင်မယ်ဆိုပြီး ဒီခေါင်းစဉ်ကို ရွေးခဲ့ပါတယ်။ သင်ကြားပေးခဲ့တာ ၁ နာရီခွဲ

ပဲ ဆိုပေမယ့် ကျမတို့ ခေါင်းထဲ အများကြီးကျန်ခဲ့ပါတယ်။ ဆရာမကတော့လွယ်ကူတဲ့ ဥပမာ မုန့်ဟင်းခါးချက်နည်းကို သင်ကြားပေးပါတယ်။ မရှိမဖြစ်အရာတွေ၊ ထပ်ထည့်လျှင်ပိုမိုကောင်းမွန်တဲ့အရာ၊ မရှိလည်းရတယ် ဆိုတဲ့ အရာတွေကို ခွဲခြားသိရှိထားမယ်။ အလုပ်တစ်ခု အောင်မြင်ဖို့ မဖြစ်မနေ လိုတဲ့အရာကို ထည့်သွင်းရေးဆွဲဖို့ လိုသလို ထပ်ပြီးတော့ ဘယ်အရာတွေ ရှိဖို့လိုသလဲ ဆိုတာကို နေ့စဉ်အမျှ ထည့်သွင်းရေးဆွဲထားရင် ဘဝအောင်မြင်မှုက ပိုလွယ်ကူမယ်။ နောက် ကျမတို့ ပန်းတိုင်ကို လျှောက်လှမ်းဖို့ ဘာအားသာချက်၊ အားနည်းချက်၊ ခြိမ်းခြောက်မှု၊ စိန်ခေါ်ချက် စသည်တို့ကို ကျမတို့ ထည့်သွင်းစဉ်းစားရမယ်။ ကျမတို့အတွက် မမြင်နိုင်တဲ့အခက်အခဲတွေလည်း ကြိုတင်တွက်ချက်ထားမယ်။ ကျရှုံးမယ်ဆိုရင်လည်း အားမလျှော့ပဲ ဆက်ကြိုးစားဖို့ စိစဉ်တွေးတောမယ်။ ဒီခေါင်းစဉ်ကတော့ ကျမတို့လူမှုဘဝအတွက် အရမ်းအသုံးဝင်ပါတယ်။

အမျိုးသမီးအဖွဲ့အစည်းကိုယ်စားပြု တက်ရောက်တာဖြစ်တဲ့အတွက် အဖွဲ့အတွင်း နည်းဗျူဟာ ရေးဆွဲတဲ့အခါ ပြန်သုံးမယ်။ ကွင်းဆင်း လူထု ပညာပေးတဲ့အခါ ဒေသခံတွေကို ဝေမျှပေးသွားမယ်။

နောက်နှစ်ကျရင် အမျိုးသမီးခေါင်းဆောင်မှုကို လေ့လာချင်ပါတယ်။ တက်ရောက်လာသူတွေက တစ်ချိန် ခေါင်းဆောင်ဖြစ်လာမှာဖြစ်တဲ့အတွက် အမျိုးသမီးခေါင်းဆောင်မှုက အရေးကြီးပါတယ်။ ကိုယ်ပိုင်နဲ့ အဖွဲ့အစည်းအတွက် **Financial management** က အရေးကြီးတော့ ငွေကြေးစီမံခန့်ခွဲမှု ခေါင်းစဉ်ကိုလည်း သင်ချင်ပါတယ်။ IT security ကိုလည်းလေ့လာချင်ပါတယ်။ ကျမတို့ အွန်လိုင်းကနေ ပို့မယ့် သိမ်းထားမယ့် အချက်အလက်တွေကို ဘယ်လို လုံခြုံအောင် စီမံရမလဲဆိုတာသိချင်ပါတယ်။

## ပြည်တွင်းအဖွဲ့ (မြိတ် တောင်ကြီး မယ်ဆိုင် တာချီလိတ်)

ကျမတို့ရွေးချယ်ထားတဲ့ခေါင်းစဉ်ကတော့ – အသေးစားငွေစုငွေချေးလုပ်ငန်း ဖြစ်ပါတယ်။ သင်တန်းတက်ပြီး တဲ့နောက် ကိုယ်က ကိုယ့်ဆီမှာရှိတဲ့ငွေကို သေချာ စီမံခန့်ခွဲတတ်လာတယ်။ ကိုယ်လိုချင်တာနဲ့ လိုအပ်တာကို ကွဲပြား စွာသိလာတယ်။ သုံးပြီးမှ စုတာထက် မသုံးခင် အရင်စုသင့်တယ်ဆိုတာကို သိလာပါတယ်။ တစ်နှစ်နဲ့ တစ်နှစ် စုမယ် ဆိုပြီး စီစဉ်ပေမယ့် ဘယ်တော့မှ မဖြစ်လာခဲ့ဘူး။ အများကြီးရမှ စုတာထက် နည်းနည်းချင်းစု၊ ပုံမှန်စုရမယ်ဆိုတဲ့ အသိကို ပုရွက်ဆိတ်နဲ့ နှံကောင်ပုံပြင် ကနေတစ်ဆင့်သိခဲ့တယ်။ နောက်တစ်ခုက နေ့စဉ်အသုံးစရိတ်ကို မှတ်တမ်းတင်ခြင်းက မလိုအပ်တဲ့ အသုံးစရိတ်ကို ပြန်သုံးသပ်နိုင်တဲ့ အလေ့အကျင့်ကောင်းတစ်ခု ရခဲ့တယ်။ ဒီသင်တန်း ရောက်ကတည်းက အသုံးစရိတ်မှတ်ခဲ့တယ်။ မလိုအပ်တဲ့ အသုံးစရိတ် သုံးမိလည်း ခွဲခြားစိတ်ဖြာနိုင်တယ်။ ကောင်းတဲ့ အလေ့အကျင့်က ရေရှည်လုပ်ဖို့ ခက်ခဲပေမယ့် ဇွဲရှိရှိလုပ်ဖို့ လိုတယ်။ တစ်ရက် နည်းနည်းစုရမယ်ဆိုတာ သိရတယ်.. ဒါမှ အရေးပေါ် အခြေအနေမှာလည်း သုံးနိုင်မှာ ဖြစ်တယ်။ တစ်ဦးချင်းစီ အကျိုးပြုသလို အဖွဲ့အစည်းနဲ့ စုလည်း ဒီနည်းလမ်းက အသုံး ဝင်တယ်။ သင်ခန်းစာကို ကိုယ့်ရုံးက လူတွေ မိသားစုဝင်တွေ အခြားအမျိုးသမီးတွေကို ဝေမျှမယ်။

နောက်နှစ်ကျရင်တော့ အမျိုးသမီးခေါင်းဆောင်မှုနဲ့ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းတွေ နည်းလမ်းတွေကို သိချင် ပါတယ်။ ပြည်တွင်းက အမျိုးသမီးတွေက ခေါ်ယူရတာခက်ခဲပါတယ်။ နေ့စားအမျိုးသမီးတွေ ခေါ်ရခက်တယ်၊ ကလေး တွဲလောင်း မိခင်တွေကို ပြောဖို့ အရမ်းခက်တယ်။ သူတို့ကို တစ်ခုခုမပေးရင် မလာချင်ပါဘူး။ အဲ့လိုသူတွေကို ဘယ်လို စည်းရုံးရေးဆင်းရမလဲဆိုတာကို အသေးစိတ်သိချင်ပါတယ်။

## စူရတ်၊ ဒွန်းစပ်

သင်ခန်းစာအကုန်လုံးက အလွန် တန်ဖိုးရှိပေမယ့် ဆရာမ သီရိ ရဲ့ပြောင်းလဲမှုအတွက် ခြေလှမ်းများ သင်ခန်းစာကို ရွေးချယ်ထားပါတယ်။

အားလုံးကိုယ်စီမှာ ရည်မှန်းချက်ရှိကြပြီး တစ်ယောက်နဲ့တစ်ယောက်လည်း မတူကြပါဘူး။ ရည်မှန်းချက်ကို ဖော်ဆောင်ကြတဲ့အခါ plan A, B, C ကို ဆွဲကြဖို့လိုတယ်။ ပလန် အေ အဆင်မပြေရင် မရပ်တန့်ဘဲ ပလန် ဘီကို ရှေ့ဆက်သွားမယ်။ အရေးကြီးတာက လိုအပ်တဲ့ ပန်းတိုင်ကို သွားဖို့ဖြစ်တယ်။ ဗျူဟာ အစီအစဉ်ရေးဆွဲတဲ့အခါ အားသာချက် အားနည်းချက် အခွင့်အရေးတွေ ပြဿနာတွေ ရင်ဆိုင်ကြရတယ်။ ဝမ်းစာအရင်ဖြည့်ပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းမယ်။

ဒေသကို ပြန်ရောက်တဲ့အခါ သင်တန်းမှာ ရရှိခဲ့တဲ့ အရာတွေကို ဖြန့်ဝေမယ်။ ရွှေ့ပြောင်းကျောင်းသား စာသင်တဲ့ ဆရာမဖြစ်တဲ့အတွက် ကလေးကို ဘယ်လို ပြုစုပျိုးထောင်ရမလဲဆိုတဲ့ အချက်ကို သဘောကျတယ် မိမိကလေး အပြင် ရွှေ့ပြောင်း အမျိုးသမီးတွေရဲ့ ကလေးတွေကိုပါ ပြုစုပျိုးထောင်ရတဲ့ လူတွေ ဖြစ်တယ်။ အဲ့အချက်တွေကို ပြန်လည်မျှဝေမယ်။

နောက်နှစ်ကျရင် **သက်ငယ်မုဒိန်းမှု လျှော့ချ**ဖို့ အဲ့ဒီအကြောင်း သင်ချင်တယ်။ အချို့က သက်ငယ်မုဒိန်းမှု မြောက်ပေမယ့် သေချာမသိတာတွေ ဖြစ်နေတယ်။

တောင်ပိုင်းရှိ အမျိုးသမီးတွေကို ဖိတ်ခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တက်ရောက်လာတဲ့ အမျိုးသမီးတွေက ၁၀၀မဟုတ်ရင်တောင် ၉၀ရာခိုင်နှုန်းတွေလောက် ပြည့်စုံကြသူတွေ ဖြစ်တယ်။ ရပ်ရွာမှာရှိတဲ့ အမျိုးသမီးတွေကို လက်ဆင့်ကမ်းပေးစေလိုတာက အပျိုအရွယ်မှာသာ ပြင်ဆင်ပြီး အိမ်ထောင်သည်ဖြစ်ရင် ဖြစ်သလို နေတာတွေ တွေ့ရတယ် အမျိုးသမီးတွေ လှဖို့လိုတယ် အမြဲတမ်းလှစေချင်တယ်။

## ရနောင်း၊ ဟက်ယိုင်

သင်ခန်းစာအားလုံး မှတ်မိလွယ်ပြီး ပြန်လည်အသုံးချလို့ကောင်းတဲ့ သင်ခန်းစာတွေ ဖြစ်ပြီး အဲ့ဒီအထဲမှ ဆရာမ သီရိ သင်ခန်းစာကို ရွေးချယ်ထားတယ်။

တစ်ခုခု လုပ်တဲ့အခါ အကုန် ပြည့်ပြည့်စုံစုံနဲ့ လုပ်လို့ရမှာ မဟုတ်ဘူး။ လိုအပ်ချက်တွေ များစွာထဲမှာမှ အမှန်တကယ် လိုအပ်တာ ဘာလဲ၊ အရေးကြီးတာ ဘာလဲ၊ ပိုမိုပြည့်စုံအောင် လိုအပ်တာ ဘာလဲဆိုတဲ့ အရာကို ခွဲခြားနားလည်ဖို့ လိုကြောင်း သိရတယ်။ နောက်တစ်ခုက ပြဿနာ ကြုံလာတဲ့ခါ လိုချင်တဲ့ ပန်းတိုင်ကို ရောက်အောင် အောင်မြင်အောင် ဘယ်လိုဖြေရှင်းသင့်ကြောင်း လေ့လာရပါတယ်။

ကိုယ်သိရှိနားလည်တာတွေ၊ သင်ယူခဲ့ရတဲ့ သင်ခန်းစာတွေ နည်းလမ်းတွေကို ပြန်ပြီး ဝေမျှသွားဖို့ရှိပါတယ်။ နောက်နှစ် **အမျိုးသမီး အခွင့်အရေး**အကြောင်း ပိုမို လေ့လာလိုပါတယ်။

## လုံမနီ၊ ခူရဘူရီ

ကျမတို့အဖွဲ့က ကလေးပြုစုပျိုးထောင်နည်း ခေါင်းစဉ်ကို ရွေးချယ်ထားပါတယ်။

အစက သားသမီးကို ဘယ်လို စည်းကမ်းတွေနဲ့ ဆိုဆုံးမရမလဲဆိုတာ မသိခဲ့ဘူး မိရိုးဖလာအတိုင်း ပုံစံခွက်ထဲ ထည့်ပြီး ဆိုဆုံးမခဲ့ဘူးတယ်။ သင်တန်း မတက်မီ မိခင်အလျောက် ကိုယ့်ဆန္ဒကိုပဲ ဦးစားပေးခဲ့တယ်။ သားသမီးစကားကို နားမထောင်ခဲ့ဘူး ဒီသင်တန်းနောက်ပိုင်း ကလေးကို ဆုံးမခဲ့တာ မှားကြောင်း သိလာရတယ်။ ရှေ့လျှောက် ကလေးတွေ ဖြစ်ချင်တာတွေ သူတို့အသံတွေကို နားထောင်ပေးရမယ်။ အပေါင်းနဲ့ အနုတ် ခွဲခြားပြီး ဆိုဆုံးမ ပြပေးရမယ်။ ကိုယ်တိုင် လည်း စံပြဖြစ်ရမယ်။ ဒါမှလည်း သားသမီးက သူတို့ကိုယ် သူတို့ သဘောပေါက် မှာဖြစ်ပါတယ်။ နည်းမှန် လမ်းမှန်နဲ့သူတို့ ကို ဘယ်လိုပြောဆိုဆက်ဆံရမလဲဆိုတာကို သိခဲ့ပါတယ်။ အိမ်ပြန်ရောက်သွားရင် ကိုယ်ကိုယ်တိုင်ကနေ ပြင်ဆင်မယ်။ ရပ်ကွက်ထဲကမိတ်ဆွေတွေကိုလည်း ပြန်လည်ပြောပြကြပါမယ်။ နောက်နှစ်ကျရင် စီးပွားရေးနဲ့ပတ်သတ်တဲ့ အသိပညာ တွေတိုးပွားမယ့် ခေါင်းစဉ်တွေကို သိချင်ပါတယ်။

## ဖူးခက်၊ တကွက်ပါ၊ ဖနင

ပြောင်းလဲမှုအတွက်ခြေလှမ်း ဆိုတဲ့ခေါင်းစဉ်ကို ရွေးချယ်ပါတယ်။ ကျမတို့ ပြောင်းလဲမှုအတွက် မဟာဗျူဟာ ရေးဆွဲတဲ့အခါ ကိုယ်တည်ဆောက်ချင်တဲ့ အစုအဖွဲ့ မျှော်မှန်းချက် ပန်းတိုင်ကို ဘယ်လိုသွားမလဲဆိုတာကို ရေးဆွဲရမှာ ဖြစ်တယ်။ မဟာဗျူဟာရှိခြင်းအားဖြင့် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးတွေအတွက် အခွင့်အရေးတွေ ပိုမိုရရှိပြီး၊ စိန်ခေါ်မှုတွေ လျော့ကျသွားစေမှာဖြစ်ပါတယ်။ ဒီသင်ခန်းစာကို ဒီထက်ပိုမိုပြီး သေချာအောင် ပြင်ဆင်ပြီး ဝေမျှပေးသွား မှာဖြစ်တယ်။

## မဲဆောက်အဖွဲ့ (GBVCG)

နည်းဗျူဟာရေးဆွဲခြင်း(**ပြောင်းလဲမှုအတွက် ခြေလှမ်းများ**) တစ်ခုခုလုပ်ရင် ရည်မှန်းချက် ပန်းတိုင် ရှိဖို့လိုတယ်။ ကျွန်မလို ပန်းတိုင်မရှိလို့ အိမ်ဆောက်တဲ့ခါ ပြောင်းပြန်ဖြစ်ပြီး ပြန်ပြိုရတယ်။ မဖြစ်မနေ လိုအပ်တဲ့အရာ လုပ်ပြီးရင် အား သာချက်၊ အားနည်းချက်တွေ ဆန်းစစ်ဖို့လိုတယ်။ အဲ့လိုလုပ်ရင် နောက်ဆုံး ပန်းတိုင်ကို ကောင်းကောင်း ရောက်နိုင်တယ်။ တစ်ခုခုဖြစ်ချင်လည်း အဆင့်လိုက် အချက်လိုက် သိထားရင် အောင်မြင်မှုရနိုင်ကြောင်း သိရတယ်။

အခွင့်အရေးရှိရင် နောက်နှစ် **မိမိကိုယ်ကို လေးစားမှု** သင်ခန်းစာအကြောင်း သင်ကြားချင်တယ် အမျိုးသမီးတွေက အခြားသူတွေကို ဦးစားပေးပြီး ကိုယ့်ကိုယ်ကိုယ် လေးစားမှု၊ ဦးစားပေးမှု၊ ချီးကျူးမှုတွေ ပေးဖို့ မေ့နေတယ်၊ နောက်တစ်ခု **ဆုံးဖြတ်ချက်ချခြင်း** သင်ခန်းစာကို သင်ကြားချင်ပါတယ်.. တစ်ခုခုဆို သေချာဆုံးဖြတ်ပြီးမှ လုပ်ဖို့ရန် ဖြစ်တယ်။

အမျိုးသမီးတွေစိတ်ဓါတ်ကျတဲ့အချိန် စိတ်ဖိစီးမှု ဖြစ်တဲ့အချိန် သူတို့ကို ဘယ်လို နှစ်သိမ့်ဆွေးနွေးမလဲဆိုတာကို လေ့လာချင်ပါတယ်။ သူတို့အကြမ်းဖက်ခံရတဲ့အခါ ထုတ်ဖော်ပြောရဲအောင် ဆွေးနွေးပေးဖို့ ကို သင်ယူချင်ပါတယ်။

## Three Gold Spoons (သင်တန်း ပို့ချခြင်းအပေါ် အခက်အခဲနှင့် စိန်ခေါ်မှု)

ဆရာမ ငြိမ်းငြိမ်းက အသင်းအဖွဲ့နဲ့ ပတ်သက်ပြီး အတွေ့အကြုံကို မျှဝေသွားခဲ့ပါတယ်။ သင်ကြားခြင်းနဲ့ ပတ်သက်ပြီး.. အဖွဲ့ ၄ဖွဲ့လုံး အရမ်းတော်ပါတယ်။ ကျွန်မတို့ထက် အတွေ့အကြုံတွေ အများကြီးရှိတယ်။ မတူတဲ့ အတွေ့အကြုံတွေရှိတဲ့ အမျိုးသမီး သင်တန်းသူတွေဆီက သင်ယူခဲ့ရတယ်။ စာသင်တဲ့ အတွေ့အကြုံက နေ့ခင်းပိုင်း အိပ်ငိုက်တဲ့အချိန်နဲ့မို့ ဟာသတွေလည်း ပြောရတယ်။ ပွဲနဲ့ ပတ်သက်တဲ့ အတွေ့အကြုံကတော့ အရမ်းပျော်ပါတယ်၊ အမျိုးသမီးတွေ တွေ့ဆုံခွင့်ရအောင် စီစဉ်ပေးလို့ MAP Foundationကို ကျေးဇူးတင်သလို ကျွန်မတို့အသင်းအဖွဲ့ကို မိတ်ဆက်ပေးခွင့်ရလို့ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ဆရာမ သွယ်မိုးသူ – အခက်အခဲက များများ စားစားမရှိပါဘူး။ အဖွဲ့အစည်းအကြောင်း မိတ်ဆက်ပေးရတဲ့အခါ စိတ်ပါဝင်စားလာအောင် group workလေးတွေ လုပ်ပေးတယ်။ အမျိုးမျိုးတွေ့ရတယ်။ အချို့က team workမှာ စိတ်ပါဝင်စားစွာ ပါဝင်ပေးတယ်၊ အချို့ကလည်း ကိုယ့်အပူနဲ့ကိုယ်လည်း ရှိမှာပေါ့နော်… စိတ်ပါဝင်စားလာအောင် ပြောပြရတယ် အဓိကက ပြန်သွားတဲ့အခါ အမျိုးသမီး ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကိုယ့်အဖွဲ့ကို ဘယ်လို ဦးဆောင်မလဲ ဘယ်လို ပြန်စည်းရုံးကြမလဲဆိုတာ role play, group workတွေနဲ့ လုပ်ပေးရတယ်။ ကျွန်မတို့လည်း အများကြီး ပြန်သင်ယူရပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ နောက်နှစ် တွေ့ဆုံခွင့်ရရင် leadership, communicationလည်း သင်ယူချင်ပါတယ်။

ဆရာမ ပိုပို – Three Good Spoonsက ပေးတဲ့သင်ခန်းစာခေါင်းစဉ်က အားလုံးထက်စာရင် နည်းနည်း ပိုခက်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဖွဲ့အစည်းကလူတွေဆို နားလည်ပေမယ့် အဖွဲ့အစည်းမှာ မပါဘူးတဲ့ ညီမတွေဆို ချက်ချင်း နားမလည်ကြဘူး။ ဒါပေမယ့် ပြည်တွင်းက အိမ်အကူအမျိုးသမီးတွေရဲ့ စိန်ခေါ်မှုတွေကို ပိုနားလည်မယ်လို့ ထင်ပါတယ်… Three Good Spoons နဲ့ အိမ်အကူ အသင်းအဖွဲ့အကြောင်းကို ရှင်းပြလို့ ရောသွားလို့ ခက်နိုင်ပါတယ်။ အချို့လည်း အသင်းဝင်ထားတယ်လို့ကြားရတယ်။ အသင်းဝင်တွေလည်း တိုးလာပြီးဆိုတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက ညီအမတွေ အချင်းချင်း အပြန်အလှန် ချိတ်ဆက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ပါဝင်ပေးတဲ့ ညီအမတွေ ကျေးဇူးတင်ပါတယ်။

နောက်နှစ်ကျရင် အမျိုးသမီး ကျန်းမာရေးအကြောင်း သင်ကြားချင်ပါတယ်။



ပုံ – *Three Good Spoons*

## Homenet Foundation (အကြံပြုချက်)

Homenet Thailand ဘန်ကောက်က လာပါတယ်၊ ကျွန်မနဲ့ ဇာနီက ထိုင်းနိုင်ငံမှာရှိတဲ့ ရွှေ့ပြောင်းအိမ်တွင်း အလုပ်သမား အဖွဲ့အစည်းမှာ ကျွန်မက ဥက္ကဋ္ဌဖြစ်တယ်။ ကျွန်မတို့ နှစ်ယောက်လုံးက အိမ်တွင်း အလုပ်သမားတွေ ဖြစ်တယ်။ ဇာနီလည်း လုပ်သက် အနှစ် ၂၀ရှိပြီ။ မြန်မာစကား မတတ်တော့ အဖွဲ့တွေ မတူကြပါဘူး။ Homenet အနေနဲ့ ဒီမှာလာပြီး ရရှိသွားတာကို ပြောပြချင်ပါတယ်။ ကျွန်မတို့ နှစ်ယောက် ဘန်ကောက်မှာနေပြီး အိမ်တွင်းအလုပ်သမားအဖြစ် စလုပ်ခဲ့ကြတာ နှစ်ပေါင်း အတော်ကြာတယ်။ ကျွန်မတို့က အိမ်တွင်းအလုပ်သမားတွေပဲ တွေ့ရတာများတယ်။ ဒီကိုရောက်တော့ အရမ်းပျော်တယ် ကောင်းတဲ့အချက်က ထိုင်းနိုင်ငံသာမက မြန်မာပြည်က အမျိုးသမီးတွေ၊ CSO, NGOs အဖွဲ့အစည်းက လူတွေအပြင် အခြားအဖွဲ့အစည်းက အမျိုးသမီးတွေဖြစ်ပြီး ကိုယ့်အရပ် အဖွဲ့အစည်းမှာ ခေါင်းဆောင်ဖြစ်တယ်.. နောက်ဆုံး ရာဘာခြစ်တဲ့ အမျိုးသမီးကိုလည်း တွေ့ရလို့ ဝမ်းသာတယ် ဒီလိုညီမလေးတွေလည်း ရှိပါလားဆိုပြီး ကိုယ့်ကိုကိုယ် ခွန်အားဖြစ်စေတယ်။

နေရာနဲ့အလုပ်က မတူညီပေမယ့် ကြုံတွေ့နေရတဲ့ ပြဿနာ တွေကတော့ ထပ်တူဖြစ်နေပါတယ်။ အလုပ်သမားတွေအပေါ်ချိုးဖောက်ခံရတာ၊ ဖိနှိပ်ခံရတာ စတာတွေကတော့ အတူတူဖြစ်နေပါတယ်။

ခေါင်းစဉ် ၄ ခုလုံးကြိုက်ပေမယ့် ရွေးလိုက်တဲ့ ခေါင်းစဉ်ကတော့ ပြောင်းလဲမှုအတွက်ခြေလှမ်းများ ခေါင်းစဉ်ဖြစ်ပါတယ်။ ကျမတို့ အဖွဲ့ထဲမှာဆိုရင်လည်း လိုအပ်တဲ့အရာတွေထည့်ရင် ပိုကောင်းမယ့်အရာတွေကို တိုင်ပင်ပြီး ထည့်သွင်းဆွေးနွေးလို့ရပါတယ်။

ကျမတို့အနေနဲ့ အိမ်တွင်းအလုပ်သမားတွေကြုံတွေ့ရတဲ့အခက်အခဲတစ်ခု က အိမ်ရှင်က ဥပဒေကို လိုက်နာမှုမရှိပဲနဲ့ လုပ်အားခငွေကို ပေးချင်သလိုပေးနေတာတွေရှိပါတယ်။ အလုပ်ရှင်ကတော့ ဥပဒေကို လိုက်နာဖို့ အစိုးရအနေနဲ့ စည်းကြပ်စေချင်ပါတယ်။

ခုနက ပြန်လည်သုံးသပ်ခြင်းအစီအစဉ်မှာ အွန်လိုင်းကနေ စစ်တမ်းကောက်ယူတာတွေ့တော့ သဘောကျ ပါတယ်။ ဒါပေမယ့် ကျမတို့ တွေ့ရှိခဲ့တာတော့ ဒီမှာရှိတဲ့ ညီအမ အချို့က ဒီ အွန်လိုင်းကနေ စစ်တမ်းကောက်တဲ့ google form ကို ဘယ်လိုဖြည့်ရမလဲ မသိပါဘူး။ များသောအားဖြင့် အိမ်တွင်းအလုပ်သမား တော်တော်များများက သူတို့ အိမ်ရှင်က ဝိုင်ဖိုင်ပဲ သုံးရတာကြောင့် နည်းနည်းအခက်အခဲရှိတာပေါ့နော်။ application အစား QR code ဖတ်ပြီးတော့ စစ်တမ်းကောက်ယူတာမျိုးတော့ ပိုအဆင်ပြေပါတယ်။ အိမ်တွင်းအလုပ်သမားတွေက scammer တွေကို ကြောက်တော့ google form link တွေပို့ရင် သူတို့မနှိပ်ရဲပါဘူး။ QR code ကတော့ပိုလုံခြုံမယ်ထင်ပါတယ်။

လာမယ့်နှစ်မှာဆိုရင်တော့ public speaking skills လူအများရှေ့မှာ တင်ပြပြောဆိုနည်းကို ထိထိရောက်ရောက်နဲ့ သင်ချင်ပါတယ်။ အဖွဲ့အလိုက်ကိုလည်း စွမ်းရည်မြှင့်တင်ခြင်း သင်တန်းကို သင်ချင်ပါတယ်။ MAP ကိုလည်း ကျမတို့ကို ဖိတ်ခေါ်ပေးတယ် ကြိုးစားပြီး ဘာသာပြန်ပေးတဲ့သူကိုကျေးဇူးတင်ပါတယ်။ ဒီငါးရက်တာမှာ အလွှာအသီးသီး အလုပ်နောက်ခံအသီးသီးက နောက် တိုင်းရင်းသားပေါင်းစုံ အမျိုးသမီးတွေကို ဒီတစ်နေရာထဲမှာ စုစည်းနိုင်တာကိုလည်း အံ့သြဝမ်းသာမိပါတယ်။ ကျမတို့ ၄ ယောက် က မတူညီတဲ့အဖွဲ့တစ်ဖွဲ့ဆီမှာ ပါဝင်ကြတာကြောင့် တနေ့တာ အဆုံးသတ်ချင်မှာ ၄ ယောက် တွေ့ဆုံပြီး ကျမတို့ သင်ယူခဲ့တဲ့ အကြောင်းအရာတွေကို ဆွေးနွေးဝေမျှပါတယ်။ ဒီက နည်းလမ်းခေါင်းစဉ်တွေကိုလည်း ပြန်လည် ဝေမျှပြီးတော့ ဆွေးနွေးကြပါမယ်။ ဥပမာ – ဘန်ကောက်က ကျမတို့ လက်ခံရတဲ့ လုပ်အားခက နည်းတယ်လို့ ထင်ပေမယ့် မဲဆောက်က အချို့ညီမလေးတွေ ရတဲ့ လုပ်အားခကတော့ ကျမတို့ထက် ပိုနည်းပါတယ်။

ဒီလိုအမျိုးအယောက် ၁၀၀ ကျော် ဆုံတွေ့ဖို့ဆိုတာ အရမ်းခဲယဉ်းပါတယ်။ တက်ရောက်တဲ့သူတွေကို ပြောချင်တာက ကိုယ့်သူငယ်ချင်းတွေကို စိတ်ရှည်ပေးပါ။ ဘာသာစကားအခက်အခဲကြောင့် သူတို့တွေအပေါ်ကို နားလည်ပေးပါလို့ ပြောချင်ပါတယ်။ အားလုံးကို တွေ့ရလို့ ဝမ်းသာတယ် ကျေးဇူးတင်တယ် အသိပညာတွေလည်း ရပါတယ်။




ပုံ – *Homenet Foundation*







**Chiang Mai Office**

9/34 Moo 1 Ing Doi Village,
Liab Klong Chonprathan Road,
Chang Phueak Subdistrict,
Mueang District, Chiang Mai 50300
THAILAND

**E-mail:** map@mapfoundationcm.org
**Phone:** 053-328134
**Website:** www.mapfoundationcm.org

Supported by

มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์
MAP FOUNDATION

fjs FOUNDATION FOR A JUST SOCIETY